နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြောကြားခဲ့သည့် မိန့်ခွန်းများ

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

ပုံနှိပ်မှတ်တမ်း

ပြန်ကြားရေးဝန်ကြီးဌာန	-	စာအုပ်အမှတ်စဉ် (၁၀ / ၂၀၂၃)
ထုတ်ဝေသည့်ခုနှစ်	-	၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ
ထုတ်ဝေသည့်အကြိမ်	-	ပထမအကြိမ်
အုပ်ရေ	-	၁၅၀၀ အုပ်
ပုံနှိပ်	-	ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောက် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

Public Notice for elimination of violence

1. **So called “CRPH”, “NUG” and “PDF” terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings “for the people”.**
2. **Not rendering encourage support and assistance to the “CRPH”, “NUG” and “PDF” terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.**
3. **Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြောကြားခဲ့သည့် မိန့်ခွန်းများ

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ)

မာတိကာ

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

မိန့်ခွန်းများ

၁။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း ၇

၂။ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့် ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများကို ဆွေးနွေးစဉ်ပြောကြားသည့်အမှာစကား ၁၃

၃။ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းထိန်းသိမ်းထားရှိမှုတို့အား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၁၇

၄။ (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲသို့ Video Message ဖြင့် ပေးပို့ပြောကြားသည့် ဂုဏ်ပြုအမှာစကား ၂၀

၅။ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၂၄

၆။ (၇၄) နှစ်မြောက်အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၂၈

၇။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၃၁

၈။ ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား ၃၅

၉။	မချမ်းဘေ့မြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုရန် ရဝမ်ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာစဉ် ပြောကြားသည့်အမှာစကား	၄၀
၁၀။	ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိ မြို့ဖများအား ပူတာအို လေဆိပ်ဧည့်ခန်းမဆောင်၌ ပြောကြားသည့်အမှာစကား	၄၃
၁၁။	မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား	၄၅
၁၂။	ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော် (လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားတွင် နိုင်ငံတော်နှင့် တပ်မတော်၏ လေကြောင်းစွမ်းပကားမြင့်မားစေရန်အတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား	၄၈
၁၃။	မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်တရားလွှတ်တော်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား	၅၅
၁၄။	တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း	၅၉
၁၅။	ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ (အင်းစိန်) မှ ဝန်ထမ်းများအား သွားရောက်တွေ့ဆုံပြောကြားသည့်အမှာစကား	၆၄
၁၆။	ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားတွင် ပြောကြားသည့် အမှာစကား	၆၈
၁၇။	ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မဂ်လာခန်းမတွင် ပြောကြားသည့်အမှာစကား	၇၁
၁၈။	(၇၅)နှစ်မြောက် စိန်ရတုတပ်မတော် (ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့်အမှာစကား	၇၆
၁၉။	(၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းတပ်တော်ဝင်ခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား	၈၁

■ ■ ■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) စျေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

(၂-၁၂-၂၀၂၂)

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၄) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ ၂ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့၊ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညွှန်ကြားကွပ်ကဲရေးမှူး (ကြည်း၊ရေလေ) ဗိုလ်ချုပ်ကြီး သီရိပျံချီမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများ ဖြစ်သည့် စစ်တက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည့်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က စစ်တက္ကသိုလ် ဗိုလ်လောင်းအမှတ်စဉ်(၆၄)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၀၃၅၅၊ ဗိုလ်လောင်းထွန်းလင်းကျော်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၀၄၂၂၊ ဗိုလ်လောင်း နေလင်းစိုး၊ စာပေထူးချွန်ဆု (ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၉၈၈၅၊ ဗိုလ်လောင်းဇွဲညီမင်းပိုင်၊ စာပေထူးချွန်ဆု (သိပ္ပံ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၂၁၄၊ ဗိုလ်လောင်း မျိုးမင်းအောင်၊ စာပေထူးချွန်ဆု (ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၂၂၄၄၊ ဗိုလ်လောင်း သူရိန်စိုးတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ပြည်သူကို ဦးဆောင်လက်တွဲ တိုက်ပွဲဝင်ခဲ့သည့် တပ်မတော်ဖြစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာ

သရေစည်သူ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် "တပ်မတော် (ကြည်း၊ ရေ၊ လေ) အတွက် လိုအပ်သည့် လက်ရုံးရည်နှလုံးရည်နှင့်ပြည့်စုံသော အရာရှိ ကောင်းများ မွေးထုတ်ပေးရန်" ဟူသည့် စစ်တက္ကသိုလ်၏ ရည်ရွယ်ချက်နှင့်အညီ တပ်မတော်၏ ခေါင်းဆောင်ငယ် များအဖြစ် မွေးထုတ်လိုက်ခြင်းသည် တိုင်းပြည်တာဝန်၊ နိုင်ငံ့တာဝန်ကို တပ်ရင်း၊ တပ်ဖွဲ့များတွင် အခြေခံကျကျ တာဝန်ထမ်းဆောင်နိုင်စေရန်ဖြစ်ကြောင်း၊ တပ်မတော် သည် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့သည့် တပ်မတော်ဖြစ်ကြောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) အဖြစ် တပ်မတော်၏ ဖခင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ဖွဲ့စည်းခဲ့ပြီး ဗမာ့ ကာကွယ်ရေးတပ်မတော် (BDA)၊ ဗမာ့အမျိုးသား တပ်မတော် (BNA)၊ မျိုးချစ်ဗမာ့တပ်မတော် (PBF)၊ ဗမာ့ တပ်မတော် (Burma Army) အဖြစ် အဆင့်ဆင့် ပြောင်းလဲ ဖွဲ့စည်းခဲ့ပြီးနယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး များမှ လွတ်လပ်ရေးရသည်အထိ ပြည်သူကိုဦးဆောင် လက်တွဲတိုက်ပွဲဝင်ခဲ့သည့် တပ်မတော်ဖြစ်ကြောင်း။

စစ်တက္ကသိုလ်မှ နိုင်ငံတော်တာဝန်များ ထမ်းဆောင် ရန်အတွက် လေ့ကျင့်သင်ကြား ပျိုးထောင်ပေးလိုက်ခြင်း သည် အခြေခံမျှသာဖြစ်ကြောင်း၊ မိမိတို့ရောက်ရှိ တာဝန် ထမ်းဆောင်ကြရမည့် လက်တွေ့နယ်ပယ်တွင် ယင်း ပညာရပ်များကိုအခြေခံပြီး လက်တွေ့ဘဝနှင့် ပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာ တွင် တပ်မတော်ကချမှတ်ထားသည့် ခေါင်းဆောင်မှု အင်္ဂါရပ် (၁၆) ရပ်နှင့်အညီ ကျင့်ကြံကြိုးစားလုပ်ဆောင်ရန် လိုအပ်ကြောင်း။

မိမိတို့တပ်မတော်သားများသည် တပ်မတော်၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်း ဥပဒေများကို တိတိကျကျလိုက်နာဆောင်ရွက်ကြရသည့်အပြင် နိုင်ငံ တော်က ချမှတ်ထားသည့်ဥပဒေနှင့် စည်းကမ်းများကို လည်း နိုင်ငံသားတစ်ဦးအနေဖြင့် လိုက်နာကြရသူများ ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတကာတွင် လက်ခံကျင့်သုံး နေသည့် စစ်ပွဲဆိုင်ရာ ဥပဒေသများကိုလည်း သိရှိ လိုက်နာကြရကြောင်း၊ တစ်ဦးချင်းတစ်ယောက်ချင်း စည်းကမ်းကောင်းမွန်မှုရှိမှသာ တပ်မတော်၏အားကို တည်ဆောက်နိုင်ပြီး တိုင်းရင်းသားပြည်သူ အားလုံး၏ ယုံကြည်ကိုးစားမှုကိုရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကိုလေးစား လိုက်နာမှု၊ စိတ်ဓာတ် စည်းကမ်း ကောင်းမွန်မှု၊ အမိန့်နာခံတတ်မှု များနှင့် မိမိတို့၏ဘဝကို ကြိုးစားမြှင့်တင် သွားကြရမည် ဖြစ်ကြောင်း၊ ထို့အပြင် စည်းကမ်းကောင်းသည့် တပ်မတော်၊ စည်းကမ်းရှိသည့် အဖွဲ့အစည်း၊ စည်းကမ်း အရာတွင် စံနမူနာဖြစ်သည့် အဖွဲ့အစည်းအဖြစ် တပ်မ တော်၏ အစဉ်လာကောင်းများကို ဆက်လက်ထိန်းသိမ်း ရန်လည်း မှာကြားလိုကြောင်း။

အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် နိုင်ငံတော်ကို ကာ ကွယ်စောင့်ရှောက်သွားကြရန်လို

တပ်မတော်သားများသည် သစ္စာလေးချက်ကို နေ့စဉ်ရွတ်ဆိုပြီး အဓိဋ္ဌာန်ပြုနေကြသူများဖြစ်ကြောင်း၊ မည်သူကပင် ကြားဝင်သွေးခွဲပြီး တပ်မတော်ပြိုကွဲအောင် သွေးဆောင်ဖြားယောင်းသည်ဖြစ်စေ မယိုင်မလဲ လေးနက်ခိုင်မာသည့် အမျိုးသားရေးစိတ်ဓာတ်အပြည့် ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သွားကြရန်လို သည်ဟု တိုက်တွန်း ပြောကြားလိုကြောင်း၊ လက်ရုံးရည် ပြည့်ဝစေရန် စဉ်ဆက်မပြတ် လေ့ကျင့်နေရမည်ဖြစ် သကဲ့သို့ နှလုံးရည်ပြည့်ဝစေရန်လည်း ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်၊ ဗဟုသုတများရရှိအောင် သုတ၊ ရသစာအုပ် စာပေများကိုအမြဲ ဖတ်ရှုလေ့လာနေရမည် ဖြစ်ကြောင်း။

စာပေကပေးသည့် အသိအမြင်၊ အတွေးအခေါ် များသည် စိတ်ဓာတ်ခံယူချက်များကို မြင့်တက်လာစေ မည်ဖြစ်သဖြင့် စာကောင်းပေမွန်များကို ဖတ်ရှုခြင်း အားဖြင့် မိမိကိုယ်ကို ထိန်းသိမ်းလာနိုင်ပြီး စိတ်ဓာတ် စည်းကမ်းများ ပိုမိုတိုးတက်ကောင်းမွန် လာမည်ဖြစ် ကြောင်း၊ တပ်မတော်တစ်ရပ်အရည်အချင်းပြည့်ဝရန် အတွက် လေ့ကျင့်ရေးသည် မရှိမဖြစ် လိုအပ်သည့် အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ မိမိတို့တပ်မတော်အတွက် အရေးကြီးဆုံး လုပ်ငန်းလည်း ဖြစ်ကြောင်း၊ "ချွေးထွက် များမှ သွေးထွက်နည်းမည်" ဟူသည့် လေ့ကျင့်ရေး ဆောင်ပုဒ်အတိုင်း မိမိကိုယ်ကိုလေ့ကျင့်သားပြည့်ဝသူ များဖြစ်အောင် အားထုတ် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊

"ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်ရမည်၊ ရဲစွမ်းသတ္တိရှိရမည်" ဟူသည့် တပ်မတော်၏ လေ့ကျင့်ရေးမူဝါဒများနှင့်အညီ စိတ်ပိုင်း၊ ရုပ်ပိုင်း အစဉ်ကြံ့ခိုင်မှုရှိအောင် စဉ်ဆက်မပြတ်လေ့ကျင့် နေကြရန်မှာကြားလိုကြောင်း၊ ထို့ကြောင့် "လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှယုံကြည်၊ ယုံကြည်မှရဲရင့်၊ ရဲရင့်မှအောင်ပွဲဆင်" ဟူသည့် ဆောင်ပုဒ်အတိုင်း အောင်မြင်မှု၏သော့ချက်ဖြစ်သည့် လေ့ကျင့်ရေးကို ပေါ့ပေါ့တန်တန်သဘောမထားဘဲ အလေးအနက်ထားကြိုးစားလုပ်ဆောင်သွားရန် မှာကြားလိုကြောင်း။

တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေး မူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဟူသည့် တပ်မတော်၏ အဓိကလုပ်ငန်းတာဝန် ၃ ရပ်ကို အစဉ်တစိုက်ထမ်းဆောင်လျက်ရှိကြောင်း။

နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးသည် အနိမ့်ဆုံးအဆင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် အမြင့်ဆုံးအဆင့် နိုင်ငံတော်၏ အမျိုးသားရေး တာဝန်ဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်ရန်ဖြစ်ပြီး တပ်မတော်သားများသည် ကိုယ်ပိုင်ဆန္ဒနှင့်အညီ အများအကျိုးအတွက် ကာကွယ်ရေးတာဝန် ထမ်းဆောင်နေခြင်းဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀ (စ) အရ ဒို့တာဝန်အရေးသုံးပါးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ (Guardian)အဖြစ် ယင်းတာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန် အဓိကတာဝန်ရှိကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်အတွက် အသက်ခန္ဓာသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို ယိမ်းယိုင်ပျက်စီးအောင် ပြုလုပ်လာသည့် အပြုအမူမှန်သမျှကို ဥပဒေနှင့်အညီ ကာကွယ်တားဆီးခြင်းသည် သမိုင်းပေးတာဝန်ထမ်းဆောင်ခြင်းသာဖြစ်ကြောင်း။

> **တပ်မတော်သားများသည် သစ္စာ လေးချက်ကို နေ့စဉ်ရွတ်ဆိုပြီး အဓိဋ္ဌာန် ပြုနေကြသူများဖြစ်၊ မည်သူကပင် ကြားဝင် သွေးခွဲပြီး တပ်မတော်ပြိုကွဲအောင် သွေးဆောင် ဖြားယောင်းသည်ဖြစ်စေ မယိုင်မလဲလေးနက် ခိုင်မာသည့် အမျိုးသားရေးစိတ်ဓာတ် အပြည့်ဖြင့် နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်သွားကြရန်လိုသည်ဟု တိုက်တွန်းပြောကြားလို၊ လက်ရုံးရည်ပြည့်ဝ စေရန် စဉ်ဆက်မပြတ် လေ့ကျင့်နေရမည် ဖြစ်သကဲ့သို့ နှလုံးရည်ပြည့်ဝစေရန်လည်း ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်၊ ဗဟုသုတများရရှိအောင်သုတ၊ ရသစာအုပ် စာပေများကို အမြဲဖတ်ရှုလေ့လာနေရမည်ဖြစ်။**

တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို ခေတ္တတာဝန်ယူနေစဉ်အတွင်း၌လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ကိုချမှတ်ကာ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်အဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် အားသွန်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်အဖြစ် ငြိမ်းချမ်းရေးအတွက် ယခုနှစ်မှ

စတင်၍ ခြေလှမ်းသစ်များဖြင့် ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုကြောင်း။

အရေးပေါ်အခြေအနေများအရ

တပ်မတော်ကပြည်သူလူထု လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ် ပေါ်ပေါက်စေရန်အတွက် ခိုင်ခိုင်မာမာ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် စတင်ကျင့်သုံးပြီးနောက်ပိုင်း အချို့နိုင်ငံရေးကိစ္စများတွင် အစိုးရနှင့်တပ်မတော်အကြား သဘောထားမတိုက်ဆိုင်သည်များ တွေရှိခဲ့သော်လည်း တိုင်းပြည်တိုးတက်ရေးအတွက် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် တပ်မတော်က နိုင်ငံရေးအရ ဖြစ်ပေါ်လာခဲ့သည့် အရေးပေါ် အခြေအနေများအရ နိုင်ငံ့တာဝန်ကို ခေတ္တတာဝန်ယူရပြီးနောက်ပိုင်းတွင် တိုင်းပြည်ပျက်စီးရာ ပျက်စီးကြောင်း လုပ်နေသည့်သူများကိုလည်း အရေးယူခဲ့ရသည်ကိုတွေ့ရှိရကြောင်း။

နိုင်ငံရေးအရ အရေးယူခြင်းမဟုတ်ဘဲ ၎င်းတို့ကျူးလွန်ခဲ့သည့် ဥပဒေချိုးဖောက်မှုများကြောင့်ပင် ဥပဒေအရသာ အရေးယူခဲ့ရခြင်းဖြစ်ကြောင်း၊ ဥပဒေအထက်တွင် မည်သူမျှမရှိသည်ကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံ့အကျိုးရှေးရှု

အလားတူ ဥပဒေကြောင်းအရ အရေးယူခဲ့သည့် သူအချို့ကိုလည်း အရေးယူပြီးနောက်ပိုင်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အတူပူးပေါင်းဆောင်ရွက်နိုင်စေရန်ပြစ်ဒဏ်လျော့ပေါ့ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းများအား ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံတော်အနေဖြင့် သဘောထားကြီးမားစွာနှင့် နိုင်ငံ့အကျိုးရှေးရှုပြီး ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည့် လာမည့်ဧရန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးရရှိသည်မှာ (၇၅) နှစ်တာကာလရောက်ရှိပြီဖြစ်ကြောင်း။

ချီးမြှင့်ခဲ့

လွတ်လပ်ရေးရရှိစဉ်မှစ၍ ယနေ့အထိ အစိုးရအမျိုးမျိုး၊ စနစ်အမျိုးမျိုးဖြင့် နိုင်ငံတော်ကို ကြိုးစားတည်ဆောက်ခဲ့ကြကြောင်း၊ နိုင်ငံတော်အကျိုးကို ကျရာတာဝန်မှ ကြိုးပမ်းဆောင်ရွက်ခဲ့ကြမှုများသည် သမိုင်းတွင် မှတ်တိုင်အဖြစ်ရှိနေကြကြောင်း၊ ထို့ကြောင့် (၇၅)နှစ်တာကာလအတွင်း နိုင်ငံအကျိုးသယ်ပိုးခဲ့သူများကို ထိုက်တန်စွာအသိအမှတ်ပြု ဂုဏ်ပြုသည့်အနေဖြင့် ဘွဲ့ထူး၊ ဂုဏ်ထူး၊ ဆုတံဆိပ်များကို နိုင်ငံတော်ကချီးမြှင့်ခဲ့ကြောင်း၊ မည်သို့သောသဘောထားကွဲလွဲမှုများဖြစ်ပါစေ နိုင်ငံအကျိုးဖော်ဆောင်ခဲ့သူများဖြစ်သည်ဆိုသည်ကို ပြောလိုကြောင်း။

(၇၅)နှစ်တာကာလအတွင်းတွင်လည်း နိုင်ငံရေးစနစ်အမျိုးမျိုးကျင့်သုံးခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဖြတ်သန်းခဲ့ရသည့် သမိုင်းအတွေ့အကြုံအရ မိမိတို့နိုင်ငံကို တည်ဆောက်ရာတွင် ပါတီစုံဒီမိုကရေစီစနစ်တစ်ခုတည်းနှင့်မပြည့်စုံဘဲ တိုင်းရင်းသားအားလုံး ပေါင်းစည်းနေထိုင်ပြီး အခွင့်အရေးမျှဝေခံစားနိုင်သည့် ပြည်ထောင်စုစနစ်တည်ဆောက်သွားခြင်းသည် မိမိတို့နိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူက ၎င်းတို့ကို ကိုယ်စားပြုသည့်သူများကို ကိုယ်တိုင်ရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ်ဆိုသည်မှာ မတူကွဲပြားနေသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆ သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ဟုဆိုရာတွင် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူများက ရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်တွင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများ အတူတကွ ပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အခြေခံဥပဒေအရ ပြဋ္ဌာန်းခွင့်များရရှိမည်ဖြစ်ကြောင်း။

မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တာဝန်ထမ်းဆောင်မှုမျိုးကိုမဆို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းထားသည့် ဥပဒေအတိုင်း လေးစားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရန်အခြေခံသည် လွတ်လပ်ပြီးတရား

မျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြစ်ကြောင်း၊ ရွေးကောက်ပွဲမှတစ်ဆင့် ရရှိလာသည့်ရလဒ်များ အရ လွှတ်တော်အသီးသီးနှင့် အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းတည်ဆောက်ပြီး နိုင်ငံတော်ယန္တရားကို လည်ပတ်ကြရကြောင်း။

ထို့ကြောင့် နောင်ပြုလုပ်မည့်ရွေးကောက်ပွဲများတွင် တိုင်းရင်းသားများ၊ ဒေသများနှင့် နိုင်ငံအနှံ့ လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုသည့်သူများ ဝင်ရောက်အရွေးချယ်ခံနိုင်ရန်နှင့် နိုင်ငံအနှံ့အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရန် လိုအပ်သည်ကို ပြောကြားလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံရေးလုပ်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်သည့် တိုင်းပြည်တည်ဆောက်ရေးကို ပုံဖော်နေခြင်းဖြစ်ကြောင်း။

လူမျိုးရေးခွဲခြားမှုမရှိ

ငြိမ်းချမ်းမှုမရှိသည့်ဒေသတွင် ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ အလှမ်းဝေးနေမည်ဖြစ်သကဲ့သို့ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များလည်း နိမ့်ကျနေမည်ပင်ဖြစ်ကြောင်း၊ တိုင်းရင်း သားပေါင်းစုံနှင့် စုစည်းထားသည့် မိမိတို့တပ်မတော်အနေဖြင့် လူမျိုးရေးခွဲခြားမှုဆိုသည်မှာ လုံးဝမရှိဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းရင်းသားများ၏ လူမှုအကျိုးစီးပွားတိုးတက်မှုကိုသာ အဓိကလိုလားသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တပ်မတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ကို ချမှတ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်အတူ အားသွန်ခွန်စိုက်ကြိုးပမ်းနေခြင်းဖြစ်ကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင်လည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ဟူသည့် အခြေခံအချက်နှစ်ခုအပေါ်တွင်အခြေခံပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လက်တွေ့ကျကျတိုးတက်လာနိုင်စေရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်

နောင်ပြုလုပ်မည့် ရွေးကောက်ပွဲများတွင် တိုင်းရင်းသားများ၊ ဒေသများနှင့် နိုင်ငံအနှံ့ လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုသည့်သူများ ဝင်ရောက် အရွေးချယ်ခံနိုင်ရန်နှင့် နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရန် လိုအပ်သည်ကို ပြောကြားလို၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးလုပ်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေး ဖြစ်သည့် တိုင်းပြည်တည်ဆောက်ရေးကို ပုံဖော်နေခြင်းဖြစ်။

ရှိရာတွင် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ဒေသနှင့် တိုင်းပြည်အတွက် ပကတိလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ ထိုသို့ဆွေးနွေးရာတွင်လည်း ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ရလဒ်ကောင်းများ ရရှိခဲ့ကြောင်း။

ထို့ပြင် နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံပြီး ဆောင်ရွက်သွားမည်ဖြစ်ခြင်းကြောင့် NCA မှာ လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်း တပ်မတော်အနေဖြင့် တံခါးဖွင့်ပေးထားပြီး ကြိုဆိုလျက်ရှိကြောင်း၊ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးမူဝါဒကို လေးစားတန်ဖိုးထားပြီး ပေါင်းစည်းညီညွတ်သော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖော်ဆောင်နိုင်ရန်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် မိမိကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ခေါင်းဆောင်ငယ်များဖြစ်လာကြမည့်သူများဖြစ်သည့်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ ကျင့်ကြံအားထုတ်နေထိုင်ပြီး အမိစစ်တက္ကသိုလ်၏

ဂုဏ်ကိုဆောင်နိုင်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် နောင်တစ်ခေတ်၏ ခေါင်းဆောင်ကောင်းများ ဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

အလေးပြုခြင်းကိုခံယူ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ်၊ ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် သင်တန်းတက်ရောက်ရသည့် လေးနှစ်တာကာလတစ်လျှောက်လုံး စာပေပညာ၊ စစ်ပညာတို့တွင် ကြိုးစားအားထုတ်ခဲ့မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိဘဝတိုးတက်မှုရှိစေရေး ကြိုးစားအားထုတ်နိုင်မှု၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှု၊ စည်းကမ်းကောင်းမွန်မှု စသည့်အခြေခံအလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် ဆက်လက်ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ကြောင်း၊ ကြိုးစားအားထုတ်မှုကို ဆက်လက်ထိန်းသိမ်းနိုင်မှုမရှိပါက ပန်းတိုင်မရောက်မီ လမ်းခုလတ်၌ ဆုံးရှုံးမှုများကိုဖြစ်ပေါ်စေနိုင်သည့်အတွက် မိမိတို့တစ်ဦးတစ်ယောက်ချင်း၏ မျှော်မှန်းချက်များ မဆုံးရှုံးစေရန်၊ တိုင်းပြည်နှင့် တပ်မတော်အတွက် ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် မိမိကိုယ်ကိုထိန်းသိမ်းနေထိုင်၍ ဆက်လက်ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

ခေါင်းဆောင်မှုကောင်းမှသာလျှင် နိုင်ငံတစ်ခု၊ တပ်မတော်တစ်ခုကို ဦးဆောင်နိုင်မည်ဖြစ်ပြီး နောက်လိုက်ကောင်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သင်ကြားပေးလိုက်သည့်ရလာဒ်ကောင်းများကို ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ ပြန်တမ်းဝင်အရာရှိခန့်အပ်ပွဲပြီးပါက Under-Training ကာလပြီးဆုံးပြီဖြစ်ပြီး မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်မှု Self-Control ဖြင့်သာ ဘဝကိုလျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို စောင့်ထိန်းနိုင်မှုသည် အရေးကြီးပြီး စောင့်ထိန်းနိုင်မှုမရှိခြင်းကြောင့် ဆုံးရှုံးမှုကြီးမားခဲ့မှုများ များစွာရှိကြောင်း။

ထူးချွန်ဆုရ ဗိုလ်လောင်းများ၏ မိဘများသည် တောင်သူလယ်သမားများ၊ သာမန်အခြေခံမိသားစုများပင်ဖြစ်သည်ကိုတွေ့ရှိရပြီး ယခုကဲ့သို့ ထူးချွန်ထက်မြက်သူများ ဖြစ်လာစေရေး ငယ်စဉ်ကတည်းကပင် ကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့သည့် မိဘများ၏ကျေးဇူးကိုသိတတ်ရန်နှင့် ကျေးဇူးဆပ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူဗိုလ်လောင်းသင်တန်း လေးနှစ်တာကာလအတွင်း တပ်မတော်၏ ခေါင်းဆောင်ငယ်များဖြစ်လာစေရေး လေ့ကျင့်မွေးထုတ်ပေးခဲ့သည့် တပ်မတော်နှင့် အမိစစ်တက္ကသိုလ်၏ ကျေးဇူးကိုလည်း မမေ့ရန်လိုကြောင်း၊ မိဘများ၏စကားကို နားထောင်ခြင်း၊ မိဘကို စိတ်ချမ်းသာအောင်ထားရှိခြင်း၊ မိမိတတ်နိုင်သရွေ့ ကျွေးမွေးစောင့်ရှောက်ခြင်းတို့သည် မိဘကျေးဇူးကိုဆပ်ခြင်းပင်ဖြစ်သကဲ့သို့ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ခြင်း၊ စစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံခြင်းအားဖြင့်လည်း နိုင်ငံတော်နှင့်တပ်မတော်၏ ကျေးဇူးကိုဆပ်ရာရောက်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရတနာသုံးပါးလည်းမမေ့ရန်နှင့် စောင့်ထိန်းအပ်သည်များကို စောင့်ထိန်းလိုက်နာရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

ရှေ့ဆက်လျှောက်လှမ်းရမည့် ဘဝတစ်လျှောက်လုံးတွင် မိမိကိုယ်ကိုအလိုမလိုက်ရန်နှင့် မိမိလက်အောက်ကိုလည်း အလိုမလိုက်ရန်လိုကြောင်း၊ ခေါင်းဆောင်ကောင်းတစ်ယောက်ပီသစွာဖြင့် စံနမူနာပြုဖြစ်အောင်နေထိုင်ပြုမူပြီး မိမိလက်အောက်ကို ထိန်းသိမ်းစောင့်ရှောက်ကာ လိုအပ်သည်များ ထိန်းကျောင်းပေးရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

■ ■ ■

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့် ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများကို ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

(၂-၁၂-၂၀၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၂ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များအား ပြင်ဦးလွင်မြို့မြို့တော်ခန်းမ၌တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများကို ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှမိုးနှင့် ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကော်ဖီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ပြင်ဦးလွင်ဒေသ၌ စိုက်ပျိုးမြေအသုံးချထားရှိမှု၊ မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိမှုနှင့် အထွေထွေလိုအပ်ချက်များ တင်ပြဆွေးနွေး

ဦးစွာ စိုက်ပျိုးရေးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင်ထွန်းက မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိမှု၊ ပြင်ဦးလွင်မြို့နယ်အတွင်း ကော်ဖီနှင့်အခြားသီးနှံများ စိုက်ပျိုးထားရှိမှု၊ စိုက်ပျိုးမြေအသုံးချထားရှိမှုနှင့် မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိမှု၊ ကော်ဖီစိုက်ပျိုးရန်ခွင့်ပြုထားသည့် စိုက်ပျိုးမြေများပေါ်တွင် ကော်ဖီများစနစ်တကျစိုက်ပျိုးရေးစည်းကမ်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်ဖီလုပ်ငန်းရှင်များက ပြည်တွင်းမှထွက်ရှိသည့်ကော်ဖီများ ပြည်တွင်းနှင့် ပြည်ပဈေးကွက်သို့ ဖြန့်ဖြူးရောင်းချလျက်ရှိမှု၊ ကော်ဖီထုတ်လုပ်မှုလုပ်ငန်းအတွက် ဆောင်ရွက်ပေးရန်လိုအပ်မှု၊ ကော်ဖီစိုက်ပျိုးမြေများတွင် စိုက်ပျိုးရေး၊ ထုတ်လုပ်ရေးနှင့်ပတ်သက်၍ သတ်မှတ်အဆောက်အဦးများဆောက်လုပ်မှုအပေါ် စနစ်တကျဖြင့် ပြန်လည်စိစစ်ပေးရန်လိုအပ်မှု၊ ကော်ဖီထွက်ကုန်များအပေါ် သင့်လျော်သည့် အခွန်သက်သာခွင့်ရရှိရန်လိုအပ်မှု၊ လုပ်ငန်းသုံးမော်တော်ယာဉ်များကိစ္စ၊ ကော်ဖီများစိုက်ပျိုးလျက်ရှိမှုနှင့် မတည်ချေးငွေများပံ့ပိုးပေးရန်လိုအပ်မှုတို့နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးပြောကြား

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကော်ဖီစီမံကိန်းကို တပ်မတော်အစိုးရလက်ထက်ကတည်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းအောင်မြင်စေရန်အတွက် မိမိတာဝန်ယူဆောင်ရွက်ချိန်တွင် ပြန်လည်စိစစ်ဆောင်ရွက်ခဲ့ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကော်ဖီစီမံကိန်းမြေများတွင် ကော်ဖီစိုက်ဧကများအလိုက် ပြည့်ဝစွာစိုက်ပျိုးရန်နှင့် စည်းကမ်းတကျရှိစေရေး စည်းမျဉ်းစည်းကမ်း၊ ဥပဒေများနှင့်အညီ စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

ပြင်ဦးလွင်ဒေသကော်ဖီစိုက်ပျိုးရေးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသစီးပွားရေးကို အထောက်အကူပြုသည့် လုပ်ငန်းဖြစ်သဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကော်ဖီစိုက်ပျိုးရေးနှင့်ပတ်သက်သည့် ECO Tourism ဖြစ်မြောက်စေရေးနှင့် အခွန်ကိစ္စများကို စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ GAP လက်မှတ်များကို စည်းကမ်းနှင့်အညီ စနစ်တကျထုတ်ပေးလျက်ရှိကြောင်းနှင့် အလေ့အကျင့်ကောင်းများ ရရှိလာသည်နှင့်အညီ ဖြေလျှော့မှုများပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးများက ပြင်ဦးလွင်မြို့နယ်အတွင်း ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြ

ထို့နောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီတို့က ပြင်ဦးလွင်မြို့နယ်အတွင်း ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ လုပ်ငန်းရှင်များတင်ပြသည့် လိုအပ်ချက်များကို အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ကော်ဖီစိုက်ပျိုးရန် ရယူထားသည့် မြေဧရိယာများအား အမှန်တကယ်စိုက်ပျိုးမှုရှိရန်နှင့် အခြားနည်းဖြင့်အသုံးချမှုမရှိရန် လိုအပ်သည့်အခြေအနေများ၊ အမှန်တကယ်စိုက်ပျိုးမှုမရှိသည့် စာချုပ်ပါစည်းကမ်းများအား လိုက်နာခြင်းမရှိသည့် လုပ်ငန်းရှင်များ ပိုင်ဆိုင်သည့် ကော်ဖီစိုက်မြေဧရိယာများအား သတိပေးချက်များ အကြိမ်ကြိမ်ထုတ်ပြန်၍ ကြပ်မတ်ဆောင်ရွက်ခဲ့ရသည့်အခြေအနေများ၊ ကော်ဖီစိုက်ပျိုးရာတွင် လိုအပ်သည့် နည်းပညာနှင့် သွင်းအားစုများ၊ အရင်းအနှီးများအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းရယူရန် လိုအပ်သည့်အခြေအနေများကို တင်ပြကြသည်။

ပြည်တွင်းမှရရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံအဝန်းလိုက်လံကြည့်ရှုအားပေးဆောင်ရွက်လျက်ရှိရာ ၁၀ ကြိမ်ခန့်ရှိပြီဖြစ်ကြောင်းနှင့် ယင်းလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များကို မကြာခဏတွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးခြင်း၊ ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်း စသည့် အချက်လေးချက်ဖြင့် ပြည့်စုံရန်လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုဟူ၍ ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့ရာတွင် ကုန်ကြမ်းအခက်အခဲရှိမှု၊ လူသားအရင်းအမြစ်ကောင်းများ လိုအပ်မှုတို့ကိုတင်ပြကြကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သည့်ကုန်ကြမ်းကို ပြည်တွင်းမှ ကုန်ကြမ်းအစားပြည်ပမှ မှာယူသုံးစွဲနေပါက အခက်အခဲများဖြစ်ပေါ်စေနိုင်မည်ဖြစ်ပြီး စဉ်ဆက်မပြတ်သည့် ထုတ်လုပ်မှုဖြစ်နိုင်ရန် ခက်ခဲမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းမှ ရရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း။

မျိုး၊ မြေ၊ ရေ၊ နည်း

စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေကောင်းမွန်ရေး၊ ရေလုံလောက်စွာရရှိရေးနှင့် စိုက်ပျိုးနည်းစနစ်များမှန်ကန်ရန် အဓိကလိုအပ်ကြောင်း၊ ကော်ဖီနှင့်ပတ်သက်၍ စိုက်ပျိုးရေးအပိုင်း၊ ထုတ်လုပ်ရေးအပိုင်း၊ ရောင်းဝယ်ရေးအပိုင်းဟူ၍ ရှိမည်

တစ်နိုင်ငံလုံးတွင် ကော်ဖီစိုက်ဧက ၄၉၀၀၀ ခန့်ရှိပြီး တစ်ဧကအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ရရှိလာသည့်အကျိုးအမြတ်သည်လည်း ကွာခြားသွားမည်ဖြစ်၊ စိုက်ဧကတိုးချဲ့ခြင်းထက် အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းကို ပိုမိုအားပေးလို၊ အထွက်နှုန်းများ တိုးတက်လာမည်ဆိုပါက ကော်ဖီမှရရှိသည့် ငွေကြေးများစွာတိုးတက်လာမည်ဖြစ်ပြီး စိုက်ပျိုးတောင်သူများ၏ တစ်ဦးချင်းဝင်ငွေများ တိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဝင်ငွေလည်းတိုးတက်လာမည်ဖြစ်၊ ကော်ဖီထွက်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများလည်း တိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်။

ဖြစ်ပြီး စတင်စိုက်ပျိုးမှုမစတင်မီကပင် ရေရှည်ကိုကြည့်၍ ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ဧကအတွင်း ဝင်ဆံ့နိုင်မည့် အပင်အရေအတွက် ပြည့်မီမှန်ကန်မှုရှိစေရေး၊ ကုန်ထုတ်လမ်းများပါဝင်ရေးတို့ကအစ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးမှသာလျှင် အထွက်နှုန်းနှင့် အရည်အသွေးလည်း ကောင်းမွန်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများ ကောင်းမွန်ရေးအတွက် မြေပြင်ဆင်မှုများကိုလည်း ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ကော်ဖီသည် စိုစွတ်သောရာသီဥတုကိုကြိုက်နှစ်သက်ပြီး ရေရရှိမှုလည်းပြည့်မီရန်လိုကြောင်း၊ ဓာတ်မြေသြဇာကျွေးမွေးမှုလည်း စနစ်ကျန၍ မှန်ကန်ရမည်ဖြစ်ပြီး မြေသြဇာအတွက် ဒေသတွင်းမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများဖြင့် ဇီဝမြေသြဇာများပြုလုပ်ကာ အကျိုးရှိရှိအသုံးချစေလိုကြောင်း၊ စိုက်နည်းစနစ်များလည်း မှန်မှန်ကန်ကန်ဖြစ်စေလိုကြောင်း၊ ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းသည် အရင်းအနှီးများ၍ ကာလရှည်လုပ်ငန်းဖြစ်ပြီး အချိန်တစ်ခုပေးရသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အောင်မြင်အောင်လုပ်ဆောင်ရမည်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပစျေးကွက်များကိုလည်း အမြဲမပြတ်လေ့လာနေရန်လိုကြောင်း။

ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ သာမန်စိုက်ပျိုးမှုဖြင့် ကျေနပ်နေ၍မရဘဲ စနစ်ကျနသည့် စိုက်ပျိုးမှုစနစ်ရှိရမည်ဖြစ်သကဲ့သို့ လိုအပ်သည့်သွင်းအားစုများကိုလည်း မှန်မှန်ကန်ကန်ထည့်သွင်းရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးမှသာလျှင် အရည်အသွေးကောင်းမွန်သည့် ကော်ဖီရရှိမည်ဖြစ်ပြီး ကော်ဖီထုတ်ကုန်များ စျေးကွက်ရရှိရေးနှင့် အရည်အသွေးမြင့်ထုတ်ကုန်ဖြစ်စေရေး အစိုးရကဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ဒေသနှင့်တိုင်းပြည်အတွက် အကျိုးရှိသည့်လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်

မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးထုတ်ကုန်များစွာရှိပြီး ရာသီသီးနှံ၊ နှစ်ရှည်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံဟူ၍ရှိကြောင်း၊ ကော်ဖီသည်နှစ်ရှည်သီးနှံတွင်ပါရှိပြီး ကမ္ဘာနှင့်အဝန်းသောက်သုံးကြသည့် စျေးကွက်ရှိသည့်သီးနှံတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် အောင်မြင်အောင်ဆောင်ရွက်မည်ဆိုပါက ကော်ဖီသည် တိုင်းပြည်အတွက်၊ ဒေသအတွက် အကျိုးရှိမည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိုက်ပျိုးရန်လည်း လိုအပ်မည်ဖြစ်ပြီး ထိထိရောက်ရောက်ဖြင့်အောင်မြင်အောင်လုပ်ဆောင်ကြစေလိုကြောင်း။

မိမိတို့ တစ်နိုင်ငံလုံးတွင် ကော်ဖီစိုက်ဧက ၄၉၀၀၀ ခန့်ရှိပြီး တစ်ဧကအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ရရှိလာသည့်အကျိုးအမြတ်သည်လည်း ကွာခြားသွားမည်ဖြစ်ကြောင်း၊ စိုက်ဧက တိုးချဲ့ခြင်းထက် အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းကို ပိုမိုအားပေးလိုကြောင်း၊ အထွက်နှုန်းများ တိုးတက်လာမည်ဆိုပါက ကော်ဖီမှရရှိသည့် ငွေကြေးများစွာတိုးတက်လာမည်ဖြစ်ပြီး စိုက်ပျိုးတောင်သူများ၏ တစ်ဦးချင်းဝင်ငွေများ တိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဝင်ငွေလည်းတိုးတက်လာမည်ဖြစ်ကြောင်း၊ ကော်ဖီထွက်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများလည်း တိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ

အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များကို ပြည်တွင်း၌ပင် တန်ဖိုးမြင့်ကုန်ချောအဖြစ် ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ပါက ယခုထက်ပိုမိုအကျိုး ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြန်မာ့ကော်ဖီဈေးကွက် ရရှိရေး မိမိအနေဖြင့် စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးအတွက် ကြော်ငြာခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လို ကြောင်း၊ ဈေးကွက်လိုအပ်ချက်ကို ပြည့်မီနိုင်ရေးအတွက် လည်း ထုတ်လုပ်မှုများကို အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းစားသုံးမှုကိုသာ မက ပြည်ပသို့တင်ပို့မှုအတွက်ပါ အရည်အသွေး ပြည့်မီ အောင်ဆောင်ရွက်ရန်လိုကြောင်း၊ GAP နှင့် ISO လက်မှတ် များလည်း ရရှိအောင် လုပ်ရန်လိုအပ်မည်ဖြစ်ကြောင်း။

ပြည်တွင်းကုန်ထုတ်လုပ်မှုအားပေးနိုင်ရန်၊ ပြည်ပ သွင်းကုန်အစားထိုးရန်၊ ပြည်ပပို့ကုန်ရရှိစေရန် စသည့် အချက်သုံးချက်ကိုရည်ရွယ်၍ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ချေးငွေနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများထက် သက်သာသောအတိုး နှုန်းထားဖြင့် နိုင်ငံတော်မှဆောင်ရွက်ပေးထားခြင်းဖြစ် ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်း ချေးငွေများထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း၊ ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများအတွက် လည်း ထိုက်သင့်သည့် အတိုးနှုန်းဖြင့် ချေးငွေများ ထုတ် ချေးပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်ပမှ စက်သုံးဆီနှင့်စားသုံးဆီ များ နှစ်စဉ်တင်သွင်းနေရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း များအတွက် စက်သုံးဆီနှင့် ဓာတ်မြေသြဇာများကို ပြည်ပ မှ တင်သွင်းရခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌ ဓာတ်မြေသြဇာ များ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝမြေသြဇာ များ အသုံးပြုရန်လည်း တိုက်တွန်းလိုကြောင်း၊ ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိ အနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

■ ■ ■

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း ထိန်းသိမ်းထားရှိမှုတို့အား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

(၂-၁၂-၂၀၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ(၂)ရက်နေ့ မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာ ဥယျာဉ်ရှင်းလင်းဆောင်ခန်းမတွင် ဥယျာဉ်မှတာဝန်ရှိသူများက အမျိုးသားကန်တော်ကြီးဥယျာဉ်ဆိုင်ရာအချက်အလက်များ၊ ဥယျာဉ်အတွင်းရှိ ရေကန်များ၌ သစ်ပင်သစ်တောများ ပြုန်းတီးခြင်းကြောင့် ရေအရင်းအမြစ်များအားနည်းလာခြင်း၊ သဘာဝရေထွက်များမှ ရေထွက်ရှိမှုမရှိခြင်း၊ ဒေသတွင်းအပူချိန်နှုန်းထားမြင့်မားလာခြင်း၊ ရေဝင်ပေါက်များမှ ရေဝင်ရောက်မှုအားနည်းခြင်းနှင့် အခြားအကြောင်း အမျိုးမျိုးကြောင့် ဥယျာဉ်အတွင်းရှိ ရေကန်များတွင် ရေခန်းခြောက်မှုများ ကြုံတွေ့ခဲ့ရသည့် အခြေအနေများ၊ ထိုသို့ ကြုံတွေ့ခဲ့ရမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ်အတွင်း လာရောက်ခဲ့သည့် ခရီးစဉ်လမ်းညွှန်ချက်နှင့်အညီ ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရေကန်များသို့ ရေဝင်ရောက်သည့်

ရေဝင်ပေါက်များ၊ စိမ့်စမ်းနေရာများ၊ မြေအောက်ရေနုတ်မြောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ ရေလမ်းကြောင်းထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့မှုကြောင့် ရေဝင်ပေါက်များမှ ရေများပြန်လည်စီးဝင်လျက်ရှိသည့် အခြေအနေများ၊ ဥယျာဉ်သန့်ရှင်းသာယာလှပရေးအတွက် ဥယျာဉ်ဝန်ထမ်းများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ၁၅ ကြိမ်မြောက် ပန်းပွဲတော်ကျင်းပပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကန်တော်ကြီးဥယျာဉ်သည် ဥယျာဉ်အတွင်းရှိကန်များ၌ ရေများပြည့်လျှံပြီး သစ်ပင်ပန်းမန်အလှအပများဖြင့် လှပနေသည့်အတွက် ယင်းရေကန်ကြီးကိုအစွဲပြုပြီး ကန်တော်ကြီးဥယျာဉ်ဟု ခေါ်ဆိုခြင်းဖြစ်ကြောင်း၊ ဥယျာဉ်၏ အသက်သည် ရေကန်များပင်ဖြစ်ကြောင်း၊ ဥယျာဉ်သို့ လာရောက်လည်ပတ်သူများကို အဓိကဆွဲဆောင်ထားသည့် ရေကန်များသာယာလှပရန်နှင့် ရေကိုစနစ်တကျ ထိန်းသိမ်းထားရှိမှသာလျှင် လာရောက်လည်ပတ်သူများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ရေဝင်ရောက်ရန်နှင့် ရေကိုထိန်းသိမ်းနိုင်ရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်၍ ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

ဆွေးနွေးမှာကြား

ရေကန်တို့တွင် လူလုပ်ရေကန်နှင့် သဘာဝအလျောက်ဖြစ်ပေါ်နေသည့် ရေကန်ဟူ၍ရှိပြီး ကန်တော်ကြီး ဥယျာဉ်အတွင်းရှိရေကန်များသည် နှစ်မျိုးလုံးပေါင်းစပ်ထားရှိသည့် ရေကန်အမျိုးအစားများဖြစ်ကြောင်း၊ ယင်းကို ပန်းခြံများဖြင့် အလှဆင်ထားခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့ကို တောင်ပေါ် အပန်းဖြေမြို့တော်၊ ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဟု ခေါ်ဆိုကြသည်နှင့်အညီ ဒေသမျိုးရင်းပန်းများ ဥယျာဉ်အတွင်းမြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဖူးပွင့်လှပနေစေရေး ဖော်ထုတ်စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ဒေသမျိုးကို ထိန်းသိမ်းနိုင်ရန်နှင့် ခိုင်မာမှုရှိရန် ပန်းသုတေသနခြံကိုလည်းဆောင်ရွက်ရန်လိုကြောင်း၊ ဆယ့်နှစ်လရာသီပတ်လုံးဖူးပွင့်နိုင်သည့် ပန်းမျိုးစုံရှိသည့်အတွက် ဒေသသို့လာရောက်သည့် ခရီးသွားအပန်းဖြေသူ ဧည့်သည်များ မည်သည့်အချိန်တွင် လာရောက်သည်ဖြစ်စေ စိတ်ချမ်းသာမှုရှိစေရေး ပန်းများအမြဲမပြတ်ဖူးပွင့်လှပနေအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပန်းတို့၏ သဘောသည် လူကိုလန်းဆန်းစေပြီး ကန်ရေပြင်နှင့် အေးမြလတ်ဆတ်သည့် ရေထု၊ လေထုတို့ဖြင့် မြို့ကို လာရောက်သူများ စိတ်အေးချမ်းမှုရရှိစေရန် ပေးစွမ်းနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကန်တော်ကြီးဥယျာဉ် စိမ်းလန်းစိုပြည်စေရေး၊ ရေကန်များ ရေဝင်ရေထွက်ကောင်းမွန်စေရေး တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကန်တော်လေးရေပိုလွှဲ

ကန်တော်ကြီးဥယျာဉ်သည် ဥယျာဉ်အတွင်းရှိကန်များ၌ ရေများပြည့်လျှံပြီး သစ်ပင်ပန်းမန်အလှအပများဖြင့် လှပနေသည့်အတွက် ယင်းရေကန်ကြီးကိုအစွဲပြုပြီး ကန်တော်ကြီးဥယျာဉ်ဟု ခေါ်ဆိုခြင်းဖြစ်၊ ဥယျာဉ်၏ အသက်သည် ရေကန်များပင်ဖြစ်၊ ဥယျာဉ်သို့ လာရောက်လည်ပတ်သူများကို အဓိကဆွဲဆောင်ထားသည့် ရေကန်များသာယာလှပရန်နှင့် ရေကိုစနစ်တကျ ထိန်းသိမ်းထားရှိမှသာလျှင် လာရောက်လည်ပတ်သူများကို ဆွဲဆောင်နိုင်မည်ဖြစ်၊ ရေဝင်ရောက်ရန်နှင့် ရေကို ထိန်းသိမ်းနိုင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်၍ ဝိုင်းဝန်းဆောင်ရွက်ကြရန်လို။

တိုးချဲ့တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ အမျိုးသားကန်တော်ကြီးဥယျာဉ်တော် အတွင်းရှိ ရေကန်များသို့ ယခင်နှစ်ပိုင်းက ရေဝင်ရောက်မှုများ နည်းပါးနေသည့်အတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလ၊ ၂၀၂၂ ခုနှစ် ဧပြီလတို့အတွင်း ပြင်ဦးလွင်မြို့သို့လာရောက်သည့်ခရီးစဉ်များတွင် ကန်တော်ကြီးရေကန်များ၏ ရေဝေရေလဲကောင်းမွန်စေရေးနှင့် ရေဝင်ရောက်မှုများ များပြားစေရေးအတွက် ဥယျာဉ်တော်အတွင်းနှင့် ရေဝေရေလဲဧရိယာအတွင်းရှိ ညောင်နီရေထွက်အပါအဝင် သဘာဝရေထွက်များကို လိုက်လံကြည့်ရှုလမ်းညွှန်မှာကြားချက်အရ သက်ဆိုင်ရာဌာနများက ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် ကန်တော်ကြီးအတွင်း ရေဝင်ရောက်မှုမှာ ယခင်နှစ် စစ်ဆေးစဉ် ရေလျှောင်ကန်အတွင်း ကန်ရေအနက်ပေ ၁၆ ပေသာရှိခဲ့ရာမှ ယခုအခါတွင် ၃၁ ဒသမ ၈ ပေသို့ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် ကန်အမှတ် ၁ တွင် ရေပြည့်အမှတ် ၆ ပေရှိသည့်အနက် လက်ရှိရေအမှတ် ၆ ဒဿမ ၅ ပေ၊ ကန်အမှတ် ၂ တွင် ရေပြည့်အမှတ် ၇ ပေရှိသည့်အနက် လက်ရှိရေအမှတ် ၇ ပေ၊ ကန်အမှတ် ၃ တွင် ရေပြည့်အမှတ် ၁၁ ပေ ရှိသည့်အနက် လက်ရှိရေအမှတ် ၈ ဒဿမ ၈ ပေရှိကြောင်းသိရှိရပြီး ရေအရင်းအမြစ် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းတွင်လည်း ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) သမိုင်းအကျဉ်း၊ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ အများပြည်သူများ လာရောက်အပန်းဖြေမှု အခြေအနေများ၊ တောတွင်းလျှောက်လမ်းများတိုးချဲ့ရန် ဆောင်ရွက်နေမှုနှင့် Sky Cable တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အပန်းဖြေစခန်းအတွင်းပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရေးအတွက် အမြဲသန့်ရှင်းသာယာလှပအောင်ဆောင်ရွက်ရန်နှင့် တောတွင်းလျှောက်လမ်းများတွင် ရေညှိများကပ်ငြိမှုမရှိစေရေး စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Sky Cable တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) အတွင်း လှည့်လည်ကြည့်ရှုကာ လာရောက်အပန်းဖြေ အနားယူနေကြသည့် ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဆင်ကလေးများ၏ ကျွမ်းကျင်မှုနှင့် အလှပြ ပြကွက်များကို ကြည့်ရှုအားပေးကာ အစာကျွေးကြပြီး ချီးမြှင့်ငွေများပေးအပ်သည်။ ၎င်းနောက်ရေတံခွန်သို့ လာရောက်လည်ပတ်အပန်းဖြေသူများ သဘာဝတောတွင်း အလှအပများကို လှည့်လည်ကြည့်ရှုနိုင်ရန် ဖောက်လုပ်ထားသည့် တောတွင်းလျှောက်လမ်းအား လှည့်လည်ကြည့်ရှုပြီး Sky Cable ဆင်းသက်မည့် နေရာ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

■ ■ ■

(၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ Video Message ဖြင့် ပေးပို့ပြောကြားသည့် ဂုဏ်ပြုအမှာစကား

(၈-၁၂-၂၀၂၂)

ဒီဇင်ဘာလ(၈)ရက်နေ့ စတင်ကျင်းပတဲ့ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ မြန်မာ့တိုင်းရင်းဆေးသမားတော်များနဲ့ နှီးနွယ်ပညာရှင် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။

ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်ကစပြီး နှစ်စဉ်နှစ်တိုင်း အခုလိုအေးမြတဲ့ဥတုရာသီကာလမှာ မြန်မာတိုင်းရင်းဆေးသမားတော်များနဲ့ နှီးနွယ်ပညာရှင်များ၊ ပျော်ရွှင်ချမ်းမြေ့စွာ၊ ချစ်ခင်ရင်းနှီးစွာ ဆုံတွေ့ကြပြီး အသိပညာနဲ့အတွေ့အကြုံတွေ ဖလှယ်ခွင့်ရရှိခဲ့တာ အခုနှစ်ဆိုလျှင် (၂၁)ကြိမ်မြောက်ခဲ့ပြီဖြစ်ပါတယ်။

နိုင်ငံတစ်ဝန်းမှာရှိတဲ့ တိုင်းရင်းဆေးသမားတော်မျိုးဆက်အဆင့်ဆင့်တွေ နှစ်စဉ်မပျက်မကွက်တက်ရောက်ခဲ့ကြတဲ့ အစဉ်အလာအတိုင်း အခုနှစ်မှာလည်း မြန်မာ့တိုင်းရင်းဆေးပညာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းဆေးသမားတော်များစုံစုံညီညီ ပါဝင်တက်ရောက်၊ ဆွေးနွေးညှိနှိုင်း၊ တိုင်ပင်ကြမယ့် ညီလာခံအခါသမယမှာ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ကြည်နူးဝမ်းမြောက်စွာနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာဟာ ရှေးဘုရင်များ

> **ကမ္ဘာတစ်ဝန်းလုံးရင်ဆိုင်နေရတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဟာ ဗီဇမျိုးကွဲအမျိုးမျိုး ပြောင်းလဲပြီး ကူးစက်မှုနှုန်းမြန်ဆန်ရုံသာမက အချိန်တိုအတွင်း ကင်းစင်ပပျောက်စေနိုင်မယ့် ရောဂါမျိုးမဟုတ်ဘဲ ဆက်လက်တည်ရှိ နေနိုင်သေးတာကြောင့် နိုင်ငံတကာမှာသူတို့ရဲ့ တိုင်းရင်းဆေးနဲ့ ကာကွယ်ကုသနိုင်ဖို့ ဆောင်ရွက်နေကြတဲ့နည်းတူ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ကာကွယ်ကုသနိုင်မယ့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။**

လက်ထက် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ပင်းယ၊ ကုန်းဘောင်စတဲ့ ခေတ်အဆက်ဆက်ကတည်းက ထွန်းကားလာခဲ့တဲ့ ဆေးပညာ တစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ အားကိုးယုံကြည်စွာနဲ့ လက်ဆင့်ကမ်းသုံးစွဲခဲ့ကြတဲ့ ဆေးပညာလည်း ဖြစ်ပါတယ်။ မြန်မာလူမျိုးတို့ဟာ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ နေထိုင်ကြကာ ကျန်းမာအသက်ရှည်ခဲ့ကြပြီး နိုင်ငံကိုကာကွယ်စောင့်ရှောက် နိုင်ခဲ့ကြပါတယ်။ မြန်မာ့ဆေးပညာဟာ နယကြီးလေးပါးနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာဖြစ်တဲ့အတွက် မြန်မာ့ရေမြေသဘာဝနဲ့ကိုက်ညီပြီး တစ်ခြားနိုင်ငံတွေက ဆေးဝါးတွေနဲ့မတူဘဲ အဆင့်မီတဲ့ယှဉ်ဖက်ဆေး ပညာတစ်ရပ်အဖြစ်နဲ့ သမိုင်းအဆက်ဆက် အစဉ်အလာကြီးမားခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာရှင်များနဲ့ တက်ရောက်လာကြသူများခင်ဗျား

အခုလိုတိုင်းရင်းဆေးပညာရှင်များရဲ့ စည်းလုံးညီညွတ်မှုနဲ့ ပြည်သူလူထုကျန်းမာရေးကို အထောက်အကူပြုနိုင်ဖို့ အားထုတ်ကြိုးပမ်းကြတဲ့ မြင်ကွင်းကို တွေ့မြင်ရတဲ့အတွက်လည်း နှစ်ထောင်းအားရ များစွာဖြစ်မိပါတယ်။ စည်းလုံးညီညွတ်မှုဆိုတာမျိုးဟာ မည်သည့်အဖွဲ့အစည်းအတွက်မဆို တောင့်တင်းခိုင်မာတဲ့ ခွန်အားတစ်ရပ်ဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးသမားတော်များဟာလည်း စည်းလုံးညီညွတ်မှုကို တန်ဖိုးထားကြသူများဖြစ်ပြီး စည်းလုံးညီညွတ်မှုအားဖြင့် တိုင်းပြည်နဲ့လူမျိုးကို အကျိုးပြုနေတယ်လို့ ယုံကြည်မိပါတယ်။ တကယ်တမ်းစဉ်းစားကြည့်မယ်ဆိုရင် မြန်မာ့တိုင်းရင်းဆေးသမားတော်များဟာ ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုတဲ့ မြင့်မြတ်တဲ့ အသက်မွေးဝမ်းကျောင်းအတတ်ပညာကို ပိုင်ဆိုင်သူများဖြစ်ကြပြီး နိုင်ငံနဲ့လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာနဲ့ အားကိုးအားထားပြုနေရတဲ့ ပညာရှင်များဖြစ်ကြပါတယ်။ မိမိတို့လူမျိုးဘိုးဘေး ဘီဘင်အဆက်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့တဲ့ အမွေအနှစ်များထဲက အဓိကကျပြီးပြည်သူအတွက် အလိုအပ်ဆုံးဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမွေခံထိန်းသိမ်းစောင့်ရှောက်လာကြတဲ့ ပုဂ္ဂိုလ်များဖြစ်ကြတဲ့အတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များကို ထာဝစဉ်ဂုဏ်ယူ လေးစားလျက်ရှိကြောင်း ဂုဏ်ပြုပြောကြားလိုပါတယ်။

အခုနှစ်ညီလာခံမှာ တိုင်းရင်းဆေးသမားတော်များ၊ ညီလာခံ ကိုယ်စားလှယ်ကြီးများအနေနဲ့ မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်း မြင့်မားရေးနဲ့ မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုပိုမိုရရှိစေရန်၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့ရဲ့ အရည်အချင်းနဲ့ ကျင့်ဝတ်ဂုဏ်သိက္ခာ ပိုမိုမြင့်မားလာစေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုနည်းပညာတွေ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်တွင်းပြည်ပရှိ ဆက်စပ်နီးနွယ်ပညာရှင်များ၊ အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ရန်ဆိုတဲ့ မှန်ကန်ကောင်းမွန်တဲ့ ရည်ရွယ်ချက်များကို အခြေခံပြီးဆွေးနွေး၊ တိုင်ပင်၊ နှီးနှောဖလှယ်ကြမှာဖြစ်လို့ အကျိုးရှိမယ့် ရလဒ်ကောင်းတွေ ထွက်ပေါ်လာမှာဖြစ်ကြောင်း ယုံကြည်မိပါတယ်။ ဒါ့အပြင် မြန်မာ့ရိုးရာတိုင်းရင်းဆေးကုထုံးဆိုင်ရာ အတွေ့အကြုံတွေနဲ့ ပညာရပ်ဆိုင်ရာ အယူအဆတွေကိုပါ နှီးနှောဖလှယ်ကြမှာဖြစ်လို့ တိုင်းရင်းဆေးပညာ အမွေအနှစ်များ၊ ပေးဝေသူနဲ့ ဆက်ခံသူတို့ရဲ့ အနာဂတ်အတွက် အဖိုးတန်မွန်မြတ်လှတဲ့ တွေ့ဆုံပွဲလို့ ဆိုရမှာဖြစ်ပါတယ်။

ယခုခေတ်ကာလမှာ အနောက်တိုင်းဆေးပညာဟာ

သိမ်မွေ့နက်နဲတဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်တဲ့ ဆေးကျမ်းများနဲ့ အာနိသင်ထက်မြက်တဲ့ ဆေးဝါးများရဲ့ အနှစ်သာရအဆီအနှစ်တွေကို စုစည်းပြီး အမျိုးသားအမွေအနှစ် ဆေးပညာရပ် တစ်ရပ်အဖြစ် ဖြစ်ထွန်းရပ်တည်နေစေဖို့ စုပေါင်းစွမ်းအားနဲ့ အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြဖို့ကိုလည်း ထပ်လောင်း မှာကြားလိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ နိုင်ငံရဲ့ရိုးရာအမွေအနှစ်ဖြစ်တဲ့ မြန်မာ့ တိုင်းရင်းဆေးပညာရပ်ကို အရိုးပေါ်အရွက်မဖုံး စေဘဲ အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်သွားဖို့လည်း လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ဖွံ့ဖြိုးတိုးတက်လာတာမှန်ပေမယ့် ကမ္ဘာ့နိုင်ငံအသီးသီး မှာရှိတဲ့ ပြည်သူတွေဟာ မိမိတို့ရဲ့ သဘာဝတိုင်းရင်းဆေး များနဲ့ကုသတဲ့ တိုင်းရင်းဆေးကုထုံးတွေကို လက်မလွတ်ဘဲ အားကိုးအားထားပြုသုံးစွဲ ကုသနေကြတာကို တွေ့ မြင်ရမှာဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ တစ်မျိုး သားလုံးရဲ့ ကျန်းမာကြံ့ခိုင်ရေးကို ဦးတည်ချက်ထားပြီး လတ်တလောဖြစ်ပွားနေဆဲဖြစ်တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မပျက် ထိထိ ရောက်ရောက် ဆက်လက်ဆောင်ရွက်သွားရေးကို ရှေ့ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါ တယ်။

ယခုအခါ ကမ္ဘာတစ်ဝန်းလုံးရင်ဆိုင်နေရတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဟာ ဗီဇမျိုးကွဲ အမျိုးမျိုးပြောင်းလဲ ပြီး ကူးစက်မှုနှုန်း မြန်ဆန်ရုံသာမက အချိန်တိုအတွင်း ကင်းစင်ပပျောက်စေနိုင်မယ့် ရောဂါမျိုးမဟုတ်ဘဲ ဆက်လက်တည်ရှိနေနိုင်သေးတာကြောင့် နိုင်ငံတကာ မှာသူတို့ရဲ့ တိုင်းရင်းဆေးနဲ့ ကာကွယ်ကုသနိုင်ဖို့ ဆောင်ရွက်နေကြတဲ့နည်းတူ ကျွန်တော်တို့မြန်မာနိုင်ငံ မှာလည်း ကာကွယ်ကုသနိုင်မယ့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ ကိုဗစ်-၁၉ ရောဂါကူး စက်ပြန့်ပွားမှုကို ဆိုးဆိုးရွားရွားတွေ့ကြုံခံစားခဲ့ရပေ မယ့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ ကာကွယ်ကုသရေး များကို အလေးထားစီမံဆောင်ရွက်ခဲ့သလို တာဝန်ရှိ သူများနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း တက်ညီလက်ညီနဲ့ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ခဲ့ကြလို့ အချိန်တိုအတွင်းမှာ ကူးစက် ပြန့်ပွားမှုနဲ့ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် လုပ်နိုင်ခဲ့ ကြတဲ့အတွက် တာဝန်ရှိသူများနဲ့ တိုင်းရင်းသားပြည် သူများ အားလုံးကို ကျေးဇူးတင်ကြောင်းကိုလည်း အခါအခွင့်သင့်တုန်းမှာ ပြောကြားလိုပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်ကုသနိုင်မယ့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ နဲ့အလားတူ ရာသီတုပ်ကွေးရောဂါများမှာ အသုံးပြုနိုင်မယ့် မာဓဝနိဒါန်းဆေးကျမ်းလာ ဆေးခါးကြီး ပါဝင်တဲ့ ဝိသမအဖျားပျောက်ဆေးကို အရည်အသွေး ဆိုင်ရာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ လူနာများမှာ အန္တရာယ်ကင်းရှင်းပြီး ဘေးကင်းလုံခြုံမှုရှိဖို့အတွက် လတ်တလောအဆိပ်အာနိသင်နဲ့ ရေတိုအဆိပ်အာနိသင် ရှိ/မရှိတို့ကို သိရှိနိုင်ရန် စမ်းသပ်ခြင်း၊ ဆေးရဲ့ခံနိုင်ရည် အားကို မိမိဆန္ဒအလျောက် သုတေသနစမ်းသပ်မှုတွင် ပါဝင်လိုတဲ့ ကျန်းမာတဲ့လူများအပေါ်မှာ စမ်းသပ်ခြင်း၊ ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါအတည်ပြု သာမန် လက္ခဏာရှိတဲ့ လူနာများပေါ်မှာ စမ်းသပ်ခြင်း၊ သုတေ သနအဆင့်ဆင့်တို့ကို ပြုလုပ်ပြီးဆေးဝါး ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိနေတာကြောင့် တိုင်းရင်းဆေး ပညာရှင်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသ ခြင်း ဆိုင်ရာလမ်းညွှန်များ ချမှတ်ဆောင်ရွက်လျက်ရှိ ကြတာကို အားရဖွယ်ရာတွေ့မြင်ရပါတယ်။ မိမိတို့ရဲ့ သွေးရင်းသားရင်းများဖြစ်ကြတဲ့ တိုင်းရင်းသား ညီအစ်ကို မောင်နှမတွေကို မိမိတို့ရဲ့ ပြည်တွင်း တိုင်းရင်းဆေးဝါး များနဲ့ ထိထိရောက်ရောက် ကာကွယ်ကုသနိုင်ရေး ပိုမို ကြိုးစားကြဖို့ကိုလည်း တိုက်တွန်းမှာကြားလိုပါတယ်။

တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ တိုင်းရင်း

ဆေးပညာရှင်များ ခင်ဗျား

မြန်မာ့တိုင်းရင်းဆေးသမားတော်များဟာ ခေတ်အဆက်ဆက် တိုင်းရင်းဆေးဝါးများကိုအသုံးပြုပြီး ပြည်သူလူထုရဲ့ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့တိုင်းရင်းဆေးပညာနဲ့ဆေးဝါးများ နှုန်းမီစံကိုက်ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာကို ထိုးဖောက်နိုင်မယ့် အစွမ်းထက်မြက်တဲ့ မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းတွေ၊ ကုသနည်းကုထုံးများ ပေါ်ထွက်လာစေရေးတို့အတွက် ဆေးပစ္စည်းများ၏ စံချိန်စံညွှန်းများရေးဆွဲခြင်း၊ တိုင်းရင်းဆေးဝါးများအား သိပ္ပံနည်းကျသုတေသနပြုခြင်းများ ဆောင်ရွက်ရာမှာ မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြဖို့ လိုအပ်မည်ဖြစ်ကြောင်းကိုလည်း မှာကြားတိုက်တွန်းလိုပါတယ်။

သိမ်မွေ့နက်နဲတဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်တဲ့ ဆေးကျမ်းများနဲ့ အာနိသင်ထက်မြက်တဲ့ ဆေးဝါးများရဲ့ အနှစ်သာရ အဆီအနှစ်တွေကို စုစည်းပြီး အမျိုးသားအမွေအနှစ် ဆေးပညာရပ်တစ်ရပ်အဖြစ် ဖြစ်ထွန်းရပ်တည်နေစေဖို့ စုပေါင်းစွမ်းအားနဲ့ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြဖို့ကိုလည်း ထပ်လောင်းမှာကြားလိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့ ရိုးရာအမွေအနှစ်ဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အရိုးပေါ်အရွက်မဖုံးစေဘဲ အမျိုးသား ယဉ်ကျေးမှုတစ်ရပ်အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်သွားဖို့လည်းလိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ယနေ့အချိန်အခါမှာ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အထူးအားပေး ဆောင်ရွက်လျက်ရှိရာမှာ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်လို့ ကောင်စီရဲ့များပြားကြီးမားတဲ့ တာဝန်တွေထဲက တိုင်းရင်းဆေးပညာရှင်များရဲ့ ဆေးပညာကျင့်ဝတ် ထိန်းသိမ်းခြင်းကိုလည်း အလေးထားဆောင်ရွက် ပေးစေလိုကြောင်း မှာကြားလိုပါတယ်။

အခုလို မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ခြင်းဟာလည်း မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များမှာ အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ရပ်အနေနဲ့ ပါဝင်လျက်ရှိပါတယ်။ ဒီလို ညီလာခံနဲ့ နီးနှောဖလှယ်ပွဲတွေ ကျင်းပနိုင်ခြင်းကြောင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ နီးနွယ်ဆက်စပ်တဲ့ ဝန်ကြီးဌာနတွေက ပညာရှင်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းကြီးနဲ့ မြန်မာနိုင်ငံအနှံ့အပြားက တိုင်းရင်းဆေးသမားတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့နဲ့ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနဲ့ ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းစတဲ့ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက ကဏ္ဍပေါင်းစုံက ကိုယ်စားလှယ်တော်ကြီးများ ဆုံစည်းဆွေးနွေးဖလှယ်ခွင့် ရရှိနိုင်ကြတာဖြစ်လို့ အထူးပဲအကျိုးဖြစ်ထွန်းစေမယ်လို့ ယုံကြည်မိပါတယ်။

ယခု (၂၁)ကြိမ်မြောက်၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့်မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲမှာ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ချစ်ခင်ရင်းနှီး၊ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပွင့်ပွင့်လင်းလင်းဆွေးနွေး တိုင်ပင်နှီးနှောကြပြီးနိုင်ငံနှင့် ပြည်သူအတွက် မြန်မာ့တိုင်းရင်းဆေးပညာလောက ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ကြပါစေ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများမှာ တိုင်းရင်းဆေးပညာနဲ့ ပိုမိုတိုးမြှင့်စောင့်ရှောက်နိုင်ကြရေးအတွက် ပူးပေါင်းကြံဆောင်၍ အဆိုပြုချက်များ တင်သွင်းခြင်း၊ ဝိုင်းဝန်းဆွေးနွေးအကြံပြုခြင်းတို့ဖြင့် အကျိုးရှိကောင်းမွန်တဲ့ရလဒ်များ ရရှိနိုင်ကြပါစေကြောင်း ဆုမွန်တောင်းမေတ္တာပို့သလျက် နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

■ ■ ■

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

(၉ - ၁၂ - ၂၀၂၂)

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ဒီဇင်ဘာလ(၉)ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းဇြမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါကြောင်း၊ ကွန်ဗင်းရှင်းကချမှတ်ထားသည့်အချက်များ၊ လိုက်နာကျင့်သုံးရမည့်ကျင့်ဝတ်များကို သဘောတူလက်မှတ်ရေးထိုးထားပြီး အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

နှစ်စဉ်ကျင်းပ

နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ပြီး ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများက အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာတစ်ဝန်း၌ နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိရာ မိမိတို့မြန်မာနိုင်ငံကလည်း ၂၀၁၇ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ တာဝန်ယူထမ်းဆောင်နေစဉ်ကာလအတွင်း ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားပြည်သူအားလုံး

စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ဘက်ပေါင်းစုံမှထိခိုက်စေနိုင်သည့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေရေးသည် အလွန်အရေးကြီးပါကြောင်း၊ အဂတိလိုက်စားမှုသည် အကျင့်ပျက်ခြစားမှုများနှင့် လူများ၏ စိတ်ဓာတ်နှင့် စာရိတ္တများပျက်စီးစေပြီး နိုင်ငံအတွက် အန္တရာယ်ဖြစ်သဖြင့် နိုင်ငံတော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ သြဂုတ်လ(၇)ရက်နေ့တွင် ပြဋ္ဌာန်းထားပြီး ထိရောက်သည့် ဟန့်တားဆောင်ရွက်မှုများနှင့် အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ပုံစံအမျိုးမျိုးဖြင့်ပေါ်ပေါက်လာသည့် အဂတိလိုက်စားမှုများကို တားဆီးကာကွယ်အရေးယူနိုင်ရန်အတွက် အဆိုပါဥပဒေကို စတုတ္ထအကြိမ်အထိ ပြင်ဆင်ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။

အသိပေးပြောကြားလို

သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာစေရေး၊ အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှုမြင့်မားတိုးတက်လာစေရေး၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးတို့အတွက် မိမိတို့အနေဖြင့် ဘက်ပေါင်းစုံက အလေးထားဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။

အဂတိလိုက်စားမှုကို အဓိပ္ပာယ်ဖွင့်ဆိုကြရာတွင် လာဘ်ပေးလာဘ်ယူခြင်းထက် ပိုမိုကျယ်ဝန်းပါကြောင်း၊ ခြိမ်းခြောက်ငွေညစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံတော်ပိုင်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ကိုယ်ပိုင်ပစ္စည်းအဖြစ်သုံးစွဲခြင်း၊ မလျော်သြဇာသုံး၍ မဲဆွယ်ခြင်း၊ မိမိမိသားစုနှင့် ဆွေမျိုးကောင်းစားရေးဝါဒ အသုံးပြုခြင်း၊ မိမိနှင့် နီးစပ်အဆင်ပြေသူ ကောင်းစားရေးဝါဒရှိခြင်းတို့သည် အဂတိလိုက်စားမှုမြောက်သည့် အပြုအမူများဖြစ်ပါကြောင်း။

နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ပြီး နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုများကို ထိခိုက်နစ်နာစေခဲ့ပါက အဂတိလိုက်စားမှု

> **အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အနှစ်သာရသည် အများပြည်သူ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန်နှင့် အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းဖြစ်စေရန်ဖြစ်၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ အကြား ပေါင်းကူးတံတားများသဖွယ် ဆက်သွယ်ဆက်ဆံပြီး ယုံကြည်မှုတည်ဆောက်ပေးရသူများလည်းဖြစ်၊ ကောင်းမွန်သည့် အုပ်ချုပ်ရေးကိုပုံဖော်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များသည် အရေးပါသကဲ့သို့ ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများ၏ စည်းကမ်းလိုက်နာမှု၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်စောင့်ထိန်းမှုများမှ လမ်းချော်လွဲမှားသွားစေသည့်အဓိကအချက်မှာ အဂတိလိုက်စားမှုပင်ဖြစ်၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြမည်ဆိုပါက ပြည်သူများ၏ ယုံကြည်မှုကိုရရှိပြီး ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်ကိုဖြစ်ပေါ်စေကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်။**

မြောက်မည်ဖြစ်သည့်အတွက် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတိထားလိုက်နာလုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းပြီး မရှင်းလင်းသည့်အချက်များ၊ ဒွိဟဖြစ်ဖွယ်ရာအကြောင်းအရာများတွေ့ရှိပါက သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများထံမှ သဘောထား မှတ်ချက်တောင်းခံပြီးပေးပို့လာသည့် သဘောထားမှတ်ချက်များနှင့်အတူ အထက်အဖွဲ့အစည်းသို့ လမ်းညွှန်မှုခံယူဆောင်ရွက်သွားရန် လိုအပ်သည်ကို ပြောကြားလိုပါကြောင်း။

အကျင့်ပျက်ခြစားမှုများမရှိစေရေး

အဂတိလိုက်စားမှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေး အရေးယူမှုတစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိနိုင်ပါကြောင်း၊ အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများမရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကိုပါ အချိန်နှင့်တစ်ပြေးညီ အလေးထားလုပ်ဆောင်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အနှစ်သာရသည် အများပြည်သူ၏ အကျိုးစီးပွားကိုကာကွယ်ပေးရန်နှင့် အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းဖြစ်စေရန်ဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား ပေါင်းကူးတံတားများသဖွယ် ဆက်သွယ်ဆက်ဆံပြီး ယုံကြည်မှုတည်ဆောက်ပေးရသူများ လည်းဖြစ်ပါကြောင်း၊ ကောင်းမွန်သည့် အုပ်ချုပ်ရေးကိုပုံဖော်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များသည် အရေးပါသကဲ့သို့ ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများ၏ စည်းကမ်းလိုက်နာမှု၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်စောင့်ထိန်းမှုများမှ လမ်းချော်လွဲမှားသွားစေသည့် အဓိကအချက်မှာ အဂတိလိုက်စားမှုပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြမည်ဆိုပါက ပြည်သူများ၏ ယုံကြည်မှုကိုရရှိပြီး ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ်ကိုဖြစ်ပေါ်စေကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဖြောင့်မတ်တည်ကြည်မှုရှိစေရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့တွင် ပူးပေါင်းပါဝင်လာစေရေးအတွက် ထုတ်ပြန်ထားသည့် ကျင့်ဝတ်များကို လိုက်နာကြစေရေးနှင့် ကျင့်ဝတ်ဆိုင်ရာသင်တန်းများသည်လည်းအရေးပါသည်ကို အသိပေးပြောကြားလိုပါကြောင်း။

"အဂတိ လိုက်စားမှုများလေလေ ဆင်းရဲနွမ်းပါးမှုများလေ၊ ဆင်းရဲနွမ်းပါးမှုများလေလေ အဂတိလိုက်စားမှုများလေ" ဖြစ်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) ကိုရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါအဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်တွင် တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဆိုသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်သုံးရပ်ကို ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ဆောင်ကြစေရန် ရေးဆွဲထားပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမျိုးသားရေးမျှော်မှန်းချက်သည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးဖြစ်ပါကြောင်း၊ ဆက်စပ်ပြီး ပြည်တွင်းစီးပွားရေးမြှင့်တင်ခြင်းဖြင့် ပြည်သူတို့၏ဘဝ ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးခြင်းဖြစ်ပါကြောင်း၊ ပြည်တွင်းစီးပွားရေးတိုးတက်လာပါက ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆက်စပ်နေသည့်လုပ်ငန်းများ အားလုံးအောင်မြင်ရန် မိမိတို့ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

တိုးချဲ့ဖွဲ့စည်းထား

အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်နှင့်အညီ အများပြည်သူဆိုင်ရာအဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးကို ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး

အဖွဲ့ (Corruption Prevention Unit – CPU)များ တိုးချဲ့ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာအောက်ခြေအဆင့်များမှစပြီး ထိန်းသိမ်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ထို့ပြင် အသေးစား အဂတိလိုက်စားမှုများကို ထိရောက်စွာဟန့်တားနိုင်ရန်အတွက် "အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP)" ကိုလည်း အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကအားဖြင့် မိမိကိုယ်တိုင်က အဂတိလိုက်စားမှုကို သတိထားရှောင်ရှားပြီး ပတ်ဝန်းကျင်၏ ပြောဆိုဝေဖန်မှုများကို ဂရုစိုက်သတိထားလုပ်ဆောင်သွားခြင်းဖြင့် အဂတိ လိုက်စားမှုလျော့နည်းရာမှ လုံးဝကင်းစင်ပျောက်သည့် လူ့ပတ်ဝန်းကျင်ကိုဖော်ဆောင်ကြရန်ဖြစ်ပါကြောင်း။

ထို့ပြင် အခြေခံပညာကျောင်းများတွင်အဂတိကင်းစင်သည့် ယဉ်ကျေးမှု၊ အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်း၏ အခြေခံမူသဘောတရားများ ပြန့်ပွားစေရေးအတွက် **"ကျောင်းသားလူငယ်ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး အသိပညာပေးအစီအစဉ် (Edu–tainment)"** များကို ထည့်သွင်းလုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တစ်ဆင့်ချင်း အသိပညာပေးဆောင်ရွက်မှုဖြင့် အနာဂတ်တွင် ဖြောင့်မတ်သော၊ ကိုယ်ကျင့်တရားပြည့်ဝသော နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ဆောင်ရွက်နေပြီဖြစ်သည့်အတွက် အဆိုပါအစီအစဉ် အောင်မြင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် **"အဂတိပယ်ခွာ ပြည်သာယာ"** ဆိုသည့် ဆောင်ပုဒ်အတိုင်း အဂတိလိုက်စားမှုကျူးလွန်ခြင်းများကို လျော့နည်းပျောက်စေရေးအတွက် မူဝါဒနှင့်ဥပဒေမူဘောင် ခိုင်မာရေးလုပ်ထုံးလုပ်နည်းများ ရှင်းလင်းခိုင်မာရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်ကိုပြောကြားလိုပါကြောင်း။

အားလုံးပါဝင်ဆောင်ရွက်

အဂတိလိုက်စားမှုများသည် အသွင်အမျိုးမျိုးဆောင်ပြီးဖြစ်ပေါ်နေခြင်းဖြစ်သည့်အတွက် ဥပဒေကြောင်းအရသာမက ကောင်းမွန်သောကိုယ်ကျင့်တရား ထွန်းကားရေးနည်းလမ်းများအရပါ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများသာမက အများပြည်သူများနှင့်လည်း သက်ဆိုင်သည့်အကြောင်းအရာဖြစ်သည့်အတွက် အားလုံးပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်ဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

■ ■ ■

(၇၄) နှစ်မြောက်အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

(၁၀ - ၁၂ - ၂၀၂၂)

(၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာလ ၁၀ ရက်နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခါသမယဖြစ်ပါကြောင်း၊ ကုလသမဂ္ဂက လူသားအားလုံးအတွက် လူ့အခွင့်အရေးစံများပါဝင်သည့် ကမ္ဘာ့ လူ့အခွင့်အရေးကြေညာစာတမ်းကို ထုတ်ပြန်နိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၇၄) နှစ် တိုင်ခဲ့ပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးမကြာမီ ၁၉၄၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ ကုလသမဂ္ဂအထွေထွေညီလာခံ၌ ကမ္ဘာ့လူ့အခွင့်အရေး

လူ့အခွင့်အရေးကို လက်ခံရယူကျင့်သုံးကြရာတွင်လည်း လူ့အဖွဲ့အစည်းအတွက်တရားမျှတသည့် လိုအပ်ချက်များဖြစ်သော ကိုယ်ကျင့်တရားများ၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များ အတိုင်းသာ ကျင့်သုံးရမည်ဟုလည်း ယင်းကြေညာစာတမ်း၌ အထင်အရှားဖော်ပြပါရှိပြီးဖြစ်၊ ထို့ကြောင့် လူ့အခွင့်အရေးကို ကျင့်သုံးကြရာတွင် မိမိတို့၏လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ရယူသကဲ့သို့ သူတစ်ပါး၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးကိုလည်း လေးစားတန်ဖိုးထားပြီး လိုက်နာဆောင်ရွက်ရမည့်တာဝန်များ၊ ကျင့်ဝတ်များကိုလည်း လစ်လျူမရှုကြရန်၊ မပျက်ကွက်ကြရန်လို။

ကြေညာစာတမ်း အတည်ပြုထုတ်ပြန်နိုင်ရေးအတွက် မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲပေးခဲ့သည့် နိုင်ငံဖြစ်ပါကြောင်း၊ ကုလသမဂ္ဂက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ခဲ့သည့် ဒီဇင်ဘာ ၁၀ ရက်ကို ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီး၌ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပပြုလုပ်လေ့ရှိကြပါကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၌ **"လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်"** ဟု ဖော်ပြပါရှိသကဲ့သို့ လူသားအားလုံးအနေဖြင့် မိမိတို့၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် သူတစ်ပါး၏ဂုဏ်သိက္ခာနှင့် အခွင့်အရေးကို အသိမှတ်ပြုပြီး လေးစားတန်ဖိုးထားခြင်း၊ ခွဲခြားမှုမပြုဘဲ တန်းတူညီမျှရှိစေခြင်းတို့သည်လည်း လူ့အခွင့်အရေး၏ အရေးပါသည့်အနှစ်သာရများပင်ဖြစ်ပါကြောင်း။

အထင်အရှားဖော်ပြပါရှိ

ထို့ပြင် လူ့အခွင့်အရေးကို လက်ခံရယူကျင့်သုံးကြရာတွင်လည်း လူ့အဖွဲ့အစည်းအတွက် တရားမျှတသည့် လိုအပ်ချက်များဖြစ်သော ကိုယ်ကျင့်တရားများ၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးရမည်ဟုလည်း ယင်းကြေညာစာတမ်း၌ အထင်အရှားဖော်ပြပါရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေးကို ကျင့်သုံးကြရာတွင် မိမိတို့၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ရယူသကဲ့သို့ သူတစ်ပါး၏လွတ်လပ်ခွင့်နှင့် အခွင့်အရေးကိုလည်း လေးစားတန်ဖိုးထားပြီး လိုက်နာဆောင်ရွက်ရမည့် တာဝန်များ၊ ကျင့်ဝတ်များကိုလည်း လစ်လျူမရှုကြရန်၊ မပျက်ကွက်ကြရန်လိုကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင်ပါရှိသည့် လူ့အခွင့်အရေးစံများကို လေးစားသည့်အနေဖြင့် ကမ္ဘာ့နိုင်ငံအများစုသည် ၎င်းတို့၏ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် အဆိုပါစံများကို ထည့်သွင်းရေးဆွဲပြဋ္ဌာန်းထားသည်ကို တွေ့ရပါကြောင်း၊ အလားတူ မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို အခန်းတစ်ခန်းအဖြစ် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် **"မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ"** ကို ပြဋ္ဌာန်းထားပြီး ဥပဒေနှင့်အညီ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းထားရှိကာ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် အသိပညာပေးမှုကို မြှင့်တင်ကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားပြီး ကျင့်သုံးလိုက်နာပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အဓိကသဘောတူစာချုပ်များ ဖြစ်ကြသည့် ကလေးသူငယ်အခွင့်

အရေးများဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပယျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တို့တွင် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပါကြောင်း၊ အဆိုပါ စာချုပ်များနှင့်ဆက်စပ်နေသည့်နောက်ဆက်တွဲသဘောတူ စာချုပ်တစ်ချို့ကိုလည်းပါဝင်ချုပ်ဆိုထားပြီး ဖြစ်ပါကြောင်း။

နိုင်ငံသူနိုင်ငံသားများ အခြေခံအခွင့်အရေးများကို ခံစားရရှိပြီး လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေး အတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရေး တွင်လည်း အဓိကကျပါကြောင်း၊ ထို့ကြောင့်လည်း တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ တန်းတူ ညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အသီးသီးကို ဖိတ်ခေါ်တွေ့ဆုံပြီး ငြိမ်းချမ်းရေးဆွေးနွေး မှုများကို အလေးပေးဆောင်ရွက်နေသည်ကို အားလုံး အသိပင်ဖြစ်ပါကြောင်း။

လူ့အခွင့်အရေးကိုတန်ဖိုးထား

မိမိတို့နိုင်ငံ၏ တိုင်းရင်းသားများသည် ဘာသာ တရားနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံ၊ လူမျိုး၏ပင်ကိုယ် စရိုက်လက္ခဏာများအရလည်း လူသားအချင်းချင်း လေးစားမှုနှင့် လူ့အခွင့်အရေးကို တန်ဖိုးထားမှုရှိသည့် နိုင်ငံနှင့် လူမျိုးများလည်းဖြစ်ပါကြောင်း၊ လူသားများ၏ ကောင်းကျိုးအတွက် လူတို့လိုက်နာအပ်သည့် အကြောင်း တရား၊ အမှုအကျင့်၊ အပြောအဆို၊ အနေအထိုင်စသည့် လမ်းညွှန်ဆုံးမစကားများ၊ တစ်နည်းအားဖြင့် နီတိတို့သည် လည်းကောင်း၊ လူမှုရေးရာနှင့် ပတ်သက်သည့် သားသမီး ကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ဆရာ ကျင့်ဝတ်၊ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ မိတ်ဆွေ ကျင့်ဝတ်၊ အကြီးအကဲကျင့်ဝတ်၊ နာယကဂုဏ်အစရှိသည့် ပေါင်းသင်းဆက်ဆံမှု နယ်ပယ်အလိုက် လိုက်နာ စောင့်ထိန်းအပ်သည့် ဝတ္တရားများ၊ တစ်နည်းအားဖြင့် ကျင့်ဝတ်တို့သည်လည်းကောင်း၊ လူသားများ၏ ကောင်း ကျိုးပွားရာ ဆောင်ကြဉ်းအပ်သည့်၊ လိုက်နာအပ်သည့် မဂ်လာတရားများဖြစ်သော ၃၈ ဖြာမဂ်လာ၊ ပေါင်းသင်း ဆက်ဆံရေးမဂ်လာ၊ နေထိုင်ရေးမဂ်လာ၊ သင်ကြားရေး မဂ်လာ၊ ပြုစုလုပ်ကျွေးရေး မဂ်လာ၊ ကူညီဆောင်ရွက်ရေး မဂ်လာ၊ ရှောင်ကြဉ်လိုက်နာရေး မဂ်လာ၊ စိတ်ထားဖြူစင် မြင့်မားရေးမဂ်လာ၊ သည်းခံခြင်းမဂ်လာ၊ ခြိုးခြံခြင်း မဂ်လာ၊ စိတ်ထားခိုင်မာရေးမဂ်လာ စသည့်မြတ်မဂ်လာ တို့သည်လည်းကောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းတွင် လက် ခံကျင့်သုံးကြသည့် ဓလေ့ထုံးတမ်းဥပဒေအဖြစ် လူအများ စုက လက်ခံလိုက်နာ လုပ်ဆောင်နေကြသော ကောင်းကျိုး တရားများဆိုသည်ကို တွေ့ရှိနိုင်မည် ဖြစ်ပါကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြု ထုတ်ပြန်ခဲ့သည်မှာ လာမည့် ၂၀၂၃ ခုနှစ်တွင် (၇၅) နှစ် ပြည့်မြောက်မည်ဖြစ်သည့်အတွက် ယနေ့(၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့မှစပြီး လာမည့်နှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိ တစ်နှစ်တာ ကာလပတ်လုံးကို လူသားအားလုံးအတွက် အရေးပါသည့် အမွေအနှစ်ဖြစ်သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာ စာတမ်းကို အလေးပေးထင်ဟပ် ဖော်ညွှန်းဂုဏ်ပြုသည့် လှုပ်ရှားဆောင်ရွက်ချက်များဖြင့် လေးစားလိုက်နာ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

အပြုသဘောဆောင်သော သဘောထားအမြင်များ

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ပြည်သူ အားလုံးက ပိုမိုသိရှိနားလည် သဘောပေါက်ပြီး လူ့အခွင့် အရေးနှင့် ဆက်နွယ်ပတ်သက်သည့် အပြုသဘောဆောင် သော သဘောထားအမြင်များ၊ ခံယူလိုက်နာကျင့်သုံးမှုများ ပိုမိုဖြစ်ထွန်းလာရေးအတွက် အသိပညာပေး လှုပ်ရှားမှုများ နှင့်အတူ လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံး သည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာစေရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းပါကြောင်း ပြောကြားသည်။

■ ■ ■

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

(၁၃ - ၁၂ - ၂၀၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာလ ၁၃ ရက်နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ဗလမင်းထင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

နိုင်ငံ့သမိုင်းကြောင်း ဖြတ်သန်းခဲ့မှုနှင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံ့သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက တိုင်းရင်းသားများစုပေါင်းနေထိုင်လျက်ရှိသည့် မိမိတို့၏ ပြည်ထောင်စုနိုင်ငံတော်ကြီးအား နယ်ချဲ့အင်္ဂလိပ်တို့မှ သိမ်းပိုက်ခဲ့ပြီးတောင်တန်းပြည်မသွေးခွဲအုပ်ချုပ်ခဲ့မှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများပေါ်ပေါက်ခဲ့ရသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့အုပ်ချုပ်မှုပုံစံအမျိုးမျိုးဖြင့် ခွဲခြားအုပ်ချုပ်ခဲ့ချိန်မှစ၍ မိမိတို့ပြည်ထောင်စုတိုင်းရင်းသားတို့၏စိတ်အတွင်း၌ တိုင်းရင်းသားနယ်မြေများသည် ပြည်မမှ သီးခြားဖြစ်သည်ဟူသည့် အယူအဆများပေါ်ပေါက်လာခဲ့ကြောင်း၊ တိုင်းပြည်ကိုယခုအချိန်အထိ အန္တရာယ်ပေးခဲ့သည့် အချက်တစ်ချက်လည်းဖြစ်ကြောင်း၊ ယခုနှစ်သည် မိမိတို့နိုင်ငံ၏ စိန်ရတုပြည်ထောင်စုနှစ်ဖြစ်ပြီး လာမည့်နှစ်တွင် စိန်ရတုလွတ်လပ်ရေးနှစ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ စိန်ရတုကာလသို့ ရောက်ရှိပြီဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများရှိနေဆဲဖြစ်ကာ ငြိမ်းချမ်းမှုအပြည့်အဝမရရှိသေးသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိနိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်းကို မှန်မှန်ကန်ကန်သိရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးကာလတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏အားပြိုင်ခဲ့မှု၊ အယူဝါဒကွဲပြားမှုများရှိခဲ့ကြောင်း၊ ၁၉၄၈ မတ်လတွင် ကွန်မြူနစ်ပါတီတောခိုခဲ့ကြောင်း၊ ထို့နောက် KNDO ကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာခဲ့ကြောင်း၊ ၁၉၅၀ ပြည့်နှစ်ခန့်တွင် တရုတ်ဖြူတို့ ကျူးကျော်ခဲ့သဖြင့် တပ်မတော်ကပြန်လည်တိုက်ထုတ်ခဲ့ရကြောင်း၊ ထို့ပြင်

ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့်ဖြစ်ပေါ်လာသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ၊ အာဏာရပါတီတွင်း ပြဿနာများပေါ်ပေါက်လာခဲ့ပြီး ထိုစဉ်ကကမ္ဘာ၌ လက်နက်ကိုင် အဖွဲ့အစည်းအများဆုံးတိုင်းပြည်ဖြစ်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတူတကွယှဉ်တွဲနေထိုင်နေသည့် ပြည်ထောင်စုကြီးမပြိုကွဲစေရေးအတွက် နိုင်ငံနှင့်အဝန်းထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

လက်နက်ကိုင်ဆူပူမှုများအကြား ပြည်ထောင်စုကြီးမပြိုကွဲစေရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်ခဲ့ရ

ထို့ကဲ့သို့ နိုင်ငံရေးပြဿနာများ၊ လက်နက်ကိုင်ပဋိပက္ခများနှင့် ပါတီတွင်း သဘောထားကွဲလွဲမှုများဖြစ်ပေါ်လာခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရတက်လာခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့ကအုပ်ချုပ်ဆောင်ရွက်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ရာ၌ နိုင်ငံရေးသမားများ၊ ဆိုရှယ်လစ်စနစ်ကိုထောက်ခံသည့် ပြည်သူလူထုတို့ဖြင့်ပူးပေါင်း၍ လမ်းစဉ်ပါတီကိုတည်ထောင်ကာ ၁၉၈၈ ခုနှစ်ထိ လျှောက်လှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် အားနည်းချက်များရှိသကဲ့သို့ အားသာချက်များလည်းများစွာရှိကြောင်း၊ ဆိုရှယ်လစ်စနစ်၏အားနည်းချက်၊ စီမံခန့်ခွဲမှုအားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ ၁၉၈۸ ခုနှစ် အရေးအခင်းဖြစ်ပေါ်လာခဲ့ကြောင်း၊ ၎င်းအရေးအခင်း၌ တိုင်းပြည်၏ အခြေအနေယိမ်းယိုင်လာခဲ့ပြီး အချုပ်အခြာအာဏာပြိုကွဲမည့်အခြေအနေနှင့် ရင်ဆိုင်လာခဲ့ရပြီး ၁၉၈۸ ခုနှစ် စက်တင်ဘာလတွင် တည်ဆဲအစိုးရ၏ လုပ်ငန်းများရပ်တန့်ခဲ့သဖြင့် တပ်မတော်က ဝင်ရောက်ထိန်းသိမ်းတာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း။

၁၉۸۸ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရတက်လာခဲ့ပြီး ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်သွားနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုအနေဖြင့် တစ်ပါတီဆိုရှယ်လစ်စနစ်ကို မကြိုက်မနှစ်သက်ခြင်း၊ စီးပွားရေးကျဆင်းခဲ့ရခြင်းတို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေး ၎င်းနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုရေးဆွဲနိုင်ရေး ဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းရင်းသားပြည်သူလူထုနှင့် အလွှာပေါင်းစုံမှအစုအဖွဲ့များပါဝင်သော အမျိုးသားညီလာခံ၌ အခြေအတင်ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၌ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခဲ့ကြောင်း။

ဒီမိုကရေစီ ပထမအကြိမ်ရွေးကောက်ပွဲတွင် ဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီအစိုးရတစ်ရပ်တက်လာခဲ့ပြီး တပ်မတော်အနေဖြင့် လက်တွဲညီညီကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းကာလတွင် ရွေးကောက်ပွဲအနိုင်ရသည့် အစိုးရသစ်တစ်ရပ်တက်လာခဲ့ကြောင်း၊ အစိုးရသစ်၏ စီမံခန့်ခွဲမှု အားနည်းချက်များရှိခဲ့ခြင်းကြောင့် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကိုဗစ် – ၁۹ ရောဂါဖြစ်ပွားမှုများကြောင့်လည်း နိုင်ငံ၏စီးပွားရေး ပိုမိုကျဆင်းခဲ့ကြောင်း၊ နိုင်ငံရေးအရအသုံးချ၍ မရိုးမသားဆောင်ရွက်မှုများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တို့တွင် အသုံးချခြင်းများ လုပ်ဆောင်လာခဲ့သည်ကိုတွေ့ခဲ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် အာဏာရပါတီအနေဖြင့် မဲအနိုင်ရရှိရေး မသမာသည့် နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ပြီး မဲမသမာမှုဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မဲစာရင်းကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်မှပြောကြားခဲ့သော်လည်းဆောင်ရွက်ပေးခြင်းမရှိဘဲလွှတ်တော်ခေါ်ယူရန်အထိပင်ဖြစ်လာသဖြင့် တပ်မတော်မှ နိုင်ငံတော်၏တာဝန်များကို အခြေခံဥပဒေနှင့်အညီ ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက် လုပ်ဆောင်နေခြင်းဖြစ်ပြီး ထိုလမ်းကြောင်းပေါ်မှ သွေဖယ်စေမည် မဟုတ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်ရေးကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေကြောင်း။

စုစည်းညီညွတ်သည့်အားဖြင့် နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်ဆောင်ရွက်

ထိုကဲ့သို့သော မဲမသမာမှုဖြစ်စဉ်ဖြစ်ပေါ်ခဲ့မှုအပေါ် မူတည်၍ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ၏

စည်းလုံးညီညွတ်မှုပျက်ပြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဝါးတစ်စည်းတွင် အစည်းပြေသွားပါက အားလျော့တတ်သကဲ့သို့ လူတို့တွင်လည်း အချင်းချင်းသဘောထားကွဲလွဲမှုများဖြစ်ပေါ်လာပါက စုစည်းညီညွတ်မှုအား ယုတ်လျော့ပြီး ပြိုကွဲတတ်သည်ကို သင်ခန်းစာယူကြရန်လိုကြောင်း၊ နိုင်ငံသားအချင်းချင်း သဘောထားကွဲလွဲပြီး စည်းလုံးညီညွတ်မှုပြိုကွဲပါက နိုင်ငံ၏အားသည်လည်း လျော့နည်းသွားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိသားစုတစ်စုဌပင်ဖြစ်စေ စည်းလုံးညီညွတ်မှုရှိမှသာလျှင် စုစည်းညီညွတ်သည့်အားကို ရရှိနိုင်မည်ဖြစ်ပြီး မိမိမိသားစု၏လုံခြုံမှုနှင့် လူမှုစီးပွားဘဝမြင့်တက်မှုကို ရရှိစေမည်ဖြစ်ကြောင်း၊ တပ်တွင်းရှိ အရာရှိ၊ စစ်သည်မိသားစုများအားလုံးသည်လည်း စည်းလုံး ညီညွတ်ရန်လိုကြောင်း၊ စည်းလုံးညီညွတ်မှု၏အားသည် သက်ရောက်မှုများစွာရှိသဖြင့် အားလုံးစည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တော်တည့်မှန်ကန်သည့် ခေါင်းဆောင်မှုဖြစ်ရန်နှင့် ညီညွတ်မျှတသည့်အုပ်ချုပ်မှုရှိရန်လိုကြောင်း၊ အိမ်ထောင်ဦးစီးဖြစ်သူက တော်တည့်မှန်ကန်စွာနှင့် ညီညွတ်မျှတသည့် မေတ္တာတရားဖြင့် မိသားစုကို ဦးဆောင်နေထိုင်မည်ဆိုပါက မည်သို့မျှပြိုကွဲနိုင်မည်မဟုတ်ကြောင်း၊ တပ်မတော်တွင်းဌလည်း နေရာအလိုက် ညီညွတ် မျှတသည့် အုပ်ချုပ်မှုပုံစံများဖြစ်ရန်လိုပြီး လူ့သဘောသဘာဝများကို နားလည်စွာဖြင့် ကွပ်ကဲအုပ်ချုပ်ရန်လိုကြောင်း။

မိသားစုတစ်စု၊ တပ်ရင်း၊ တပ်ဖွဲ့များအလိုက်စသည်ဖြင့် အခြေခံမှစ၍ စည်းလုံးညီညွတ်ပြီး တပ်မတော်တစ်ရပ်လုံး စည်းလုံးညီညွတ်မည်ဆိုပါက မည်သူမျှ တပ်မတော်ကို ထိပါး၍ရမည်မဟုတ်ကြောင်း၊ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်ပြီး တပ်တွင်းစည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာဖြင့် တည်ဆောက်နိုင်မှသာလျှင် နိုင်ငံတည်တံ့ခိုင်မြဲရေးအတွက်လည်း စိတ်ချနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများနှင့် လက်တွဲပြီး ဒို့တာဝန်အရေးသုံးပါးကို ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ မည်သည့်အစိုးရ၊ မည်သည့်ခေတ်ပင်ဖြစ်စေတပ်မတော်အနေဖြင့် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်သူ Guardian အနေဖြင့် တည်ရှိနေမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စွမ်းရည်၊ စွမ်းအားမြင့်မားပြီး ကာကွယ်ရေးစွမ်းပကားမြင့်မားနေမှသာလျှင် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်သူအဖြစ်တည်ရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်တစ်ဦးချင်းမှစ၍ စွမ်းရည်မြင့်မားရေး၊ လက်နက်စွမ်းပကားမြင့်မားရေးကို တည်ဆောက်ပေးနေခြင်းဖြစ်ပြီး စည်းလုံးခြင်းအင်အား၊ စုစည်းညီညွတ်သည့်အားကိုတည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအနေဖြင့်လည်း အလားတူပင်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများရှိနေခြင်းကြောင့် စုစည်းညီညွတ်သည့် အင်အားတစ်ခုရရှိရေးအတွက် ရည်မှန်းချက် နှစ်ခုပေး၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းရည်မှန်းချက်နှစ်ခုအနေဖြင့် **စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ ယင်းရည်မှန်းချက်နှစ်ခုအပေါ်မူတည်၍တိုင်းပြည် စည်းလုံးညီညွတ်မှုရရှိ

> **တပ်မတော်အနေဖြင့် ပြည်သူများနှင့် လက်တွဲပြီး ဒို့တာဝန်အရေးသုံးပါးကို ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်လျက်ရှိ၊ မည်သည့်အစိုးရ၊ မည်သည့်ခေတ်ပင်ဖြစ်စေ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သူ Guardian အနေဖြင့် တည်ရှိနေမည်ဖြစ်၊ တပ်မတော်အနေဖြင့် စွမ်းရည်၊ စွမ်းအားမြင့်မားပြီး ကာကွယ်ရေးစွမ်းပကားမြင့်မားနေမှသာလျှင် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်သူအဖြစ် တည်ရှိနေမည်ဖြစ်၊ ထို့ကြောင့် စစ်သည်တစ်ဦးချင်းမှစ၍ စွမ်းရည်မြင့်မားရေး၊ လက်နက်စွမ်းပကားမြင့်မားရေးကို တည်ဆောက်ပေးနေခြင်းဖြစ်ပြီး စည်းလုံးခြင်းအင်အား၊ စုစည်းညီညွတ်သည့်အားကို တည်ဆောက်ရမည်ဖြစ်။**

အောင် မိမိတို့အနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက် မှန်ကန်သည့်စုစည်းညီညွတ်သည့် အားတစ်ခု မဖြစ်မနေလိုအပ်သည့်အတွက် သင်ခန်းစာ ရယူနိုင်ရန် ယခုကဲ့သို့ နိုင်ငံ့သမိုင်းကြောင်း ဖြတ်သန်းခဲ့မှု အခြေအနေများနှင့်တကွ အကျယ်တဝင့် ရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း။

ထို့ပြင် ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နောက်ကျကျန်ရစ်၍ ရနိုင်မည်မဟုတ်ကြောင်း၊ **အသိပညာမြင့်မားစေရေးအတွက် မိမိကိုယ်တိုင် စာပေလေ့လာမှုသာမက မိမိတို့၏ သားသမီးများကိုလည်း** စာပေ၊ ဗဟုသုတမြင့်မားအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ **ပညာရေးနှင့်ပတ်သက်၍ ဖတ်ရှု၊ မှတ်သား၊ လေ့လာခြင်းဖြင့် အသိပညာမြင့်မားအောင် ကြိုးစားရမည်ဖြစ်ပြီး အသိပညာမြင့်မားမှသာလျှင် ဒီမိုကရေစီစနစ်နှင့် တိုင်းပြည်၏ အနာဂတ်ကိုလည်း အာမခံနိုင်မည်ဖြစ်**ကြောင်း မှာကြားသည်။

■ ■ ■

ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

(၁၃ - ၁၂ - ၂၀၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ(၁၃)ရက်နေ့ မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား မြစ်ကြီးနားမြို့၊ မြို့တော်ခန်းမ၌တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် Jeng Phang နော်တောင်၊ စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦး၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာ အချက်အလက်များ၊ မြစ်ကြီးနားစီးပွားရေးဖွံ့ဖြိုးရေးဇုန် အကောင်

အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စက်မှုရပ်ကွက် ကော်မတီ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် စက်မှုရပ်ကွက်အတွင်း စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကချင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကချင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ချေးငွေများထုတ်ပေးမှုနှင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိမှု၊ One Village One Product ထုတ်လုပ်နိုင်ရေးဒေသအလိုက် ထုတ်ကုန်အမယ်သတ်မှတ်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု စသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် "စွမ်းအင်ပြည့်လျှံ" အဆင့်မြင့်လောင်စာတောင့် လုပ်ငန်းရှင် ဦးအောင်သန်းထွဋ်ဦး၊ "ရွှေအုပ်ဆောင်း" ပယင်းကျန်းမာရေးထုတ်ကုန်လုပ်ငန်းရှင် ဒေါ်နီနီလွင်၊ "ဖြိုးဝေဝေ"စက္ကူ Recycling လုပ်ငန်းရှင် ဦးဘင်ဂျမင်၊ "မနောမြန်မာ" စက်ရက်ကန်းလုပ်ငန်းရှင် ဦးသန်းဝင်းနှင့် လုပ်ငန်းရှင်များက ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ၏ လုပ်ငန်းအလိုက် အခက်အခဲများတွေ့ကြုံနေရမှုနှင့် အစိုးရမှလိုအပ်သည်များ ကူညီပံ့ပိုးပေးစေလိုမှု၊ ဒေသထွက်ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ချောထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် ကုန်သွယ်မှုအခွန်ပမာဏလျော့ကျစေရေးသက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ပေးစေလိုမှု၊ အတိုးနှုန်းသက်သာသည့် ရင်းနှီးမတည်ချေးငွေများကို ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ကချင်အထူးဒေသ(၁)မှ ဦးဇေခုန်ယိန်းဆောင်က ချီဖွေ၊ ပန်ဝါဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှဆောင်ရွက်ပေးမှုများကို ယင်းဒေသရှိ ဒေသခံပြည်သူများက အထူးကျေးဇူးတင်ရှိသည့်အခြေအနေများ၊ ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုလျင်မြန်စွာ ဖြစ်ပေါ်လာစေရေးအတွက် လမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်စေရေးနှင့် အခြားဒေသတွင်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက နယ်စပ်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းများဖွင့်လှစ်၍ လူသားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိမှု၊ လမ်းပန်းဆက်သွယ်မှုလျင်မြန်ချောမွေ့ရေးမှအစ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ကာ လိုအပ်သည်များကို ဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေတစ်ရပ်ထူထောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ ရင်းနှီးမတည်ငွေများဆောင်ရွက်ပေးခဲ့မှု၊ MSME အခန်းကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်မှ အားပေးဆောင်ရွက်လျက်ရှိပြီး ရန်ပုံငွေတစ်ရပ်ထူထောင်ကာ လိုအပ်သည်များ ရင်းနှီးမတည်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ချေးငွေနှင့်ပတ်သက်၍ နိုင်ငံတော်မှ ခေါင်းစဉ်အမျိုးမျိုးဖြင့်ထုတ်ပေးထားသည့် ချေးငွေများကို သတ်မှတ်ကာလအပိုင်းအခြားနှင့်အညီ အချိန်မီပြန်လည်ပေးဆပ်ရန်လိုအပ်မှု၊ နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်သည်မှန်သမျှကို လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ပေးရန်အသင့်ရှိသည့်အတွက် လုပ်ငန်းရှင်များမှလည်း မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရန်လိုအပ်မှု၊ MSME လုပ်ငန်းများ စေ့းကွက်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှသာလျှင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုအပ်မှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက်

ပြန်လည်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျခင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

MSME လုပ်ငန်းများကို အားပေးမြှင့်တင်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကျခင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန် ယခုကဲ့သို့ လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသို့သွားရောက်၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်အတွက် MSME လုပ်ငန်းများ မြှင့်တင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံသာမက ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် ပြည်တွင်းစီးပွားရေးလုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းကျော်သည် MSME လုပ်ငန်းများပင်ဖြစ်ကြောင်း၊ ထို့ကြောင့်အရေးပါသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၈ ခုနှစ်မှစတင်၍ စီးပွားရေးဆိုင်ရာနှင့် ကုန်သွယ်မှုဆိုင်ရာစီမံခန့်ခွဲမှုများ၌ အားနည်းချက်များ ရှိခဲ့ခြင်းကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ရကြောင်း၊ နိုင်ငံခြားဝင်ငွေများရရှိခြင်းမရှိခဲ့ဘဲ ပြည်ပမှသွင်းကုန်များကို တင်သွင်းခဲ့မှုများကြောင့် ကုန်သွယ်မှုလိုင်ငွေများဖြစ်ပေါ်ခဲ့ကြောင်း၊ Non Trade လုပ်ငန်းများမှရရှိသည့် ငွေကြေးများဖြင့် သွင်းကုန်များတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးမှုမရှိခဲ့ဘဲ ပြည်ပသွင်းကုန်ကိုသာ အားထားဆောင်ရွက်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုင်ငွေအများအပြားရှိခဲ့ပြီး တိုင်းပြည်အတွက် စိုးရိမ်ဖွယ်ရာအနေအထားသို့ရောက်ရှိခဲ့ကာ ကြွေးမြီအများအပြားဖြစ်ပေါ်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် လက်ရှိနိုင်ငံ့တာဝန်များကိုထမ်းဆောင်နေချိန်တွင် ပြည်ပမှချေးငွေနှင့် အထောက်အပံ့များရရှိမှုမရှိသော်လည်း ပြည်ပချေးငွေများကို ပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံ၏စီးပွားရေးမှာ အထိုက်

MSME လုပ်ငန်းများအောင်မြင်စေရေးအတွက် အဓိကလိုအပ်ချက်မှာ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်းတို့ဖြစ်၊ ယနေ့ခေတ်သည် စျေးကွက်စီးပွားရေးစနစ်ဖြစ်ပြီး ဒေသတွင်းအလွယ်တကူရရှိနိုင်သည့် ကုန်ကြမ်းများကို သုံးစွဲ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက အကျိုးများစွာဖြစ်ထွန်းစေမည်ဖြစ်၊ လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး အခြေခံပညာများမြှင့်တင်ရေး အတွက် အစိုးရမှတတ်နိုင်သည့်ဘက်မှ အားပေးဆောင်ရွက်ပေးလျက်ရှိ။

အလျောက်ပြန်လည်မြင့်တက်လာပြီဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုစီးပွားရေးကိုအားပေးဆောင်ရွက်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်စီးပွားရေး တစ်နည်းအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါကဝယ်လိုအားတက်လာမည်ဖြစ်ကြောင်း၊ ငွေကြေးလည်ပတ်မှုများကောင်းမွန်လာပြီး ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကာ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို ပြည်တွင်းစီးပွားရေးအားပေးရန်၊ ပြည်ပသွင်းကုန်အစားထိုးရန်နှင့် ပြည်ပပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေးအတွက် အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီလိုအပ်ချက်

နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

ရာတွင် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန်လိုအပ်သကဲ့သို့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည်လည်းအရေးကြီးကြောင်း၊ မိမိတို့နိုင်ငံတွင် ရေအားလျှပ်စစ်များထုတ်လုပ်မည်ဆိုပါက မီဂါဝပ် ၄ သောင်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် စီမံကိန်းများရပ်တန့်ခဲ့ရကြောင်း၊ ကျင်ပြည်နယ်အတွင်း ရေအားလျှပ်စစ် ထုတ်ယူနိုင်သည့် အရင်းအမြစ်များစွာရှိပြီးဖြစ်သဖြင့် အကျိုးရှိစွာ အသုံးချစေလိုကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အချိန်ကာလတစ်ခုအထိ ကြာမြင့်ပြီး ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် ဆောင်ရွက်ရကြောင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လေအားအသုံးပြုလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ တစ်ဖက်မှလည်း လျှပ်စစ်ဓာတ်အားများကို ချွေတာသုံးစွဲကြရန်လိုကြောင်း။

အလားတူ မိမိတို့အနေဖြင့် စက်သုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရမှုကြောင့် နိုင်ငံခြားငွေသုံးစွဲမှုများများစွာကုန်ကျလျက်ရှိကြောင်း၊ ထို့ကြောင့် စက်သုံးဆီများကို တတ်နိုင်သမျှချွေတာသုံးစွဲရန်လိုကြောင်း၊ စက်သုံးဆီသုံးစွဲရန်မလိုအပ်သည့် စက်ဘီးကဲ့သို့သောယာဉ်များကို တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် အသုံးပြုကြစေလိုကြောင်း၊ ကုန်စည်ပို့ဆောင်ရေးတွင်လည်း စက်သုံးဆီသုံးစွဲမှုနည်းပါးပြီး ကုန်စည်များစွာကို ပို့ဆောင်နိုင်သည့်ရထားဖြင့် သယ်ယူပို့ဆောင်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းချွေတာသုံးစွဲမည်ဆိုပါက နိုင်ငံခြားငွေကုန်ကျမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း။

ဒေသထုတ်ကုန်ကိုအခြေခံသည့် ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်

ကုန်စျေးနှုန်းမြင့်တက်မှုမှာ ထုတ်လုပ်မှု ကုန်ကျစရိတ်ကြီးမြင့်ခြင်း၊ သယ်ဆောင်မှုစရိတ်မြင့်မားခြင်း၊ ရောင်းလိုအားနှင့် ဝယ်လိုအားမျှတမှုမရှိခြင်းများကြောင့်ဖြစ်ကြောင်း၊ ကျင်ပြည်နယ်တွင် ရေခံမြေခံကောင်းများကိုပိုင်ဆိုင်ပြီးဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြောင်း၊ ပြည်တွင်း၌ ထုတ်ကုန်များကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ကုန်စျေးနှုန်းများ ကျဆင်းလာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများအားလုံး တိုးတက်လာစေရန်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ အကျိုးစီးပွားမှနိုင်ငံ့အကျိုးစီးပွားကို တိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ကျင်ပြည်နယ်အတွင်းတစ်ဦးချင်း အကျိုးစီးပွားထက်အများ၏အကျိုး စီးပွားကိုဖြစ်ထွန်းစေနိုင်သည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများမှ သွင်းကုန်အစားထိုး လူသုံးကုန်နှင့် စားသောက်ကုန်များကို ထုတ်လုပ်နိုင်ကြောင်း၊ ကျင်ပြည်နယ်အတွင်း ရာဘာစိုက်ပျိုးမှုများသဖြင့် ရာဘာထွက်ကုန်များဖြင့် တာယာများနှင့် အခြားလူသုံးကုန်ပစ္စည်းများကိုထုတ်လုပ်နိုင်ကြောင်း၊ ဒေသတွင်းလူသုံးကုန်ပစ္စည်းများကို လုံလောက်စွာထုတ်လုပ်၍ တန်ဖိုးမြင့်ထုတ်ကုန်များကိုထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ပါ ပြန်လည်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ကျင်ပြည်နယ်အတွင်း ဝါးနှင့်သစ်များပေါများစွာရှိကြောင်း၊ အဆိုပါသစ်နှင့်ဝါးများကိုအသုံးပြု၍ စက္ကူပျော့ဖတ်များ ထုတ်လုပ်ပြီး နိုင်ငံ၏စက္ကူလိုအပ်ချက်ကို ဖြည့်တင်းနိုင်ကြောင်း၊ ဝါးကို အခြေခံသည့် အခြားလူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ဝါးနှင့်ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများထုတ်လုပ်မည်ဆိုပါက နိုင်ငံတော်မှလိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ကျင်ပြည်နယ်အတွင်းမှထွက်ရှိသည့်သစ်သီးများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့တင်ပို့နိုင်မည်ဆိုပါက အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ဒေသတွင်းဆန်ဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးရေးတွင် အဓိကအခြေခံအချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမြေကောင်းမွန်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်မှုရှိရေးစသည့် မျိုး၊ မြေ၊ ရေ၊ နည်းလေးမျိုးကို စနစ်တကျဖြင့် အသုံးချဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးဧကများ တိုးချဲ့စိုက်ပျိုးခြင်းထက် တစ်ဧကချင်း အထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မိရိုးဖလာမွေးမြူရေးလုပ်ငန်းများအစားလျှောင်၍မွေးမြူသည့်စနစ်ဖြင့် စနစ်တကျ မွေးမြူမည်

ဆိုပါက မွေးမြူရေးထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သောကြောင့် နိုင်ငံခြားဝင်ငွေများရရှိပြီး ဒေသနှင့် နိုင်ငံအတွက်အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ကြစေလိုကြောင်း။

လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး ပညာရေးအားပေးမြှင့်တင်

MSME လုပ်ငန်းများအောင်မြင်စေရေးအတွက် အဓိကလိုအပ်ချက်မှာ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်းတို့ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် စျေးကွက်စီးပွားရေးစနစ်ဖြစ်ပြီး ဒေသတွင်းအလွယ်တကူရရှိနိုင်သည့် ကုန်ကြမ်းများကိုသုံးစွဲ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက အကျိုးများစွာဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး အခြေခံပညာများမြှင့်တင်ရေးအတွက် အစိုးရမှ တတ်နိုင်သည့်ဘက်မှ အားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူအဆင့်မြင့်ပညာရေး မြှင့်တင်ရေးအတွက်လည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးကိုမြှင့်တင်ခြင်းသည် လူတစ်ဦးချင်း၏ အနာဂတ်၊ တိုင်းပြည်၏ အနာဂတ်ကို မြှင့်တင်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးမြှင့်တင်မှုများကို မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

ကျင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံလုပ်ငန်းရှင်များမှလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

■ ■ ■

မချမ်းဘော့မြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုရန် ရဝမ်ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာစဉ် ပြောကြားသည့်အမှာစကား

(၁၄ - ၁၂ - ၂၀၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၉နိုး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်၉နိုး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်၉နိုး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်၉နိုးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာလ ၁၄ ရက်နံနက်ပိုင်းတွင် ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ မချမ်းဘော့မြို့နယ်၊ ကောင်းမှုလုံကျေးရွာ၊ နမ့်ကျို(မလိခ)မြစ်ကမ်းနံဘေးတွင်တည်ထားကိုးကွယ်သည့် ရှေးဟောင်းသမိုင်းဝင်ကောင်းမှုလုံစေတီတော်မြတ်ကြီးသို့သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပူတာအိုခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးခေါင်လန်တီး၊ စေတီတော်မြတ်ကြီးဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဆိုင်နှင့် အဖွဲ့ဝင်များ၊

ရဝမ်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့် သမိုင်းကို ထိန်းသိမ်းနိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူ၊ ရှေးဟောင်းရိုးရာ လက်မှုအသုံးအဆောင်များသည် အဖိုးမဖြတ်နိုင်သည့် သမိုင်းအထောက် အထားများဖြစ်သဖြင့် ရေရှည်တည်တံ့မှု ရှိစေရေး စနစ်တကျထိန်းသိမ်းရန်နှင့် သန့်ရှင်းသပ်ရပ်စွာ ပြသထားရှိရန်လည်းလို၊ သဘာဝဘေးအန္တရာယ်နှင့် ပိုးမွှားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးယိုယွင်းမှုများ မဖြစ်စေရန်လည်း ထိန်းသိမ်း စောင့်ရှောက်ရမည်ဖြစ်။

ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကောင်းမှုလုံစေတီ တော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓ ရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုပြီး စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဘုရားဖူးလာ မိဘပြည်သူများ စိတ်အေး ချမ်းသာစွာ ဖူးမြော်နိုင်ရေး၊ သန့်ရှင်းသပ်ရပ်ပြီး ကြည်ညိုဖွယ်ဖြစ်စေရေးတို့နှင့် ပတ်သက်၍ လိုအပ်သည် များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီး ဧည့်သည် တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီ တော်မြတ်ကြီး ဘက်စုံပြုပြင်ထိန်းသိမ်းရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကျော်စောထင်ရှား

အဆိုပါ ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီ တော်မြတ်ကြီးကို သာသနာသက္ကရာဇ် ၂၄၄ ခုနှစ် သီရိ ဓမ္မာသောကမင်းကြီးလက်ထက်တွင် မြတ်စွာဘုရား၏ ဓာတ်တော်သုံးဆူကို ဌာပနာသွင်း၍ တည်ထားကိုးကွယ် ခဲ့ခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက် တို့က စေတီတော်မြတ်ကြီးကို ပြုပြင်မွမ်းမံ တည်ဆောက် ထိန်းသိမ်းခဲ့ကြပြီး မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်အပေါင်း တို့၏ နှုတ်ဖျားတွင်လည်း "အထက်တွင် ကောင်းမှုလုံ၊ အောက်တွင် ရွှေတိဂုံ၊ အလယ်တွင် ရွှေစည်းခုံ" ဟူ၍ ကျော်ဇောထင်ရှားသပ္ပါယ်စွာဖြင့် တည်ရှိလျက်ရှိကြောင်း၊ ကောင်းမှုလုံစေတီတော်မြတ်ကြီးသည် အလွန်ရှေးကျသော စေတီတော်ကြီးဖြစ်ပြီး တိုင်းခမ်းတီး ရှမ်းတိုင်းရင်းသား ဘာသာစကားဖြင့် "ကောင်မူးစဝ်ကန်ခမ်း" ရွှေဆတ်မင်း စေတီတော် ဟူ၍လည်းကောင်း၊ ခမ်းတီးလုံဒေသရှိ စေတီ အားလုံးထက် ပုံတော်၏အရွယ်အစားကြီးခြင်း၊ ဥာဏ်တော် မြင့်မားခြင်း၊ တန်ခိုးအာနုဘော် ပိုမိုကြီးမားမြင့်မြတ်ခြင်း တို့ကြောင့် (စဝ်ကောင်းမှုလုံ) ကြီးမြတ်သော စေတီတော် ဟူ၍လည်းကောင်း၊ ရည်စူးပူဇော်ခေါ်ဝေါ်ခဲ့ကြကြောင်း စေတီတော်ဘက်စုံပြုပြင်မွမ်းမံခြင်း မှတ်တမ်းများအရ သိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့၊ ဒုတ္ထန်ရပ်ကွက်ရှိ ရဝမ်အမျိုးသားဥယျာဉ်ရှိ ရဝမ်ယဉ်ကျေးမှု ပြတိုက်သို့ ရောက်ရှိကြရာ မြန်မာနိုင်ငံရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးရယ်ဒမ်းတန်နှင့် ရဝမ်တိုင်းရင်း သားတို့က ရဝမ်တိုင်းရင်းသားရိုးရာ တူရိယာများတီးမှုတ်၍ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

လိုက်လံကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည်ကျောက်လက်နက် ကိရိယာပြကွက်၊ ကျောက်ဖြင့်ပြုလုပ်ထားသည့် အသုံး အဆောင် ပစ္စည်းများပြကွက်၊ သစ်သားထည်အိုးခွက် ပန်းကန် အသုံးအဆောင်များပြကွက်၊ သစ်သားနှင့် ကြိမ် နှီးရက် ဦးဆောင်းများပြကွက်၊ ရိုးရာတူရိယာပြကွက်၊ ဝါးနှီးရက် အသုံးအဆောင် ပစ္စည်းများပြကွက်၊ ကြိမ်နှီးဖြင့် ရက်လုပ်သော အသုံးအဆောင်ပစ္စည်းများ ပြကွက်၊ ဓါး၊ လှံ၊ ပုဆိန်၊ လေးမြှားလက်နက်များ ပြကွက်၊ ဝါး အသုံး အဆောင်ပစ္စည်းများပြကွက်၊ ရိုးရာ ခရီးဆောင်လွယ်အိတ်

များပြကွက်၊ ဒေသထွက် တိုင်းရင်းဆေးများပြကွက်၊ ရိုးရာဂျက်ခုတ် အထည်ရက်ကိရိယာများပြကွက်၊ ရဝမ်ရိုးရာ လက်ဝတ်ရတနာများပြကွက်၊ ရဝမ်လူမျိုးများ ဆင်းသက်လာရာပြမြေပုံ၊ နိုင်ငံတော်ခေါင်းဆောင်များနှင့် ပြည်နယ်ယဉ်ကျေးမှုခေါင်းဆောင်များပြကွက်တို့ကိုပြကွက် တစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုကြရာ ဦးရယ် ဒမ်းတန်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရဝမ်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့်သမိုင်းကို ထိန်းသိမ်းနိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ရှေးဟောင်းရိုးရာ လက်မှုအသုံးအဆောင်များသည် အဖိုးမဖြတ်နိုင်သည့် သမိုင်းအထောက်အထားများဖြစ်သဖြင့် ရေရှည်တည်တံ့မှုရှိစေရေး စနစ်တကျ ထိန်းသိမ်းရန်နှင့် သန့်ရှင်းသပ်ရပ်စွာ ပြသထားရှိရန်လည်းလိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပိုးမွှားများ၏ဖျက်ဆီးမှုကြောင့် ပျက်စီးယိုယွင်းမှုများ မဖြစ်စေရန်လည်း ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရဝမ်ယဉ်ကျေးမှုပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရ လက်မှတ်ရေးထိုးခဲ့ပြီး ရဝမ်ရိုးရာ ရိန်ဒန် (ခေါ်) မနောတိုင်ရှေ့တွင် ရဝမ်တိုင်းရင်းသားများနှင့် အတူတကွ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

■ ■ ■

ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား ပူတာအိုလေဆိပ်ဧည့်ခန်းမဆောင်၌ ပြောကြားသည့်အမှာစကား

(၁၄ - ၁၂ - ၂၀၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်တာဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ (၁၄) ရက် နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်ရှိဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား ပူတာအိုလေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ဒေသ၏ ထူးခြားသည့် ဝိသေသများကို အသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်တာဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ဆွေးနွေးပြောကြားရာတွင် ပူတာအိုဒေသသည် ဝေးလံခေါင်းပါးသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ သွားလာမှုများ အဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံတော်မှ ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သည့် ဘက်မှ ဆောင်ရွက်ကြရန်လိုကြောင်း၊ ပူတာအိုဒေသသည် ထူးခြားသည့်ဝိသေသရှိသည့်ဒေသတစ်ခုဖြစ်ပြီး အေးမြသည့်ရာသီဥတုရှိကာ သဘာဝအလှတရားများဖြင့် ပြည့်စုံနေသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ပူတာအိုဒေသကို ခရီးသွားဒေသအဖြစ်ဆောင်ရွက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ကြောင်း၊ ဒေသ၏ထူးခြား

မှုအဖြစ် ခရီးသွားများကိုဆွဲဆောင်နိုင်သည့် ကျောက်လုံးများကိုစီ၍ ကာရံထားသည့် ကျောက်စီခြံစည်းရိုးများလည်း ရှိကြောင်း၊ အဆိုပါ ကျောက်လုံးစီခြံစည်းရိုးများကို လမ်းအလိုက်၊ ရပ်ကွက်အလိုက် စည်းကမ်းသတ်မှတ်ချက်များချမှတ်ကာ စနစ်တကျလုပသပ်ရပ်စွာဖြင့် ထူးခြားသည့်မြင်ကွင်းတစ်ခုအဖြစ် ဆောင်ရွက်ပြီး ဒေသ၏ Land Mark တစ်ခုအဖြစ် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ကြောင်း၊ အလားတူ ဒေသ၏လူမှုပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်လှပစေရေး ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ မျက်စိပသာဒဖြစ်စေရေးအတွက်လည်း ပန်းအလှပင်များကို စနစ်တကျစိုက်ပျိုးရန်လိုကြောင်း။

စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးမြှင့်တင်

ဒေသတွင်းဆန်ဖူလုံမှုရှိရန်လည်း တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ Eating Quality ကောင်းမွန်သည့် အထွက်တိုးစပါးများကိုလည်း စိုက်ပျိုးရန်လိုကြောင်း၊ ယင်းအပြင် စားရေးအတွက် အထောက်အကူပြုစေမည့် ဒေသနှင့်ကိုက်ညီသော ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကိုလည်း ဖူလုံအောင်စိုက်ပျိုးကြရန်လိုကြောင်း၊ ဒေသအတွင်းစားရေးကို အထောက်အကူပြုစေမည့် မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် မွေးမြူဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများကိုလည်း ဒေသတွင်းစိုက်ပျိုး ထုတ်လုပ်နိုင်သကဲ့သို့ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်စွည်းများကိုလည်း ဇီဝမြေဩဇာအဖြစ် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြု၍ရကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး အခြားဒေသများနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ဂရိတ်ဖရုက္ခဲ့သို့ ပူတာအိုဒေသတွင်သာ ကောင်းမွန်စွာထွက်ရှိသည့် အသီးများလည်းရှိပြီး အဆိုပါအသီးများ အရည်အသွေးကောင်းမွန်စွာဖြင့် အရေအတွက်များများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် နည်းပညာများဖြင့် စနစ်တကျသုတေသနပြု စိုက်ပျိုးရန်လိုကြောင်း၊ အလားတူ လက်ဖက်နှင့်ကော်ဖီများကိုလည်း စိုက်ပျိုးနိုင်သည့်ဒေသ ဖြစ်ခြင်းကြောင့် စိုက်ပျိုးမှုလုပ်ငန်းများ ယခုထက်ပိုမို တိုးတက်အောင်မြင်အောင်ဆောင်ရွက်၍ ပြည်တွင်း ပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ပူတာအို ဒေသသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ပညာရည်မြင့်မားခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်

ပညာရည်မြင့်မားခြင်းသည် ဒေသများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ချရသည့် အာမခံချက်ပင်ဖြစ်ကြောင်း၊ ပူတာအိုဒေသမှ ပညာတတ်များ ပေါ်ထွန်းခဲ့သည့် အစဉ်အလာ ကောင်းများရှိပြီးဖြစ်၍ ထိုအစဉ်အလာကို ဆက်လက်ထိန်းသိမ်းနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ပူတာအိုဒေသတွင်းရှိ ကျောင်းနေအရွယ်ကလေးငယ်များ ပညာရည်မြင့်မားတိုးတက်စေရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပညာရေးဝန်ထမ်းများမှပေးသည့် ပညာရေးသည် မိမိတို့ကလေးငယ်များ၏ အနာဂတ်ဘဝအထောက်အပံ့ကို များစွာဖြစ်စေနိုင်သောကြောင့် ပညာရေးဝန်ထမ်းများကိုလည်း အားပေးစောင့်ရှာက်ရန်လိုအပ်ကြောင်း၊ မိမိတို့၏ ကလေးငယ်များ၏ အနာဂတ်ဘဝခရီးတစ်လျှောက်လုံး ပူပင်ကြောင့်ကျကင်းစွာဖြင့် နေထိုင်နိုင်ရေးနှင့် ဘဝတိုးတက်ရေးအတွက် ပညာရေးကို အင်ပြည့်အားပြည့်ဖြင့် အားပေးပြီး လမ်းမှန်ကိုရောက်အောင် အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ တစ်ဦးချင်း ပညာရည်မြင့်မားမှုမှ ဒေသတွင်းပညာရည်မြင့်မားမှုကိုဖြစ်ပေါ်စေပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

(၁၄ - ၁၂ - ၂၀၂၂)



ဒေသခံတိုင်းရင်းသားများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် တပ်များဖြစ်သဖြင့် ဒေသခံများနှင့်တပ် စည်းလုံးညီညွတ်မှု ရှိရမည်ဖြစ်ပြီး စုစုစည်းစည်းဖြင့် ညီညီညွတ်ညွတ်ရှိရမည်ဖြစ်ကြောင်း၊ စုစည်းညီညွတ်သည့်အင်အားရှိမည်ဆိုပါက မည်သူမှမိမိတို့၏ တပ်ရင်းတပ်ဖွဲ့ကို ထိခိုက်အောင်ဆောင်ရွက်၍ရနိုင်မည်မဟုတ်ကြောင်း၊ အလားတူ ဒေသတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအားလုံး အတူတကွစုစည်းညီညွတ်စွာ နေထိုင်မည်ဆိုပါက ဒေသကို မည်သူမျှထိ၍ရမည်မဟုတ်သဖြင့် စည်းလုံးခြင်း၏အားကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဒီဇင်ဘာလ (၁၄) ရက် နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများ၊ ပူတာအိုတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

စုစည်းညီညွတ်သည့် အားကိုတည်ဆောက်

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် ပူတာအို ဒေသသည် သွားရေး လာရေး ကန့်သတ်ချက်ရှိသည့် နေရာတစ်ခုဖြစ်ပြီး ရာသီမရွေးသွားလာနိုင်ရေးအတွက် လမ်းပန်း ဆက်သွယ်မှု ပိုမိုအဆင်ပြေချောမွေ့စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပူတာအိုဒေသအတွင်း ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဒေသတွင်တာဝန် ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်း

မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများတွင် တာဝန်ကျေပွန်ခြင်း၊ စည်းကမ်းတကျရှိပြီး အမိန့်နာခံတတ်မှုရှိခြင်းတို့သည် မိမိတို့၏ အဆင့်တိုးမြှင့်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဘဝတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ရရှိထားသည့် ရာထူးအဆင့်နှင့် လျော်ညီထိုက်တန်အောင် ဆောင်ရွက်ကြရန်လို၊ သုတ၊ ရသများပြည့်စုံ နေစေရန်အတွက် စာပေများကို ဖတ်ရှုလေ့လာ နေရန်လို၊ ထိုသို့ လေ့လာနိုင်ရန်အတွက် တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးထား၊ စာပေဖတ်ရှုခြင်းသည် မိမိတို့ဘဝအတွက် များစွာအထောက်အကူ ပြုနိုင်သဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ အားလုံး အမြဲမပြတ် ဖတ်ရှုလေ့လာနေရန်လို။

များ၊ ဒေသခံများ အားလုံး စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြရန်လိုကြောင်း၊ နယ်မြေခံတပ်ဖြစ်သဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များတွင် ဒေသခံ တိုင်းရင်းသားများနှင့်တိုင်းရင်းသူများပါဝင်ကြောင်း။

အမျိုးသမီးများသည် မိခင်စိတ်ရှိကြပြီး ၎င်း၏ မိသားစုကိုကာကွယ်လိုသည့်စိတ် အခြေခံရှိပြီးဖြစ်ကြောင်း၊ အချို့သောဒေသများရှိတပ်ရင်းတပ်ဖွဲ့များသို့ လက်နက်ကိုင် အဖွဲ့များက အလစ်အငိုက် လာရောက်တိုက်ခိုက်ခဲ့ချိန်တွင် တပ်မတော်သားမိသားစုဝင် အမျိုးသမီးများ အနေဖြင့် မိမိတို့၏သားသမီးများနှင့် မိမိတပ်ကိုမထိခိုက်အောင် ကာကွယ်လိုသည့်စိတ်ဖြင့် လာရောက်တိုက်ခိုက်သူများကို ရွပ်ရွပ်ချုံချုံ ပြန်လည်တိုက်ခိုက်ခဲ့ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မိခင်စိတ်နှင့် ဖခင်စိတ်ကို ပေါင်းစပ်လိုက်မည်ဆိုပါက မိသားစုတစ်ခုသည် စည်းလုံး ညီညွတ်သည့်အားရှိသည့် မိသားစုတစ်ခု ဖြစ်လာမည် ဖြစ်ကြောင်း၊ ပူတာအိုဒေသတွင်လည်း အဆိုပါစိတ်ဓာတ် များရှိအောင် တည်ဆောက်သွားကြရန်လိုပြီး စုပေါင်းသည့် အားဖြင့် စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ပူတာအိုဒေသသည် အေးမြသည့်ဒေသဖြစ်သဖြင့် ရာသီဥတုနှင့်ကိုက်ညီပြီး မိမိတို့စားရေးကို အထောက်အကူ ပြုနိုင်သည့် စားပင်သီးနှံများကို စိုက်ပျိုးရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင် ဖြစ်ထွန်းအောင် တတ်နိုင်သမျှ ဆောင်ရွက်နိုင်သည့် အခြေ အနေရှိသောကြောင့် တပ်ဌာနချုပ်များတွင် တာဝန်ထမ်း ဆောင်သူများအနေဖြင့် တပ်ပိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက် ကြရန်လိုကြောင်း၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း အောင်မြင်ဆောင်ရွက်မည်ဆို ပါက စားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက် အကူပြုနိုင်မည်ဖြစ်ကြောင်း။

စည်းကမ်းစနစ်တကျရှိပြီး စစ်ရေးအသိ၊ စစ်ရေးသတိ အမြဲရှိရမည်

တပ်မတော်တွင် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက် ဆိုင်ရာညွှန်ကြားချက်များ ရှိပြီးဖြစ်ကြောင်း၊ စည်းကမ်း တကျရှိစေရန်နှင့် စည်းစနစ်ကျနစေရန်အတွက် အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိခြင်းဖြစ်ကြောင်း၊ စစ်စည်းကမ်းများနှင့်အညီ နေထိုင်ကျင့်ကြံနေထိုင်ရန် လိုအပ်သကဲ့သို့ ကိုယ်ပိုင်အချိန်များတွင်လည်း စည်းကမ်းရှိစွာဖြင့် လွတ်လပ်စွာ နေထိုင်ရန် ခွင့်ပြုပေး ထားကြောင်း၊ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ သတ်မှတ်ဝတ်စုံများ ဝတ်ဆင်ရာတွင် စနစ်တကျရှိရန်လို အပ်သကဲ့သို့ အရပ်ဝတ် ဝတ်ဆင်ရာတွင်လည်း သေသပ်မှု ရှိရန်လိုကြောင်း၊ စစ်စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံ မှုရှိခြင်းသည် စစ်သည်တစ်ဦးချင်း၏ ဘဝအတွက် ကောင်း မွန်သည့် အလေ့အကျင့်တစ်ခုပင်ဖြစ်ကြောင်း၊ **မိမိတို့ နေ့စဉ်လုပ်ဆောင်နေရသည့် လုပ်ငန်းစဉ်များကို မှန်မှန် ကန်ကန်ဆောင်ရွက်၍ စည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီ နေထိုင်လုပ်ကိုင်မည်ဆိုပါက လေ့ကျင့်သားပြည့်ဝပြီး အရည်အသွေး ပြည့်ဝသည့်စစ်သည်များ ဖြစ်လာမည် ဖြစ်ကြောင်း။**

စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိတို့ကိုင်ဆောင်နေ ရသည့် လက်နက်များ၊ အသုံးအဆောင်ပစ္စည်းများကို

ကျွမ်းကျင်စွာအသုံးချနိုင်ရန်အတွက် အမြဲလေ့ကျင့်နေရန်လိုကြောင်း၊ သို့မှသာ စစ်မြေပြင်တွင် လက်နက်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ တာဝန်ထမ်းဆောင်ချိန်ကာလများတွင် သတိဖြင့် နေထိုင်လုပ်ကိုင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်မြေပြင်၌ အချိန်၊ ရာသီဥတု၊ မြေအနေအထားတို့အပေါ်တွင် မူတည်၍ အလစ်အငိုက်တိုက်ခိုက်ကြခြင်းဖြစ်သဖြင့် သွားသတိ၊ လာသတိ၊ စားသတိ၊ နေသတိဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း။

ပညာရေးအားပေးမြှင့်တင်

စစ်သည်တစ်ဦးချင်း၏ သတ်မှတ်အချိန်အတွင်း ရာထူးတိုးတက်ရေးအတွက် သတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်ပေးထားကြောင်း၊ **မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများတွင် တာဝန်ကျေပွန်ခြင်း၊ စည်းကမ်းတကျရှိပြီး အမိန့်နာခံတတ်မှုရှိခြင်းတို့သည် မိမိတို့၏ အဆင့်တိုးမြှင့်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဘဝတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ရရှိထားသည့် ရာထူးအဆင့်နှင့် လျော်ညီထိုက်တန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း**၊ သုတ၊ ရသများပြည့်စုံနေစေရန်အတွက် စာပေများကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ ထိုသို့ လေ့လာနိုင်ရန်အတွက် တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးထားကြောင်း၊ **စာပေဖတ်ရှုခြင်းသည် မိမိတို့ ဘဝအတွက် များစွာအထောက်အကူပြုနိုင်သဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံး အမြဲမပြတ် ဖတ်ရှုလေ့လာနေရန်လို**ကြောင်း၊ အလားတူ တပ်မတော်သားမိသားစုဝင်များ၏ သားသမီးများ ပညာရည်မြင့်မားရေးအတွက် တပ်မတော်မှ အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့ကိုယ်တိုင်ကလည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ပြင် ပူတာအိုဒေသသည် ဝေးလံခေါင်ဖျားပြီး ရာသီဥတုအေးမြသည့် ဒေသဖြစ်သဖြင့် ကျန်းမာရေးကို အလေးထားနေထိုင်ရန်လိုကြောင်း၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေသည့် ကိုယ်လက်လှုပ်ရှားအားကစားများဆောင်ရွက်ရန်နှင့် မိမိဘဝအတွက် အကျိုးမရှိသည့် အသောက်အစားနှင့်အပျော်အပါးများကို ဆင်ခြင်တုံတရားဖြင့် ထိန်းသိမ်းနေထိုင်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

■ ■ ■

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော် (လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်နှင့် တပ်မတော်၏ လေကြောင်းစွမ်းပကားမြင့်မားစေရန်အတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

(၁၅-၁၂-၂၀၂၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော် (လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားတွင် နိုင်ငံတော်နှင့် တပ်မတော်၏ လေကြောင်းစွမ်းပကား မြင့်မားစေရန်အတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို ဒီဇင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့်ဇနီးများ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်

အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ စစ်မှူထမ်းဟောင်း အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြား ထားသည့်ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ပျံသန်းအလေးပြု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ အခမ်းအနားစတင် ရန် ခွင့်ပြုချက်တောင်းပြီး (၇၅)နှစ်မြောက် စိန်ရတု တပ်မတော်(လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သည့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ် တော်ဝင်အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် တပ်မ တော်(လေ)မှ စမ်းသပ်ထုတ်လုပ်သည့် MTX-1A အပါ အဝင် PT-6 လေယာဉ် ၁၅ စီးဖြင့် အင်္ဂလိပ်အက္ခရာ 75 ပုံစံ အုပ်ဖွဲ့ပျံသန်း၍ ရှုရပ်မဏ္ဍပ်၏ ရှေ့တူရွှမ့ ပျံသန်းဝင် ရောက်ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ပျံသန်းအလေးပြု ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြော ကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် (၇၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည့် တပ်မတော်(လေ)၏ စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်ကြောင်း၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့်ယနေ့တွင်တပ်မတော်(လေ) အတွက် အားသစ်လောင်းမည့် လေယာဉ်/ရဟတ်ယာဉ် အသစ်များကို တစ်ပါတည်း တပ်တော်ဝင်ပေးသွားမည် ဖြစ်ကြောင်း၊ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ ဆိုသည်မှာ ကြုံတောင့်ကြုံခဲ့ ဂုဏ်ယူစရာနေ့ထူးနေ့မြတ် ဖြစ်သည့်အတွက် အခမ်းအနားကို ကြွရောက်လာကြသည့် ဧည့်သည်တော်များ၊ ၇၅ နှစ်တာကာလအတွင်း တပ်မတော် (လေ)ကို ဦးဆောင်ခဲ့ကြသည့် အငြိမ်းစားကာကွယ်ရေး ဦးစီးချုပ်(လေ)များ၊ တပ်မတော်(လေ)တွင် ဦးဆွေးဆံမြွေ တာဝန်ထမ်းဆောင်နေကြသည့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် အငြိမ်းစားစစ်မှူထမ်းအားလုံး ကိုယ်စိတ်နှလုံးသုံးပါးလုံး ချမ်းမြေ့သာယာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါကြောင်း။

တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူပေါက်ဖွားလာသည့် မျိုးချစ်တပ်မတော်ဖြစ်သကဲ့သို့ တိုင်းရင်းသား

မြင့်မြတ်သည့်ဂုဏ်ဒြပ်များနှင့် အသက်ကို ပဓာနမထားဘဲ ပေးဆပ်တိုက်ပွဲဝင်ခဲ့ကြသည့် စံပြုထိုက်သည့် သူရဲကောင်းစစ်သည်တော် များကို တပ်မတော်ဆိုင်ရာ စွမ်းရည်ဘွဲ့ တံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ရာ သီဟသူရဘွဲ့ ၁ ဦး၊ သူရဘွဲ့ ၂၆ ဦး၊ သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ချီးမြှင့်ခံရသူ ၁၁၇ ဦးအထိ ချီးမြှင့်ခံရ သည်ကို ဂုဏ်ယူဖွယ်တွေ့ရမည်ဖြစ်၊ ထိုကဲ့သို့ မြင့်မြတ်သည့် အစဉ်အလာကောင်း များကို လေးစားတန်ဖိုးထားပြီး လက်ဆင့်ကမ်း အမွေဆက်လက်ထိန်းသိမ်းသွားကြရန်လည်း တိုက်တွန်းမှာကြားလို။

ညီအကိုမောင်နှမများဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စု တပ်မတော်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်အပေါ်ကျရောက် လာနိုင်သည့် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို ကာကွယ် တားဆီးရန် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းလည်း ဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ပြည်သူများနှင့်လက်တွဲပြီး အသက်၊ သွေး၊ ချွေးပေါင်းများစွာ ပေးဆပ်ဆောင်ရွက် ခဲ့ကြသည်ကို ခေတ်အဆက်ဆက် အထင်အရှားတွေ့ မြင်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့အစဉ်အလာကြီးမား သည့် ပြည်ထောင်စု တပ်မတော်ဆိုသည်မှာ တပ်မတော် (ကြည်း)၊ တပ်မတော်(ရေ)နှင့် တပ်မတော်(လေ) ဟူသည့် ညီနောင်တပ်ဖွဲ့ ၃ ခု ညီညွတ်စွာပေါင်းစုတည်ထောင်ထား သည့် နိုင်ငံလက်ရုံးအဖွဲ့အစည်းမျိုးကိုသာ ခေါ်ဆိုရမည့် အမည်နာမဖြစ်သည်ကို ဦးစွာပြောကြားလိုကြောင်း။

တပ်မတော်(လေ) ဖြစ်တည်လာပုံနှင့်ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုကြောင်း၊ လေကြောင်းပျံသန်းမှု ပညာရပ်သည် မြန်မာနိုင်ငံကို ဒုတိယကမ္ဘာစစ်မတိုင်မီ နယ်ချဲ့လက်အောက်ရှိနေစဉ်ကပင် ရောက်ရှိလာခဲ့ခြင်း ဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်တွင် ဗိုလ်ချုပ်

အောင်ဆန်းက လေတပ်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် တပ်ဖွဲ့တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပြီး လေတပ်ဖွဲ့စည်းနိုင်ရေး ခြေလှမ်းတစ်ရပ်အဖြစ် ဖြစ်ပေါ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင် ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်တွင် တပ်မတော်(လေ)အက်ဥပဒေကို ပြဋ္ဌာန်းခြင်းဖြင့် တပ်မတော်(လေ)ကို စတင်သန္ဓေတည်မွေးဖွားလာခဲ့ကြောင်း၊ တပ်မတော်(လေ) စတင်ဖွဲ့စည်းခဲ့သည့်အချိန်မှစပြီး ပြည်တွင်းသောင်းကျန်းမှုများ တိုင်းပြည်အနှံ့ပေါ်ပေါက်လာခဲ့သည့်အတွက် စီမံခန့်ခွဲမှု၊ လေ့ကျင့်မှုနှင့် ဖွဲ့စည်းမှုများပြုလုပ်နေဆဲ၌ပင် တိုက်ခိုက်ရေးတာဝန်များကို မဖြစ်မနေထမ်းဆောင်ရန် ဖြစ်လာခဲ့ရကြောင်း၊ Burma Air Force – BAF မှ Myanmar Air Force – MAF အဖြစ် ၁၉၉၀ ပြည့်နှစ်တွင် အမည်ပြောင်းလဲခဲ့ကြောင်း၊ ယခုစိန်ရတု ကာလပြည့်မြောက်သည့်နှစ်၌ စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးတိုက်လေယာဉ်များ ရရှိပိုင်ဆိုင်လာခြင်းဖြင့် တပ်မတော်(လေ)အတွက် ထူးခြားသည့်အားအင်သစ်များ ဆောင်ကြဉ်းပေးလာခြင်းပင် ဖြစ်ကြောင်း။

စက်မှုလက်မှုအပိုင်းတွင် ခေတ်မီလေယာဉ်/ရဟတ်ယာဉ်နှင့် လက်နက်စနစ်များ၊ အထောက်အကူစနစ်များကို ပြည်တွင်း၌ပင် တတ်နိုင်သမျှ ပြုပြင်ထိန်းသိမ်းပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ရေး လေယာဉ်နှင့် အင်ဂျင်ပြင်ဆင်ရေးအလုပ်ရုံများ၊ Universal Service Support Center များ၊ အစိတ်အပိုင်းထုတ်လုပ်ရေးအလုပ်ရုံများ ဖြည့်ဆည်းတပ်ဆင်ပေးခဲ့ကြောင်း၊ ထို့ကြောင့် ခေတ်မီစတုတ္ထမျိုးဆက် တိုက်လေယာဉ်များအထိ ပြည်တွင်း၌ ပုံမှန်စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်နေပြီ ဖြစ်ကြောင်း။

သမိုင်းကဏ္ဍသစ်ဖွင့်လှစ်

တပ်မတော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ တာဝန်ထမ်းဆောင်လျက်ရှိပြီး အမျိုးသားများသာမက အမျိုးသမီးများပါ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တပ်မတော်(လေ)၌ ၁၉၅၄ ခုနှစ်ကတည်းက အမျိုးသမီးအုပ်ချုပ်မှုအရာရှိ ၄ ဦး ရှိခဲ့ပြီး ဖြစ်သည်ကို တွေ့ရကြောင်း၊ ၁၉၅၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်တွင် ဗိုလ်ဒေါ်လှသန်းက စက်မဲ့ဂလိုက်ဒါကို တစ်ဦးတည်းမောင်းနှင်ပြသခဲ့ခြင်းဖြင့် တပ်မတော်(လေ)၏ အမျိုးသမီးများ သမိုင်းကဏ္ဍသစ်ကို ဖွင့်လှစ်ခဲ့ကြောင်း။

ထို့နောက်ပိုင်းတွင် အမျိုးသမီးများ၏ကဏ္ဍ တိမ်မြုပ်ခဲ့ရသော်လည်း ၂၀၁၄ ခုနှစ်မှစပြီး အမျိုးသမီးများကို နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင်ရန် ပြန်လည်စီစဉ်ခဲ့ရာ ယခုအချိန်တွင် အုပ်ချုပ်မှုပိုင်းသာမက တိုက်လေသူရဲ၊ သယ်ယူပို့ဆောင်ရေးလေသူရဲနှင့် ရဟတ်ယာဉ်လေသူရဲ စသည်ဖြင့် တပ်မတော်(လေ)၏ ပျံသန်းရေးဆိုင်ရာကဏ္ဍမျိုးစုံအထိ အမျိုးသားလေသူရဲများနှင့်တန်းတူ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်လျက်ရှိကြောင်း။

တပ်မတော်(လေ)သမိုင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသည့်တိုက်ပွဲများကို ပြန်ကြည့်မည်ဆိုပါက လေတပ်ဦးစီးချုပ်မှစ၍ လေသူရဲငယ်များအထိ အဆင့်အတန်းအားလုံးသည် နိုင်ငံတော်အတွက် အသက်ကိုပဓာနမထားဘဲ မျိုးချစ်စိတ်၊ စွန့်လွှတ်စွန့်စားစိတ်များဖြင့် ပေးဆပ်သက်သေပြခဲ့ကြသည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရမည်ဖြစ်ကြောင်း၊ မဲခေါင်စစ်ဆင်ရေးကာလတွင် စွန့်လွှတ်စွန့်စားရင်း အသက်ပေးခဲ့ရသည့် လေသူရဲဒုဗိုလ်ပီတာကို နိုင်ငံတော်က "သူရ" ဘွဲ့ ချီးမြှင့်ပေးခဲ့ကြောင်း၊ အလားတူ ၁၉၇၇ ခုနှစ် ခြူးရွှေ- ပန်ကောက် တိုက်ပွဲကာလအတွင်း ရဲဝံ့စွန့်စားစွာတိုက်ခိုက်ရင်း ဗိုလ်မှူးအုန်းခိုင်ကျဆုံးခဲ့ရကြောင်း၊ ၎င်း၏ ပြောင်မြောက်သည့် သတ္တိနှင့် ရဲရင့်မှုများအတွက် နိုင်ငံတော်က "သူရ" ဘွဲ့ ချီးမြှင့်ပေးခဲ့ကြောင်း။

စွမ်းဆောင်နိုင်မှုများနှင့် အောင်မြင်မှုများသည် တပ်မတော်(လေ)ကို စတင်တည်ထောင်စဉ်ကစပြီး အခုအချိန်အထိ လက်ဆင့်ကမ်းတာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိ/စစ်သည်များ၏ မဆုတ်မနစ် စွမ်းစွမ်းတမံဆောင်ရွက်မှုများနှင့် စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်များကြောင့်သာဖြစ်ကြောင်း၊ ထိုကဲ့သို့ မြင့်မြတ်သည့် ဂုဏ်ဒြပ်များနှင့် အသက်ကိုပဓာနမထားဘဲ ပေးဆပ်တိုက်ပွဲဝင်ခဲ့ကြသည့် စံပြုထိုက်သည့် သူရဲကောင်းစစ်သည်တော်များကို တပ်မတော်ဆိုင်ရာ စွမ်းရည်ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ရာ သီဟသူရဘွဲ့ ၁ ဦး၊ သူရဘွဲ့ ၂၆ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ချီးမြှင့်ခံရသူ ၁၁၇ ဦးအထိ ချီးမြှင့်ခံရသည်ကို ဂုဏ်ယူဖွယ်တွေ့

ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ မြင့်မြတ်သည့် အစဉ်အလာ ကောင်းများကို လေးစားတန်ဖိုးထားပြီး လက်ဆင့်ကမ်း အမွေ ဆက်လက်ထိန်းသိမ်းသွားကြရန်လည်း တိုက်တွန်း မှာကြားလိုကြောင်း။

စမ်းသပ်ထုတ်လုပ်နိုင်ခဲ့

(၇၅)နှစ်တာကာလခရီးကို ဖြတ်သန်းလာခဲ့ပြီးသည့် ယနေ့အချိန်တွင် တပ်မတော်(လေ)သည် မျိုးဆက်သစ် လေသူရဲများဖြင့် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး တိုက်လေယာဉ်များ၊ နည်းဗျူဟာမြောက် သယ်ယူ ပို့ဆောင်ရေးလေယာဉ်များဖြင့် အဆင့်မြင့် တိုက်လေယာဉ်/ ရဟတ်ယာဉ်များကို အားမာန်အပြည့်မောင်းနှင်ပျံသန်း နိုင်ကြပြီဖြစ်ကြောင်း၊ နည်းပညာသုတေသနပြု စမ်းသပ် ထုတ်လုပ်နိုင်မှုအပိုင်းတွင်လည်း MTX–1A လေယာဉ်နှင့် SR–1 UAV များကို ကိုယ်တိုင်စမ်းသပ်ထုတ်လုပ်နိုင်ခဲ့သည် ကို တွေ့ရှိရကြောင်း။

ဂုဏ်ပြုမှတ်တမ်းတင်

တပ်မတော်(လေ)အနေဖြင့် စိန်ရတုခရီးကာလ အတွင်း နိုင်ငံတော်ကာကွယ်ရေး၊ရပ်ရွာအေးချမ်းသာယာ ရေးနှင့် တရားဥပဒေစိုးမိုးရေးများအပြင် သဘာဝဘေး အန္တရာယ်ဆိုင်ရာ ကူညီရှာဖွေကယ်ဆယ်ရေး၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး စသည့် ကဏ္ဍအသီးသီးတွင် ကျရာနေရာမှ ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ၇၅ နှစ်တာကာလအတွင်း နိုင်ငံတော်၏ ကျရာတာဝန်များကို ဦးဆွေးဆံမြွေ့ တာဝန် ထမ်းဆောင်ခဲ့ကြသူများ၊ တာဝန်ထမ်းဆောင်ဆဲတပ်မတော် (လေ) တပ်ဖွဲ့ဝင်များအားလုံးကို ဂုဏ်ပြုမှတ်တမ်းတင် ကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့ တပ်တော်ဝင်မည့် လေယာဉ်၊ ရဟတ်ယာဉ် များ၏ စွမ်းပကားများ ထပ်မံပေါင်းစပ်လိုက်မည်ဆိုပါက တပ်မတော်(လေ)အနေဖြင့် မဟာဗျူဟာမြောက် အလှမ်းမီ စစ်ဆင်နိုင်မှုအပြင် ရေငုပ်သင်္ဘော တန်ပြန်စစ်ဆင်နိုင် မှုများပါ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဝေဟင်၊ မြေပြင်၊ ရေပြင်နှင့် ရေအောက် Dimension လေးခုလုံး တွင် စွမ်းအားပြည့် စစ်ဆင်နိုင်တော့မည်ဖြစ်ကြောင်း။

တပ်မတော်၏ဂုဏ်ကိုမြှင့်တင်

စိန်ရတုကာလအထိ သမိုင်းအဆက်ဆက် တိုင်းပြည် တာဝန်များကို ကျရာအခန်းကဏ္ဍမှ ကျေပွန်အောင်ထမ်း ဆောင်နိုင်ခဲ့သည့် တပ်မတော်(လေ)၏ အစဉ်အလာ ကောင်းများကို မျိုးဆက်သစ်များက ဆက်လက် ထိန်းသိမ်းပြီး တို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ် ထားကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် ကာကွယ်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ဆက်လက် ပါဝင်ဆောင်ရွက်သွားကြရန်၊ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်အားလုံးသည် တပ်မတော်ရှိအခြားသောညီနောင် တပ်ဖွဲ့များနှင့် ကျောချင်းကပ်၊ ရင်ချင်းအပ်ပြီး တက်ညီ လက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ နောင်တော် သူရဲကောင်းစစ်သည်တော်များ၏ စွမ်းဆောင်နိုင်ခဲ့မှုများ အတွက် ဂုဏ်ယူသင်ခန်းစာယူပြီး နောင်တော်များကဲ့သို့ ပေးအပ်လာမည့် တာဝန်နှင့်ဝတ္တရားများကို ဦးလည်မသုန် ကျေပွန်စွာဆက်လက်ထမ်းရွက်ကြရန်၊ ယခု တပ်တော်ဝင် ပေးလိုက်သည့် လေယာဉ်များကို စစ်သည်တော်ကျင့်ဝတ် ပါ "မိမိလက်နက်ကို ခင်မင်မြတ်နိုးပါ" ဟူသည့်အတိုင်း စည်းကမ်းစနစ်တကျ မြတ်နိုးစွာကိုင်တွယ်ပျံသန်းပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

(၇၅) နှစ်တာကာလတစ်လျှောက် နိုင်ငံတော်နှင့် တပ်မတော်အတွက် ကျရာကဏ္ဍအသီးသီးမှ တာဝန်ကျေ ပွန်အောင် မှတ်ကျောက်တင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်(လေ) မိသားစုများအားလုံးကို ချီးကျူးဂုဏ် ပြုမှတ်တမ်းတင်ကြောင်းနှင့် အနာဂတ်ကာလတွင်လည်း ကျရာတာဝန်များကို စွမ်းစွမ်းတမံ ဆက်လက်ကြိုးပမ်း ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

တပ်တော်ဝင်အဖြစ် ကြေညာ

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ် ကြီးထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ် တော်ဝင်ခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြော ကြားပြီး စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်က လေယာဉ်၊ ရဟတ်ယာဉ်များအား တပ် တော်ဝင်အဖြစ် ကြေညာသည်။

ဌင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်

အထိမ်းအမှတ် လေယာဉ်ပုံစံငယ် ပေးအပ်သည်။

ဆက်လက်၍ လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်းများပြသကြရာ ဦးစွာ အချိန်ကိုက်ပျံသန်းအလေးပြုခြင်း အစီအစဉ်အရ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် ၁ စီးက နိုင်ငံတော်အလံကိုချိတ်ဆွဲပြီး တိုက်ခိုက်ရေးရဟတ်ယာဉ် ၃ စီးတို့က တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများကိုချိတ်ဆွဲလျက် Composite Trail Formation ခေါ်အတန်းလိုက်အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းခြင်း၊ အမျိုးအစားမတူညီသည့် ရဟတ်ယာဉ် ၄ စီးတို့က Composite Box Formation အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းအလေးပြုခြင်း၊ အပေါ့စားသယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်ဖြင့် Hoist စွမ်းရည်ပြသခြင်း၊ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်ဖြင့် Bambi Bucket အသုံးပြု၍ မီးငြိမ်းသတ်မှုအားသရုပ်ပြခြင်း၊ အမျိုးအစားမတူညီသော ကင်းထောက်လေယာဉ် ၁ စီး၊ သယ်ယူပို့ဆောင်ရေးလေယာဉ် ၂ စီးတို့ဖြင့် Composite Arrow Head Formation အုပ်ဖွဲ့ပုံစံ ပျံသန်းအလေးပြုခြင်းများ ဆောင်ရွက်ကြသည်။

ပျံသန်းအလေးပြု

ယင်းနောက် အမျိုးအစားမတူသည့် သယ်ယူပို့ဆောင်ရေးလေယာဉ် ၃ စီး တို့က Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းအလေးပြုခြင်း၊ မြွေဟောက်အုပ်ဖွဲ့မှ ဂျက်တိုက်လေယာဉ် ၁ စီး နှင့် အမောင်းသင်ဂျက်တိုက်လေယာဉ် ၃ စီးတို့သည် Composite Box Formation အုပ်ဖွဲ့ပုံစံဖြင့် ပျံသန်းအလေးပြုပြီး အမောင်းသင်ဂျက်တိုက်လေယာဉ် ၃ စီးမှ တပ်မတော်(လေ)ကို ကိုယ်စားပြုသည့် အဝါရောင်၊ အဖြူရောင်၊ အပြာရောင် မီးခိုးတန်း Smoke Trail များကို ထုတ်လွှတ်လျက်ပျံသန်းခြင်း၊ ဗုံးကြဲလေယာဉ် ၁ စင်းနှင့် အပေါ့စားဂျက်တိုက်လေယာဉ် ၄ စင်းတို့သည် Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့်ပျံသန်းအလေးပြုခြင်း၊ ဘက်စုံသုံးဂျက်တိုက်လေယာဉ် ၁ စီးနှင့် ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ် ၄ စင်းတို့သည် Composite Arrow Head Formation အုပ်ဖွဲ့ပုံစံဖြင့်ပျံသန်းအလေးပြုခြင်း၊ ဘက်စုံသုံးတိုက်ခိုက်ရေးလေယာဉ် ၆ စင်းတို့က Wedge Formation အုပ်ဖွဲ့ပုံစံဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ပျံသန်းအလေးပြုခြင်းများဆောင်ရွက်ခဲ့ကြပါသည်။

ထို့နောက် ဘက်စုံသုံးဂျက်တိုက်လေယာဉ်ဖြင့် ပျံသန်းအလေးပြုပြီး လှုပ်ရှားစစ်ကစားနိုင်မှု စွမ်းရည်ပြသပျံသန်းရာ ဂျက်တိုက်လေယာဉ်သည် High Speed Flight ဖြင့် သရုပ်ပြပျံသန်းပြီး ရန်သူ့ထံမှ တန်ပြန်ပစ်ခတ်လာနိုင်သော လေကြောင်းရန်ကာကွယ်ရေးလက်နက်များအား ရှောင်ရှားပျံသန်းရာတွင် အသုံးပြုသည့် စစ်ကစားမှုပုံစံ Combat Turn ဖြင့် လေယာဉ်အား ရေပြင်ညီအနေအထားမှ ညာဘက်သို့ ရုတ်ချည်းကွေ့၍ ဆွဲတင်ရသည့် စစ်ကစားမှုပုံစံအား သရုပ်ပြခြင်း၊ Level 8 ဟုခေါ်သည့် အင်္ဂလိပ်အက္ခရာ ၈ ပုံသဏ္ဌာန် ရေပြင်ညီကွေ့ဝိုက်ပျံသန်းသရုပ်ပြခြင်း၊ မိမိလေယာဉ်နောက်မှ ထပ်ချပ်မကွာလိုက်လာသော ရန်သူကိုလှည့်စားသည့်အနေဖြင့် ဘယ်သို့မဟုတ် ညာသို့ Aileron Roll ပြုလုပ်ကာ စစ်ကစားမှုပြုလုပ်ပျံသန်းခြင်း၊ တိုက်လေယာဉ်တစ်စင်းအတွက် Radius of Turn ကျဉ်းကျဉ်းကွေ့နိုင်ခြင်းအားဖြင့် လေယာဉ်ချင်းစီးချင်းထိုးစစ်ကစားချိန်တွင် အားသာမှုရရှိစေနိုင်ရန်ပြုလုပ်သည့် Maximum Banking Turn အား သရုပ်ပြပျံသန်းခြင်းများနှင့် အမြန်နှုန်းအနိမ့်ဆုံးဖြင့် စွမ်းရည်ပြရန်အတွက် Slow Flight ပျံသန်းခြင်းများအားဆောင်ရွက်၍ လေယာဉ်မောင်းစွမ်းရည်များအား ပြသခဲ့ကြသည်။

ဆက်လက်၍ စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစားတိုက်လေယာဉ်ဖြစ်သည့် Su-30 SME တိုက်လေယာဉ် ၁ စင်းဖြင့် ပျံသန်းအလေးပြုပြီး ယင်းတိုက်လေယာဉ်၏ အဆင့်မြင့်လှုပ်ရှားစစ်ကစားမှု (High Performance Maneuver) များကို စွမ်းရည်ပြပျံသန်းခြင်းများ ဆောင်ရွက်သည်။

ထိုသို့ စွမ်းရည်ပြသရာတွင် Tail Slide ဟုခေါ်သော ဒေါင်လိုက်ပျံတက်ပြီး အမြန်နှုန်း Zero သို့လျှော့ချကာ အောက်သို့ ဒေါင်လိုက်ပြန်လည်လျှောကျသည့် ပျံသန်းမှုပုံစံအား သရုပ်ပြခြင်းနှင့် Flap Spin ဟုခေါ်သည့် ရေပြင်ညီအပြားလိုက် လည်ကျသောပျံသန်းမှုပုံစံအား သရုပ်ပြသသည်။ Flap Spin Maneuver သည် သာမန်ဂျက်တိုက်လေယာဉ်များ မပြုလုပ်နိုင်သော ပျံသန်းမှုအမျိုးအစားဖြစ်ပြီး Su-30 တိုက်လေယာဉ်တွင်မူ လေယာဉ်၏ အင်ဂျင်ပိုင်း၊ ကိုယ်ထည်ပိုင်းနှင့် ပျံသန်းမှုထိန်းသိမ်းသည့်စနစ်များကို အဆင့်မြင့်နည်းပညာများနှင့်

ပေါင်းစပ်ပြုလုပ်ထားသောကြောင့် Flap Spin Maneuver ကို ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် လိုအပ်သောအမြင့်သို့ အမြန်ဆုံးတက်ရောက်လိုသည့် အချိန်တွင်လည်းကောင်း၊ အမြန်နှုန်းလျှော့နည်းနေစဉ်တွင် လေယာဉ်၏ဦးတည်ရာ လမ်းကြောင်းအား ရုတ်ချည်းပြောင်းလဲလိုသော အချိန်တွင်လည်းကောင်း အသုံးပြုရသည့် စစ်ကစားမှုပုံစံအမျိုးအစားဖြစ်သော လေယာဉ်အား အပေါ်သို့ရုတ်ချည်းဒေါင်လိုက်ဆွဲတင်ပြီး တဆက်တည်းတွင် အောက်သို့ရုတ်တရက်ပြန်လည်စိုက်ဆင်းသည့် Zoom & Dive with 900 Maneuver အား သရုပ်ပြပျံသန်းခြင်း၊ မိမိလေယာဉ်၏နောက်မှ အနီးကပ်လိုက်ပါလာသည့် ရန်သူ့လေယာဉ်ကို မိမိ၏မြင်ကွင်း၊ ပစ်ကွင်းရှေ့သို့ ပြန်လည်ရောက်ရှိစေပြီး အမြန်ဆုံးပြန်လည်တိုက်ခိုက်နိုင်သည့် စစ်ကစားမှုပုံစံဖြစ်သော High AOA Roll အား သရုပ်ပြပျံသန်းခြင်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အမြန်နှုန်း 100 Km/hr ခန့်နှင့် ပျံသန်းသော Slow Flight ဖြင့် အလေးပြုပျံသန်းခြင်းများ ဆောင်ရွက်၍ လေယာဉ်မောင်းစွမ်းရည်များအား ပြသခဲ့ကြသည်။

ဧဝိတဒါနဌာန်လွှတ်

ထို့နောက် Su-30 တိုက်လေယာဉ်သည် မည့်သည့်အခြေအနေ၊ အမြန်နှုန်း၊ အမြင့်ပေတွင်မဆို လေယာဉ်ကွင်းသို့ ရုတ်ချည်းဆင်းသက်နိုင်စွမ်းရှိခြင်းအား Maximum Banking Turn & Loop for Landing Maneuver ဖြစ်သည့် လေယာဉ်ပြေးလမ်းအတိုင်းပျံသန်းလာပြီး ရုတ်တရက်ကွေ့ကာ တစ်ဆက်တည်းပင် ဒေါင်လိုက်အပေါ်သို့ဆွဲတင်၍ Loop ထိုးပြီး လေယာဉ်ပြေးလမ်းသို့ ပြန်လည်ဆင်းသက်သော ပျံသန်းမှုစွမ်းရည်အား ပြသပျံသန်းသည်။

ဆက်လက်၍ ဧဝိတဒါနဌာန်လွှတ်ခြင်း ဆောင်ရွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များကတပ်မတော်(လေ)၏(၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ၄ဂ်အကောင်ရေ ၇၅ ကောင်တို့ကို ဘေးမဲ့လွှတ်ပေးကြပြီးနောက် တပ်တော်ဝင်လေယာဉ်၊ ရဟတ်ယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ တပ်တော်ဝင် လေယာဉ်၊ ရဟတ်ယာဉ်များကိုလှည့်လည်ကြည့်ရှုကြပြီး အမှတ်ရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင်ပါဝင်သော လေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့ကျင်းပပြုလုပ်သည့်လေယာဉ်၊ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားတွင်ပါဝင်သည့် Su-30 SME လေယာဉ်သည် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစားတိုက်လေယာဉ်ဖြစ်ပြီး တပ်မတော်(လေ)အတွက် ပထမဦးဆုံးစတင်အသုံးပြုသည့် Heavy Fighter အမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

FTC 2000 G လေယာဉ်သည် ဘက်စုံသုံးအပေါ့စားတိုက်ခိုက်ရေး လေယာဉ်အမျိုးအစားဖြစ်ပြီး ဝေဟင်-ဝေဟင်စစ်ဆင်ခြင်း၊ ဝေဟင်-မြေပြင်စစ်ဆင်ခြင်း၊ အနီးကပ်လေကြောင်းပစ်ကူပေးခြင်း၊ ပိုင်းဖြတ်တိုက်ခိုက်ခြင်း၊ လက်နက်တပ်ဆင်ကင်းထောက်ခြင်း တာဝန်များကို ထမ်းဆောင်နိုင်ကြောင်း၊ Ka-28 ရေငုတ်သင်္ဘောတိုက်ဖျက်ရေး ရဟတ်ယာဉ်သည် ပင်လယ်ပြင်ကင်းထောက်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်အောက်ရှိ ရေငုတ်သင်္ဘောများအား ရှာဖွေတိုက်ခိုက်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းတာဝန်များကို ထမ်းဆောင်နိုင်ကြောင်း၊ FT-7 ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ်နှင့် K-8W လေယာဉ်များသည် အမောင်းသင်ကျက်တိုက်လေယာဉ်နှင့် အပေါ့စားတိုက်ခိုက်ရေးလေယာဉ် အမျိုးအစားများဖြစ်ပြီး ဝေဟင်-ဝေဟင်စစ်ဆင်ခြင်း၊ ဝေဟင်-မြေပြင်စစ်ဆင်ခြင်း၊ အနီးကပ်လေကြောင်းပစ်ကူပေးခြင်း၊ ပိုင်းဖြတ်တိုက်ခိုက်ခြင်း၊ လက်နက်တပ်ဆင်ကင်းထောက်ခြင်းနှင့်လွှဲပြောင်းသင်တန်းပို့ချခြင်း တာဝန်များကိုထမ်းဆောင်နိုင်ကြောင်း၊ Y-8 လေယာဉ်သည် သယ်ယူပို့ဆောင်ရေး လေယာဉ်အမျိုးအစားဖြစ်ပြီး အဓိကပုဂ္ဂိုလ်သယ်ပို့ခြင်း၊ ခရီးသည်သယ်ပို့ခြင်း၊ ကုန်ပစ္စည်းများသယ်ပို့ခြင်း၊ ကုန်ပစ္စည်းများသယ်ဆောင်ခြင်း၊ လေထီးခုန်ခြင်း၊ ပင်လယ်ပြင်ကင်းထောက်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းတာဝန်များကို ထမ်းဆောင်နိုင်ကြောင်းသိရှိရပြီး တပ်မတော်(လေ)အတွက် အားသစ်လောင်းသည့်အနေဖြင့် ထပ်မံ၍ တပ်တော်ဝင်ခြင်းဖြစ်ကြောင်းသိရှိရသည်။

များစွာအကျိုးရှိမည်

ယခုကဲ့သို့ တပ်မတော်(လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားတွင် ဝေဟင်နှင့် မြေပြင်ကိုသာမက ရေပြင်ကိုပါကာကွယ်နိုင်သည့်စွမ်းဆောင်ရည်ရှိသော လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်အတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ဒီဇင်ဘာ ၁၄ ရက် ညနေပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့နှင့် လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင် အခမ်းအနားအထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် ဂုဏ်ပြုပြခန်းများ၊ လေတပ်စခန်းဌာနချုပ် အသီးသီးမှ ဒေသထွက်အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် ဒေသထွက်ရိုးရာမုန့်အရောင်းဆိုင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အထိမ်းအမှတ်ပြခန်းနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်ပွဲအခမ်းအနားကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ တပ်မတော်(လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ်ပြခန်းအတွင်းပြသထားသည့် လေကြောင်းသမိုင်းမှတ်တမ်းများ၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်(လေ)ဝတ်စုံများ၊ တပ်မတော်(လေ)သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) တာဝန်ထမ်းဆောင်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ သမိုင်းဝင်လေယာဉ်၊ ရဟတ်ယာဉ်များနှင့် ၎င်းတို့ဆင်နွဲခဲ့သည့် တိုက်ပွဲမှတ်တမ်းများ၊ လေယာဉ်၊ ရဟတ်ယာဉ်များတွင် အသုံးပြုလျက်ရှိသည့် Avionics ပစ္စည်းများ၊ ခေတ်မီမျိုးဆက်သစ် တိုက်ခိုက်ရေးလေယာဉ်ပုံစံငယ်များနှင့် လေသူရဲအသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုလျက်ရှိသည့် လက်နက်၊ ခဲယမ်းများ၊ တပ်မတော်(လေ)မှ စွမ်းရည်ဘွဲ့တံဆိပ်ရရှိခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ တပ်တော်ဝင် အခမ်းအနား မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)အရာရှိ၊ စစ်သည်၊ အစားခန့်များအား လေ့ကျင့်ပျိုးထောင်မှုမှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာမှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ တိုးတက်ပြောင်းလဲလာမှုမှတ်တမ်းဓာတ်ပုံများ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) အဆက်ဆက်ကဆုရလေသူရဲများအား ဆုချီးမြှင့်ပေးအပ်သည့် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)မှ ထုတ်လုပ်ထားသည့် လေကြောင်းအီလက်ထရွန်နစ်ဆိုင်ရာစက်ပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် တပ်မတော်(လေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်စာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြပြီးနောက် လေတပ်စခန်းဌာနချုပ်များအလိုက် အမှတ်တရပစ္စည်းအရောင်းဆိုင်နှင့် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာအရောင်းဆိုင်၊ စာအုပ်အရောင်းဆိုင်နှင့် တပ်မတော်မှထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များကို ဆက်လက်ကြည့်ရှုအားပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

■ ■ ■

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်တရားလွှတ်တော် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

(၂၀ - ၁၂ - ၂၀၂၂)

မွန်ပြည်နယ်တရားလွှတ်တော် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၀ ရက်နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ အဆိုပါရုံးနေရာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်တရားလွှတ်တော်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားသို့ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသားများနှင့် ဥပဒေရေးရာဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် ပြည်နယ်တရားသူကြီးချုပ် ဦးညီညီစိုးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မွန်ပြည်နယ်တရားလွှတ်တော်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြပြီး မွန်ပြည်နယ်တရားလွှတ်တော် ကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်တရားလွှတ်တော် အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများကရှင်းလင်းတင်ပြကြသည်။

ထို့နောက် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တရားလွှတ်တော်ရုံး အဆောက်အအုံနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး အဆောက်အအုံ

ဆောက်လုပ်ခဲ့ရခြင်းနှင့်ပတ်သက်သည့် Video Clip ကို ပြသသည်။ ဆက်လက်၍ တရားလွှတ်တော် အဆောက်အအုံသစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုတရားသူကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ ပြည်ထောင်စုတရားသူကြီးချုပ်က မွန်ပြည်နယ်တရားလွှတ်တော် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အဆောက်အအုံပုံစံငယ်ကျောက်စီပန်းချီကားကိုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မွန်ပြည်နယ်တရားလွှတ်တော် အဆောက်အအုံသစ်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ်တို့ကိုချမှတ်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေး၊စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ပေးနေသကဲ့သို့တစ်ဖက်တွင်လည်း ခေတ်ကာလနှင့်မလျော်ညီသည့်ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အစားထိုးဖြည့်စွက်ခြင်း၊ အသစ်ရေးဆွဲ ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် နိုင်ငံတော်၏ အာဏာကြီး (၃)ရပ်တွင် တရားစီရင်ရေး အာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကကျင့်သုံးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေး အခန်းကဏ္ဍဟူသည် အရေးကြီးသည့်မဏ္ဍိုင်တစ်ရပ်ဖြစ်ပြီး ပြည်သူတစ်ရပ်လုံး၏ နေ့စဉ်လူမှုဘဝလုံခြုံရေးအတွက်လည်း မရှိမဖြစ်သည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ဆန္ဒနှင့်အညီ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးဟူသည့် နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အားလုံး မျှော်မှန်းတည်ဆောက်နေသည့် ဒီမိုကရေစီ ခိုင်မာရေးဆောင်ရွက်ရာတွင် လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်းစသည့် အခြေခံလိုအပ်ချက်များကို ဖြစ်ပေါ်စေရေးအတွက် တရားရေးကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် **"နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရှိစေရမည်၊ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်"** ဟူသည့်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် **"ဥပဒေအထက်တွင် မည်သူမျှ မရှိစေရ"** ဟူသည့်အတိုင်း အဘက်ဘက်က မှန်ကန်တိကျပြီး တရားမျှတမှုရှိသည့် စီရင်ဆုံးဖြတ်ချက်များနှင့် နိုင်ငံနှင့်ပြည်သူလူထုအကျိုးကို ဆောင်ရွက်နိုင်ကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အောက်တွင် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ မြို့နယ်တရားရုံးများ၊ ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများဟူ၍ တရားရုံးအဆင့်ဆင့်ဖွဲ့စည်းပြီး မှုခင်းများကို မှန်မှန်ကန်ကန်နှင့် ကြန့်ကြာမှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်နေကြသကဲ့သို့ တစ်ဖက်တွင်လည်း တရားရုံးများ၏ ဥပဓိရုပ်ကောင်းမွန်တိုးတက်စေရေး၊ အများပြည်သူတို့ စိတ်ချမ်းသာစွာ လာရောက်နိုင်ရေး အတွက်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တရားရုံးများကို အဆင့်နှင့်လျော်ညီပြီး ဂုဏ်အင်္ဂါရပ်နှင့်ညီအောင် ရင်းနှီးတည်ဆောက်ပေးထားသည့်အတွက် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍတွင် ထိရောက်အကျိုးရှိသည့် တရားရုံးများ ဖြစ်လာကြလိမ့်မည်ဟုလည်း မျှော်လင့်မိကြောင်း။

လွတ်လပ်မှန်ကန်စွာဆုံးဖြတ်

တရားစီရင်ရေးဆိုရာတွင် ပြည်သူလူထုက ယုံကြည်အားကိုးရသည့် တရားစီရင်ရေးဖြစ်ရန် အရေးကြီးသည်ကို အထူးပြောရန်မလိုကြောင်း၊ ထိုကဲ့သို့ ယုံကြည်ကိုးစားမှုရှိနိုင်ရေး တရားရုံးများက ဥပဒေနှင့်အညီ လွတ်လပ်မှန်ကန်စွာ ဆုံးဖြတ်နိုင်ခြင်း၊ အဂတိတရား ကင်းစင်ခြင်း၊ မှန်မှန်ကန်ကန်နှင့် မြန်ဆန်စွာ အဆုံးအဖြတ်ပြုနိုင်ခြင်း

> **မိမိတို့အားလုံး မျှော်မှန်းတည်ဆောက်နေသည့် ဒီမိုကရေစီခိုင်မာရေးဆောင်ရွက်ရာတွင် လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်းစသည့် အခြေခံလိုအပ်ချက်များကို ဖြစ်ပေါ်စေရေးအတွက် တရားရေးကဏ္ဍသည် အလွန်အရေးကြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် "နိုင်ငံတော်သည် မည်သူ့ကို မဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရှိစေရမည်၊ ထို့အပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်" ဟူသည့် ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ပေးကြရမည်ဖြစ်၊ တစ်နည်းအားဖြင့် "ဥပဒေအထက်တွင် မည်သူမျှ မရှိစေရ" ဟူသည့်အတိုင်း အဘက်ဘက်က မှန်ကန်တိကျပြီး တရားမျှတမှုရှိသည့် စီရင်ဆုံးဖြတ်ချက်များနှင့် နိုင်ငံနှင့်ပြည်သူလူထုအကျိုးကို ဆောင်ရွက်နိုင်ကြရန်လည်း တိုက်တွန်းမှာကြားလို။**

များသည် အရေးပါသည်ဖြစ်သကဲ့သို့ တရားရုံးများ၏ အသွင်အပြင်တင့်တယ်မှု၊ ခန့်ညားထည်ဝါမှု၊ တရားရုံးဝန်ဆောင်မှုများကို ပြည်သူများ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်မှုရှိရန်လည်း လိုအပ်ကြောင်း။

တရားစီရင်ရေးသည် အမှားအယွင်းမခံသည့်ကိစ္စ ဖြစ်ပြီး အပြစ်ရှိသူတစ်ယောက်ကို ထိုက်သင့်သည့် ပြစ်ဒဏ်ချမှတ်ရန်လိုပြီး အပြစ်မရှိသူတစ်ယောက်ကို အပြစ်ပေးမိခြင်းမျိုး မဖြစ်ရန်လိုအပ်ကြောင်း၊ ကျူးလွန်သည့် ပြစ်မှုနှင့် သင့်တော်သည့်ပြစ်ဒဏ်မျိုးကို မှန်မှန်ကန်ကန် ချမှတ်နိုင်ခြင်းသည် တရားစီရင်ရေး၏ အဓိကလိုအပ်ချက် ဖြစ်ရာ တရားသူကြီးများအနေဖြင့် ဥပဒေရေးရာတွင် နှံ့စပ်ကျွမ်းကျင်ပြီး စီရင်ထုံးများကို သိရှိနားလည်အောင် အစဉ်ကြိုးစားလေ့လာနေရန် လိုအပ်ကြောင်း၊ ပြစ်မှုကျူးလွန်သူကိုနောင်တွင်နောက်ထပ်ပြစ်မှုမကျူးလွန်စေရေး ဟန့်တားနိုင်သည့် ပြစ်ဒဏ်စီရင်ချမှတ်နိုင်ရေးအတွက် တရားသူကြီးများ၏ အတွေ့အကြုံနှင့် ဆင်ခြင်တုံတရားများသည် တရားရေးမဏ္ဍိုင်တွင် အလွန်အရေးကြီးသည်ကို အသိပေးမှာကြားလိုကြောင်း။

နည်းပညာအသုံးပြု တရားစီရင်ရေးဆောင်ရွက်နေ

ယခုအချိန်အခါ၌ ကမ္ဘာ့နိုင်ငံအများအပြားတွင်ရှိသည့် တရားရုံးများတွင် နည်းပညာကိုအသုံးပြုပြီး တရားစီရင်ရေးဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ကွန်ပျူတာ၊ အင်တာနက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်း တရားစီရင်ရာတွင် အသုံးပြုလာကြသကဲ့သို့ ဉာဏ်ရည်တု (AI) နည်းပညာကိုပါ အသုံးပြုလာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း တရားရုံးများ၌ ICT နည်းပညာများ တဖြည်းဖြည်းနှင့် စတင်အသုံးပြုလာပြီဖြစ်ပါကြောင်း၊ သက်သေစစ်ဆေးရာတွင်လည်း Video Conferencing စနစ်ကိုသုံးပြီး အဝေးရောက်နေသည့် သက်သေများကို စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်လာကြပြီဖြစ်ကြောင်း၊ တရားစီရင်ရေးတွင် ခေတ်နောက်မကျစေရေး ကြိုးပမ်းဆောင်ရွက်လာသည်ကို တွေ့ရသဖြင့် ဝမ်းသာအားရဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

နိုင်ငံတော်အနေဖြင့်တရားစီရင်ရေးကဏ္ဍတွင် တိုးတက်ပြောင်းလဲမှုများဖြစ်စေရန် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်နေခြင်းဖြစ်ပြီး လိုအပ်သည့်တရားရုံးအဆောက်အအုံအသစ်များ ဆောက်နိုင်ရန်နှင့် နည်းပညာပိုင်းဆိုင်ရာပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက်လည်း စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဖြစ်သည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ချင်းပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်တို့ကို ဆောက်လုပ်ခဲ့ရာတွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်က ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် မွန်ပြည်နယ်တရားလွှတ်တော်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်၏ အခြေခံဖြစ်သည့် တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း တာဝန်ရှိသူများအနေဖြင့်

တရားရုံးအဆောက်အအုံများ စဉ်ဆက်မပြတ် သန့်ရှင်းကောင်းမွန်စေရေး၊ တရားရုံးအဆောက်အအုံ ပရိဘောဂ၊ မှတ်တမ်းများ ပျက်စီးပျောက်ဆုံးမှုမရှိစေရေး၊ အဂတိတရားကင်းကင်းဖြင့် ဥပဒေနှင့်အညီ နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြပါဟု မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ်က မွန်ပြည် နယ်တရားလွှတ်တော် အဆောက်အအုံသစ်ကြီးကို တရားလွှတ်တော်အင်္ဂါရပ်နှင့်အညီ ခံ့ညားထည်ဝါစွာ ဆောက်လုပ် ဖွင့်လှစ်နိုင်ခဲ့သဖြင့် ကျေးဇူးတင်ရှိကြောင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး၊ သန့်ရှင်းသာယာလှပရေး၊ လုံခြုံရေးတို့အတွက် တာဝန်ရှိသူများက ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုအပ်သည့် အခြေအနေတို့ကို ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်လေဆိပ်သို့ရောက်ရှိကြပြီး လေဆိပ်ဧည့်ခန်းမ၌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မော်လမြိုင်လေဆိပ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများနှင့် မော်လမြိုင်မြို့အနီး နိုင်ငံတကာအဆင့်မီလေယာဉ်ကွင်းတည်ဆောက်မည့် အခြေအနေများ၊ မော်လမြိုင်-ရေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မော်လမြိုင်လေဆိပ်သန့်ရှင်းသာယာလှပရေးအတွက် တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မော်လမြိုင်လေယာဉ်ကွင်းသည် မြို့နှင့်နီးကပ်ခြင်း၊ တက္ကသိုလ်နှင့် နီးကပ်ခြင်းတို့ကြောင့် ခေါက်ရေတိုးချဲ့ပြေးဆွဲရန် ကန့်သတ်ချက်ရှိခြင်း၊ လေယာဉ်ပြေးလမ်းအားတိုးချဲ့ရန်ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် မော်လမြိုင်လေဆိပ်ကို နေရာသစ်သို့ပြောင်းရွှေ့ရန်အတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်သည့် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်အမျိုးအစားအားလုံး ဆင်းသက်နိုင်သည့် အဆင့်မီလေယာဉ်ကွင်းတစ်ခု တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်-မော်လမြိုင်-ရေးရထားလမ်းပိုင်းကို ခရီးသွားပြည်သူများ သွားလာနိုင်ရေးအတွက် လူစီးရထားတွဲများ ပြန်လည်ပြေးဆွဲပေးရန်နှင့် ကုန်စည်များပို့ဆောင်ရန် လိုအပ်ပါကလည်း ကုန်တင်ရထားတွဲများ ပြေးဆွဲနိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အဆိုပါ ရထားလမ်းပိုင်းအား အမြဲတမ်းစဉ်ဆက်မပြတ်သွားလာနိုင်ရေး စနစ်တကျဖြင့် ထိန်းသိမ်းပြုပြင် အဆင့်မြှင့်တင်နေရန်လိုကြောင်း၊ ရထားလမ်းပိုင်းတစ်လျှောက် သာယာလှပရေးအတွက်လည်း တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် အသစ်ထပ်မံဖောက်လုပ်မည့် မော်လမြိုင်-ထားဝယ် ရထားလမ်းပိုင်း တည်ဆောက်ရာတွင်လည်း လမ်းကြောင်းပြေပြစ်မှုရှိစေရေးနှင့် တတ်နိုင်သမျှတစ်ဖြောင့်တည်းဖြစ်စေရေး စနစ်တကျကွင်းဆင်း တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်အကျိုးကိုကြည့်၍ မြေဝယ်ထားဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

■ ■ ■

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

(၂၁ - ၁၂ - ၂၀၂၂)

တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါတပ်မတော် ဆေးတက္ကသိုလ်စစ်ရေးပြကွင်းဌာ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညီနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်ဆေးတက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည့်တော်များ တက်ရောက်ကြသည်။

အလေးပြုခြင်းကိုခံယူ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၃)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း ဟိန်းထွန်းဇော်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း မင်းခန့်ကျော်နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း ကျော်သူရတို့အား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က

သင်တန်းဆင်းမိန့်ခွန်းပြောကြားရာ သင်တန်းတွင် တပ်မတော်အရာရှိ ဆရာဝန်ဆေးမှူးများ တတ်ကျွမ်းရမည့် စစ်ပညာနှင့် စာပေပညာရပ်များကို ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်နှင့် အပတ်တကုတ် ကြိုးစားသင်ယူအောင်မြင်ခဲ့ကြပြီး တပ်မတော်က ယုံကြည်အားထားရမည့်ဆရာဝန် ဆေးမှူး၊ အရာရှိများ အဖြစ် တာဝန်ကျရာဒေသ အသီးသီးကို သွားရောက်တာဝန် ထမ်းဆောင်ကြရတော့မည်ဖြစ်သည့် အတွက် မှာကြားစရာရှိသည်များကို အလေးအနက်ထား မှာကြားလိုကြောင်း။

တပ်မတော်ဆေးတက္ကသိုလ်ကို **"တပ်မတော် (ကြည်း၊ ရေ၊ လေ) အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင်အရာရှိကောင်းများ မွေးထုတ်ပေးရန်"** ဟူသည့် ရည်ရွယ်ချက်ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး တပ်မတော်အရာရှိ ဆရာဝန်များ လေ့ကျင့်မွေးထုတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

တပ်မတော်ဆေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် ဆေးမှူးအရာရှိများသည် ယနေ့မှစပြီး တာဝန်ကျရာဒေသနှင့် တာဝန်ထမ်းဆောင်ရမည့် တပ်အသီးသီးတွင် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးရတော့မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးအတွက် တာဝန်ရှိသည့် တပ်မတော်သားတစ်ဦးဖြစ်သည်နှင့်အညီ လိုအပ်လာပါက စစ်မြေပြင်တွင် စစ်ဆင်ရေး တာဝန်များကိုပါ ပူးတွဲထမ်းဆောင်ကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် သင်ကြားပေးလိုက်သည့် စစ်ပညာနှင့်စာပေပညာများကို လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်ရန်အတွက် အမြဲမပြတ် လေ့လာကြိုးပမ်းနေရမည်ဖြစ်သကဲ့သို့ ဆေးဝန်ထမ်းတပ်ဖွဲ့၏ ရည်မှန်းချက်ဖြစ်သည့် **"ကျန်းမာကြံ့ခိုင် တိုက်နိုင်ရန် (Make Fit to Fight)"** ဆိုသည့် ရည်မှန်းချက်တာဝန်ကိုလည်း တစ်ထောင့်တစ်နေရာမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

တာဝန်ကျရာဒေသအသီးသီးရှိ တပ်မတော်သား မိသားစုဝင်များ၏ ကျန်းမာရေးသာမက တိုင်းရင်းသားညီအစ်ကိုများ၏ ကျန်းမာရေးကိုလည်း **"စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ"** ဟူသည့် ဆောင်ပုဒ်အတိုင်း စေတနာတရား၊ အကြင်နာတရားအပြည့်ဖြင့် ပြုစုစောင့်ရှောက်သွားကြရန် မှာကြားလိုကြောင်း၊ ထို့ပြင် **ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည် (Prevention is better than cure)** ဆိုသည့်အတိုင်း ကိုယ်စီကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများ မြင့်မားလာအောင် အသိပညာဖြန့်ဝေပေးခြင်း၊ ကြိုတင်ကာကွယ်မှုနှင့် ကုသမှုဆိုင်ရာ ပညာပေးသည့် လုပ်ငန်းများကိုပါ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ကြရန် မှာကြားလိုကြောင်း။

ဆေးမှူးများဖြစ်လာမည့် ကျောင်းဆင်းအရာရှိများသည် တပ်မတော်သားတစ်ဦးအနေဖြင့် စည်းကမ်းလိုက်နာခြင်းနှင့် ကျန်းမာကြံ့ခိုင်အောင်နေထိုင်ခြင်းတို့ကို အဓိက ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စည်းကမ်းလိုက်နာမှု အားကောင်းမှသာ အထက်အောက် အပြန်အလှန်ယုံကြည်လေးစားမှုရှိလာပြီး တာဝန်ထမ်းဆောင်ရာတွင် စည်းလုံးညီညွတ်စွာ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှုရှိမှလည်း စွမ်းရည်ထက်မြက်သည့် တပ်မတော်သားကောင်းတစ်ဦး ဖြစ်လာမည်ဖြစ်ကြောင်း။

ယနေ့ခေတ်ကို ဒစ်ဂျစ်တယ်အင်တာနက်နည်းပညာနှင့် ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence)တို့ ပေါင်းစပ်ထားသည့် စက်မှုတော်လှန်ရေး စတုတ္ထခေတ် (Industry 4.0)ဟု ပညာရှင်များက သတ်မှတ်ထားကြပြီး ကုန်ပစ္စည်းထုတ်လုပ်မှု၊ သယ်ယူပို့ဆောင် ဖြန့်ဖြူးမှု လုပ်ငန်းများတွင် လူလုပ်အသိဉာဏ်မြင့်စက်ရုပ်များ၊ သုံးဘက်မြင် နည်းပညာများ၊ နည်းပညာမြင့်ဒစ်ဂျစ်တယ်ကိရိယာများကဲ့သို့သော လျှပ်စစ်ပစ္စည်းများ အသုံးပြုဆောင်ရွက်လာကြပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ စက်မှုတော်လှန်ရေး စတုတ္ထခေတ်တွင် ဖွံ့ဖြိုးတိုးတက်လာသည့် ဒီဂျစ်တယ်နှင့် ကွန်ပျူတာနည်းပညာများကို ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၌ တွင်ကျယ်စွာ အသုံးပြုရန် ကမ္ဘာ့နိုင်ငံ အများအပြားတွင် ပြင်ဆင်နေကြပြီဖြစ်ကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် လူကိုယ်တိုင် ဝင်ရောက်ထိန်းချုပ်ပြီး ခွဲစိတ်ကုသမှု ပြုလုပ်နိုင်သည့် စက်ရုပ်များနှင့် သုံးဘက်မြင်နည်းပညာ (Three Dimension)ကို အသုံးပြုပြီး တိကျမှု အလွန်ကောင်းမွန်သည့် ခြေတုလက်တုထုတ်လုပ်နိုင်သည့် စက်များကိုပါ တီထွင်ဖန်တီး အသုံးပြုနေကြပြီဖြစ်ခြင်းကြောင့် ခေတ်မီနည်းပညာ ပိုင်းဆိုင်ရာ သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်

ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာခဲ့ပြီး သမိုင်းအစဉ်အလာကြီးခဲ့သည့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့သည် ပြီးခဲ့သည့်အောက်တိုဘာ ၁ ရက်က(၇၅)နှစ်မြောက် စိန်ရတုတိုင်ခဲ့ပြီဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်ကောင်းမြတ်သည့် အစဉ်အလာများကို လက်ဆင့်ကမ်းထိန်းသိမ်းလာသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ကြီးသည် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ တပ်မတော်အကျိုးကို သယ်ပိုးထမ်းရွက်လာခဲ့သည်မှာ ယနေ့ထိတိုင်ပင်ဖြစ်ကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ဆေးရုံ/ဆေးတပ်ရင်းများတွင်သာမက နိုင်ငံတစ်ဝန်းရှိပြည်သူလူထုများအတွက် ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် နယ်လှည့်ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တပ်မတော်အနေဖြင့် လိုအပ်သော ဆေးကုသရေးဆိုင်ရာ ယန္တရား/ပစ္စည်းများဖြည့်တင်းပြီး နိုင်ငံအနှံ့ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ခွဲစိတ်ကုသခြင်းများ၊ မီးဖွားခြင်းများနှင့် ပြင်ပလူနာကြည့်ရှုကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

တပ်မတော်ဆေးရုံများကိုလည်း လက်ရှိအချိန်တွင် ကျောက်ကပ်အစားထိုးကုသမှု၊ အသည်းအစားထိုးကုသမှု၊ နှလုံးသွေးကြောရောဂါရှာဖွေခြင်းနှင့် သွေးကြောချဲ့ကုသမှု၊ နှလုံးခွဲစိတ်ကုသမှု၊ ဓာတ်ရောင်ခြည်နှင့် ကင်ဆာရောဂါကုသမှုပြုလုပ်နိုင်အောင် အဆင့်မြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် တပ်မတော်အနေဖြင့် နှလုံးနှင့် ဦးနှောက်ခွဲစိတ်ကုသခြင်း၊ နှလုံးသွေးကြောအား Stent ထည့်ကုသခြင်း၊ နှလုံးခုန်နှုန်း ထိန်းညှိစက်ထည့်သွင်းခြင်း၊ ကျောက်ကပ်အစားထိုးလဲလှယ်ခြင်း၊ စသည့်အဆင့်မြင့် ပြုစုကုသမှုများကို နိုင်ငံတကာနည်းတူ ဆောင်ရွက်လာနိုင်သည်ကိုလည်း မြင်တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာ့တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့၏ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် (၇၅)နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့ကို ဂုဏ်ပြု သည့်အနေဖြင့် စက်တင်ဘာလ ၂၇ ရက်နေ့တွင် တပ်မတော်အတွင်း ပထမဆုံးအကြိမ် အသည်းအစားထိုးကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် တပ်မတော် ဆေးတပ်ဖွဲ့အတွက် လွန်စွာဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ကြောင်း။

> **သစ္စာဆိုသည့်စကား၏ အဓိပ္ပါယ်သည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးဖြင့် မှန်ကန်စွာ စောင့်ရှောက်ဆောင်ရွက်ခြင်းဖြစ်ပြီး သစ္စာတရားတည်ကြည်ခြင်းသည် အကျိုးရလဒ်ဖြင့် ပြည့်ဝနေမည်ဖြစ်သကဲ့သို့ သစ္စာတရား ပျက်ယွင်းခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်းများနှင့်သာ ပြည့်နှက်နေမည်ဖြစ်၊ အဆိုပါ အချက်များကို သင်ခန်းစာယူပြီး မိမိအဖွဲ့ အစည်းနှင့် မိမိအလုပ်အပေါ် ကတိသစ္စာ မြဲကြရန်၊ မိမိတို့စောင့်ထိန်းရမည့် ဆေးပညာ ကျင့်ဝတ်များကို ခါးဝတ်ပုဆိုးသဖွယ်မြဲကြရန် အလေးအနက်ထား မှာကြားလို။**

မိမိတို့တပ်မတော်သည် ခေတ်အဆက်ဆက် ပြည်သူနှင့်ပတ်သက်လာပါက "ပြည်သူသာအမိ၊ ပြည်သူသာအဖ" ဆိုသည့်ဆောင်ပုဒ်ကို ဦးထိပ်ထား ဆောင်ရွက်ခဲ့သည့်အဖွဲ့အစည်း တစ်ခုဖြစ်ကြောင်း၊ **"တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍကိုလည်း မဖောက်မပြန် ခိုင်ခိုင်မာမာရပ်တည်နေသည့် အဖွဲ့အစည်းလည်းဖြစ်ကြောင်း။

သမိုင်းတွင် မည်သို့မျှဖျောက်ဖျက်မရသည့် အမည်းစက်များ

မိမိတို့နိုင်ငံကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ပြည်တွင်း ပြည်ပ ဆန့်ကျင်ဘက် လူပုဂ္ဂိုလ်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်တည်ငြိမ်မှုပျက်ပြားပြီး တရားဥပဒေစိုးမိုးမှု ကင်းမဲ့အောင် ဆူပူဆန္ဒပြခြင်း၊ ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ အကြမ်းဖက်ဖျက်ဆီးခြင်း၊ လက်နက်ကိုင်လမ်းစဉ် ကျင့်သုံးခြင်းများ လုပ်ဆောင်ခဲ့ကြသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ ထိုအထဲတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်မြင့်မားနေချိန်အတွင်း ကျန်းမာရေးဝန်ထမ်းအချို့အနေဖြင့် အများပြည်သူ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း

များကို လျစ်လျူရှုရုံသာမက ကိုယ်ကျိုးမင့်ကွက်ဘဲ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးနေသူများကို နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တား ဖျက်ဆီးမှုများပြုလုပ်ခဲ့ခြင်းသည် သမိုင်းတွင် မည်သို့မျှ ဖျောက်ဖျက်မရသည့် အမည်းစက်များပင်ဖြစ်ကြောင်း။

လွဲမှားသည့် စိတ်ခံစားချက်နှင့် လှုံ့ဆော်ချက်များကြောင့် ဆရာဝန်များ၏ ကတိသစ္စာပြုအမိန့်ဌာန် ၉ ချက်ကို ချိုးဖောက်ပြီး အချို့ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံအတွက် အရေးကြီးသည့် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကိုရင်ဆိုင်နေရချိန်၌ ဆရာဝန်ကျင့်ဝတ် သိက္ခာကင်းမဲ့ပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သစ္စာမဲ့စွာဖြင့် မျက်ကွယ်ပြု ကျောခိုင်းခဲ့သည့်လုပ်ရပ်များကို ဆောင်ရွက်ခဲ့သည့် အတွက် ပြည်သူအချို့ အသက်ဆုံးပါးခဲ့ခြင်းများကို စိတ်မကောင်းစရာ ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ ဆရာဝန်တစ်ဦး၏ ကတိသစ္စာပြုအမိန့်ဌာန် ၉ ချက်ကို ရွတ်ဆိုသစ္စာပြုကာ ဆရာဝန်ဘဝကို ခံယူခဲ့ပြီးသူတစ်ဦးသည် လူသားတို့၏အသက်ကို ကယ်တင်ရန် ပျက်ကွက်ခဲ့ပါက အဆိုပါဆရာဝန်များသည် သစ္စာမဲ့သူ၊ လူနာများအပေါ် ထိခိုက်ကျူးလွန်ခဲ့သူများသာဖြစ်ကြောင်း၊ သစ္စာဆိုသည့် စကား၏ အဓိပ္ပါယ်သည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးဖြင့် မှန်ကန်စွာ စောင့်ရှောက်ဆောင်ရွက်ခြင်းဖြစ်ပြီး သစ္စာတရားတည်ကြည်ခြင်းသည် အကျိုးရလဒ်ဖြင့် ပြည့်ဝနေမည်ဖြစ်သကဲ့သို့ သစ္စာတရားပျက်ယွင်းခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်းများနှင့်သာ ပြည့်နှက်နေမည်ဖြစ်ကြောင်း၊ အဆိုပါအချက်များကို သင်ခန်းစာယူပြီး မိမိအဖွဲ့အစည်းနှင့် မိမိအလုပ်အပေါ် ကတိသစ္စာမြဲကြရန်၊ မိမိတို့စောင့်ထိန်းရမည့် ဆေးပညာကျင့်ဝတ်များကို ခါးဝတ်ပုဆိုးသဖွယ် မြဲကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

တပ်မတော်သမိုင်းတွင် ဆေးဝန်ထမ်းတပ်ဖွဲ့ဂုဏ်ဆောင် ဗိုလ်ကြီး သူရမွန်ထော်သက်ညွှန့် ကဲ့သို့ တိုင်းပြည်အတွက် အသက်စွန့်၊ အမှုထမ်းခဲ့သူများ အမြောက်အမြားရှိသကဲ့သို့ နိုင်ငံတကာဆေးပညာရှင်များနှင့် ရင်ပေါင်တန်းနိုင်သည့် တပ်မတော်သားအရာရှိ ဆရာဝန်များလည်း ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့ကြကြောင်း၊ အဆိုပါအစဉ်အလာကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းပြီး အနာဂတ်တာဝန်များ ပခုံးပြောင်းထမ်းဆောင်ကြရမည့် သူများသည် စစ်ဘက်၊ နယ်ဘက်ဥပဒေများကို တိကျစွာ လိုက်နာကြရမည်ဖြစ်ကြောင်း။

"သမားဇာနည် အောင်စစ်သည်" ဟူသည့် တပ်မတော်ဆေးတက္ကသိုလ်၏ ဆောင်ပုဒ်အတိုင်း နိုင်ငံတော်နှင့် တပ်မတော်က အားထားရမည့် ဆေးမျိုးအရာရှိကောင်းများ ဖြစ်လာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်သွားကြရန်၊ ပြောင်းလဲတိုးတက်လာသည့် ဆေးသိပ္ပံပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာဆည်းပူး သုတေသနပြုပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့် ဆေးဘက်ပညာရှင်များဖြစ်လာအောင် သန္နိဋ္ဌာန်အပြည့်ဖြင့် ကြိုးစားဆောင်ရွက်ကြရန်၊ တာဝန်ကျရာ တပ်အသီးသီးမှ တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူလူထုများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရန်၊ တပ်မတော်ဆေးတက္ကသိုလ်၏ဂုဏ်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ဂုဏ်၊ တပ်မတော်၏ဂုဏ်ကိုမြှင့်တင်ပြီး ထူးချွန်ထက်မြက်သည့် ဆေးသိပ္ပံပညာရှင်ကောင်းတစ်ဦးဖြစ်အောင် အစွမ်းကုန်ကြိုးပမ်းကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများကိုတွေ့ဆုံ

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သည် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းဌာနချုပ် ဇည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ သင်တန်းကာလ ၇ နှစ်တာကာလတစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် အစဉ်တစိုက် ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှုကြောင့် ထူးချွန်ဆု

များရရှိခဲ့ခြင်းဖြစ်သဖြင့် ကောင်းမွန်သည့် အခြေခံကောင်းများရှိခဲ့ပြီးဖြစ်ကြောင်း၊ ရှေ့ဆက်လက်လျှောက် လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ရည်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူသားတစ်ဦးတွင် ရှိသင့်သည့် ကျင့်ဝတ်သိက္ခာများကို စောင့်ထိန်းပြီး ကိုယ်ကျင့်တရားကောင်းသည့် သူများဖြစ်အောင်လည်း နေထိုင်ကျင့်ကြံရမည် ဖြစ်ကြောင်း၊ **ယေဘုယ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက်သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့် မိဘကျေးဇူးကို မိဘများ၏စကားကို နားထောင်ခြင်းအားဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်**သကဲ့သို့ အသိပညာများနှင့် အတတ်ပညာများကို သင်ကြားပေးလိုက်သည့် တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်နှင့် နိုင်ငံတော်၏ ဂုဏ်ကျေးဇူးကိုလည်း စစ်သားကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦး ပီသစွာ နေထိုင်ကျင့်ကြံခြင်း၊ သစ္စာရှိရှိဖြင့် တာဝန်ကျေပွန်အောင် ထမ်းဆောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်ကြောင်း၊ ကြိုးစားအားထုတ်မှုရှိမှသာလျှင် ဘဝရပ်တည်မှုများ မြင့်မားမည်ဖြစ်ပြီး မိမိတို့၏ရည်မှန်းချက်ပန်းတိုင် မပျောက်စေရေးအတွက် စဉ်ဆက်မပြတ်ဆက်လက် ကြိုးပမ်းအားထုတ်သွားရန်နှင့် မိမိကိုယ်ကို စောင့်ထိန်းနေထိုင်သွားကြရန်လိုကြောင်း၊ ထို့အပြင် ဆေးပညာရပ်နယ်ပယ်တွင် မြင့်မားသည့် ဆေးပညာရပ်များများစွာ ရှိနေသည့် အတွက် ခေတ်အလိုက်ပေါ်ထွက်နေသည့် အသစ်အသစ်သော ပညာရပ်များကို မျက်ခြေမပြတ်စေရေး ဘဝတစ်လျှောက်လုံးတွင် လေ့လာဖတ်ရှုမှတ်သားမှုကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်) မှ ဝန်ထမ်းများအား သွားရောက်တွေ့ဆုံပြောကြားသည့်အမှာစကား

(၂၁-၁၂-၂၀၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထား၊ စက်ခေါင်းစက်ရုံ(အင်းစိန်) မှ ဝန်ထမ်းများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ အရာရှိကြီးများနှင့် စက်ခေါင်းစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေရသည့် အချိန်တွင် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် စီးပွားရေးကို အထောက်အကူပြုနိုင်သည့် လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ လည်ပတ်နိုင်ရေး လိုက်လံကြည့်ရှုစစ်ဆေးပြီး တွေ့ဆုံဆွေးနွေးမှုများနှင့် အကြံပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကလိုအပ်ချက်သည် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးစွမ်းပကားများ ကောင်းမွန်ရန်လိုအပ်ကြောင်း၊ နိုင်ငံရေးမောင်းနှင်အားတွင် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံအတွင်းရှိ နိုင်ငံရေးအရ စည်းလုံးညီညွတ်မှုများရှိမည်ဆိုပါက နိုင်ငံတိုးတက်မည်ဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာလျှင်လည်း ချမ်းသာကြွယ်ဝမှုရှိမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးမောင်းနှင်အားကောင်းမွန်သည့် နိုင်ငံများသည်သြဇာရှိသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ကာကွယ်ရေးစွမ်းပကားထက်မြက်သည့်နိုင်ငံများသည်လည်း ကမ္ဘာတွင် သြဇာရှိသည့်နိုင်ငံများဖြစ်ကြကြောင်း၊ နိုင်ငံတစ်နိုင်ငံ

အနေဖြင့် မိမိတို့၏ အချုပ်အခြာအာဏာကို လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်ရှိကြောင်း။

မိမိတို့နိုင်ငံသည် စီးပွားရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့် ကောင်းမွန်သည့် ရေမြေသဘာဝများ ရှိပြီးဖြစ်ကြောင်း၊ သို့သော်လည်း လွတ်လပ်ရေးရရှိပြီး ချိန်မှစ၍ ခေတ်အဆက်ဆက်တွင် နိုင်ငံရေးစနစ်အမျိုးမျိုးကို ပြောင်းလဲကျင့်သုံးခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှုမရှိခဲ့ကြောင်း၊ ခေတ်အဆက်ဆက်တွင် စီးပွားရေးအရ ပိတ်ဆို့ခံရမှုများကြောင့် ကုန်သွယ်မှု လိုင်ငြေများဖြစ်ပေါ်ခဲ့ခြင်း၊ ကုန်သွယ်မှုကျဆင်းခြင်းတို့ကြောင့် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် နိုင်ငံရေးမတည်ငြိမ်မှုများ၊ ဆူပူအုံကြွမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်က နိုင်ငံတော်၏တာဝန်များကို တာဝန်ယူဆောင်ရွက်ခဲ့ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြည်လုံးကျွတ် ဆန္ဒခံယူ၍ အတည်ပြုပြဋ္ဌာန်းပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် တိုင်းရင်းသားများအားလုံးကို တူညီသည့် အခွင့်အရေးများပေးထားပြီးဖြစ်ပြီး ဖက်ဒရယ်အခွင့်အရေးများကို ပေးထားခြင်းပင်ဖြစ်ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်များနှင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ လိုလားချက်များမှ အခြေခံဥပဒေအရ ဆောင်ရွက်နိုင်သည့်ကိစ္စရပ်များကို တပ်မတော်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အချို့သောကိစ္စရပ်များကို လွတ်တော်တွင်မဲခွဲ ဆုံးဖြတ်၍ အတည်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံချိန်များတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြင်ဆင်လိုသည့် ကိစ္စရပ်များအနက် ဖြစ်နိုင်သည့် ကိစ္စရပ်များကို ပြင်ဆင်နိုင်ရေး တပ်မတော်မှ သဘောတူညီသည်ကို ဆွေးနွေးပြောကြားပြီးဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကလိုအပ်ချက်သည် နိုင်ငံရေး

> **နိုင်ငံအတွင်းရှိ နိုင်ငံရေးအရ စည်းလုံးညီညွတ်မှုများရှိမည်ဆိုပါက နိုင်ငံတိုးတက်မည်ဖြစ်၊ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာလျှင်လည်း ချမ်းသာကြွယ်ဝမှုရှိမည်ဖြစ်၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးမောင်းနှင်အားကောင်းမွန်သည့်နိုင်ငံများသည် သြဇာရှိသည်ကို တွေ့ရမည်ဖြစ်၊ ကာကွယ်ရေးစွမ်းပကားထက်မြက်သည့်နိုင်ငံများသည်လည်း ကမ္ဘာတွင် သြဇာရှိသည့်နိုင်ငံများဖြစ်၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိတို့၏အချုပ်အခြာအာဏာကို လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်ရှိ။**

အရ တည်ငြိမ်အေးချမ်းရန်နှင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရန် ဖြစ်သည့်အတွက် ယခုကဲ့သို့ နိုင်ငံ၏ဖြတ်သန်းခဲ့ရသည့် နိုင်ငံရေးသမိုင်းကြောင်းကို ရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း။

နိုင်ငံ၏ စီးပွားရေး မောင်းနှင်အားတွင် ရထားပို့ဆောင်ရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေ

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းသည် နိုင်ငံအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ရပ်နေ၍မရဘဲ ကြိုးစားအားထုတ်နေမှသာလျှင် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးကောင်းမွန်မှသာလျှင် တိုင်းသူပြည်သားများ ဝင်ငွေကောင်းမွန်မည်ဖြစ်ပြီး နိုင်ငံသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်ပါက နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့သည်လည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်ကြွယ်ဝရန်၊ ရင်းနှီးမြှုပ်နှံငွေများရှိရန်၊ မြေပေါ်မြေအောက်သယံဇာတများရှိရန်၊ လျှပ်စစ်ဓာတ်အားရရှိရန်နှင့် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစနစ်များ ကောင်းမွန်မှုရှိရန်တို့လိုအပ်ကြောင်း၊

အမှားအမှန်ခွဲခြားနိုင်ရေးအတွက် မိမိတို့နိုင်ငံ၌ ပညာတတ်လူသားအရင်းအမြစ်များ များစွာပေါ်ထွက်လာရန်လို၊ လက်ရှိအချိန်၌ လျှပ်စစ်ဓာတ်အားလုံလောက်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားသုံး ရထားစက်ခေါင်းတွဲများ အသုံးပြုနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရန်လို၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်ဘဏ္ဍာငွေများ ရရှိရေး စီးပွားရေးကောင်းမွန်ရမည်ဖြစ်၊ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိ။

နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်ပါက ကုန်စည်စီးဆင်းမှုများသည်လည်း မြန်ဆန်လျင်မြန်လာမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ သယံဇာတ ပို့ဆောင်ရေးစနစ်တွင် ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းပို့ဆောင်ရေးတို့ရှိပြီး ရထားဖြင့်ပို့ဆောင်ခြင်းသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းများကို ပို့ဆောင်နိုင်သဖြင့် အကျိုးအရှိဆုံး ပို့ဆောင်ရေးစနစ်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏စီးပွားရေးမောင်းနှင်အားတွင် ရထားပို့ဆောင်ရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးစနစ်ကို ယခုထက်ပိုမိုလျင်မြန်စွာသွားလာနိုင်သည့်အဆင့် ထိရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လည်းလိုကြောင်း၊ အလားတူ ရထားတွဲများ၊ စက်ခေါင်းတွဲများ၊ လူစီးတွဲ၊ ကုန်တင်တွဲများကိုလည်း အမြဲကောင်းမွန်စေရေး ထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း။

မြန်မာ့မီးရထားသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် မီးရထားဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုသည် အရေးပါသည်ကိုလည်း သတိပြုစေလိုကြောင်း၊ ကုန်စည်စီးဆင်းမှုများ လျင်မြန်စေရေး၊ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် သွားလာနိုင်ရေးအတွက် ရထားလမ်းကွန်ရက်များအားလုံး ရထားပြေးဆွဲနိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်ခေါင်းစက်ရုံ(အင်းစိန်)၏ တာဝန်အနေဖြင့် ရထားတစ်စင်းလုံး၏ အဓိကဖြစ်သည့် စက်ခေါင်းတွဲများကိုထုတ်လုပ်တပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းများကို အဓိကထား ထုတ်လုပ်တပ်ဆင်သည်ကို တွေ့ရှိရပြီး စက်ခေါင်းတွဲများ ကြံ့ခိုင်ကောင်းမွန်မှသာ မြန်မာ့မီးရထားကဏ္ဍသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ စက်သုံးဆီဈေးနှုန်းမြင့်တက်မှုများကို ကြုံတွေ့နေကြရကြောင်း၊ စက်သုံးဆီ တင်သွင်းနေရမှုများကို လျှော့ချနိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လျှပ်စစ်စွမ်းအင်သုံး ပို့ဆောင်ရေးယာဉ်များကို ပြောင်းလဲအသုံးပြုနိုင်ရေး ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ လျှပ်စစ်ရထားပြေးဆွဲနိုင်မည့် အခွင့်အလမ်းများ များစွာရှိပြီးဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတွင်း၌ရှိသည့် သယံဇာတရင်းမြစ်များမှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်မည့်အခြေအနေများသည် အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုမရှိခဲ့ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ၏ ရှိရင်းစွဲ သယံဇာတအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချနိုင်ရမည်ဖြစ်သဖြင့် နိုင်ငံရေးအရ အားပြိုင်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံ့အတွက် အကျိုးရှိမည့် စီမံကိန်းများဆောင်ရွက်နေမှုကို ကန့်ကွက်နေမှုများကို စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း။

အမှားအမှန်ခွဲခြားနိုင်ရေးအတွက် မိမိတို့နိုင်ငံ၌ ပညာတတ်လူသားအရင်းအမြစ်များ များစွာပေါ်ထွက်လာရန်လိုကြောင်း၊ လက်ရှိအချိန်၌ လျှပ်စစ်ဓာတ်အားလုံလောက်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားသုံး ရထား

စက်ခေါင်းတွဲများ အသုံးပြုနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်ဘဏ္ဍာငွေများရရှိရေး စီးပွားရေးကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံ၏အခြေအနေနှင့်ကိုက်ညီသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

စက်ခေါင်းစက်ရုံ(အင်းစိန်)သည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်ခန့် ကတည်းက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးရထားစက်ခေါင်းစက်ရုံအနေဖြင့် ရှေးကတည်းကပင် မီးရထားစက်ခေါင်းများ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ရထားများကို စတင်အသုံးပြုခဲ့သည်မှာ နှစ်ပေါင်း ၁၅၀ ခန့် ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် အတွေ့အကြုံများစွာ ရှိပြီးဖြစ်ကြောင်း၊ အဆိုပါ အတွေ့အကြုံများကို အသုံးချ၍ နိုင်ငံအတွင်း မီးရထားစက်ခေါင်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထိုမှတစ်ဆင့် လျှပ်စစ်ဓာတ်အား အသုံးပြုသည့် မီးရထားစက်ခေါင်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့၏ ရှိပြီးဖြစ်သည့် အစွမ်းအစများကို အသုံးပြု၍ မီးရထားစက်ခေါင်း နည်းပညာများကို ယခုထက် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အသိပညာများနှင့် အတတ်ပညာများ တိုးတက်စေရေးအတွက် အမြဲမပြတ် ရှာဖွေလေ့လာဖတ်ရှုခြင်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းခွင်အတွင်း အတွေ့အကြုံများ ဖလှယ်ခြင်းများကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း။

အလားတူ ကျန်းမာရေးကောင်းမွန်ရေးအတွက်လည်း ဂရုတစိုက်ဖြင့်နေထိုင်ကြရန်လိုကြောင်း၊ ကျန်းမာမှုသာ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှုသာ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် အရက်၊ ဆေးလိပ်၊ ကွမ်းများသောက်သုံးခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ကြစေလိုပြီး အကျိုးမရှိစေမည့်အသောက်အစားများကြောင့် ကုန်ကျမည့် ငွေကြေးများကို အကျိုးရှိရှိ အသုံးချရန်လိုကြောင်း၊ အလားတူ ရာသီဥတုနှင့်ကိုက်ညီသည့် နေထိုင်စားသောက်မှုများလည်း ရှိရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ မိမိတို့ထမ်းဆောင်ရသည့် တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ပြီး မိမိတို့ဘဝ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

■ ■ ■

ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

(၂၃-၁၂-၂၀၂၂)

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကတ်သလစ်ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခရစ်တော်သာသနာပြန့်ပွားမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့က စုပေါင်းကျင်းပပြုလုပ်သည့် ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားကို ဒီဇင်ဘာလ (၂၃) ရက်နေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ Holy Cathedral Church ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မျှးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံခရစ်တော်သာသနာပြန့်ပွားမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များ၊ ကက်သလစ်လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင်ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Holy Cathedral Church သို့ရောက်ရှိကြရာ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် သင်းအုပ်ဆရာကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက်အခမ်းအနားကို စတင်ကျင်းပပြီး သိက္ခာတော်ရဆရာစောစံအောင် (MCMC)က ခရစ္စမတ်ဆုတောင်းပြီး "ယေရှုကြွလာတော်ကျူး" ဓမ္မသီချင်းကို သံပြိုင်သီဆိုချီးမွမ်းကြသည်။ ထို့နောက် သိက္ခာတော်ရဆရာစောစမ်စန်(MBC)က ခရစ်ယာန်အဖွဲ့ချုပ်ကြီးကိုယ်စား ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ခရစ်ယာန်ဘာသာဝင်များအနေဖြင့် ခရစ္စမတ်ပွဲတော် ဝတ်ပြုကိုးကွယ်မှုအစီအစဉ်များကို နှစ်စဉ် ဒီဇင်ဘာလတွင် ကျင်းပကြလေ့ရှိပါကြောင်း၊ အထူးသဖြင့် နှစ်စဉ် ဒီဇင်ဘာလ ၂၅ ရက်ကို ခရစ္စမတ်နေ့အဖြစ် သတ်မှတ်ပြီးကျင်းပလာခြင်းဖြစ်သည့်အတွက် ခရစ်ယာန်ဘာသာဝင်များ၏ ထူးကဲကြီးမြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်းကိုလည်း ဂုဏ်ပြုပြောကြားလိုပါကြောင်း၊ ယခုကဲ့သို့ ခရစ္စမတ်ပွဲတော်နေ့ထူးနေ့မြတ်အခါသမယတွင် ခရစ်ယာန်ဘာသာဝင်များနှင့်အတူ ပါဝင်ဆင်နွှဲရသည့်အတွက် များစွာဂုဏ်ယူပါကြောင်းနှင့် ခရစ်ယာန်ဘာသာဝင်များအားလုံးနှင့်တကွ မြန်မာနိုင်ငံသူနိုင်ငံသားများအပါအဝင် ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံး ခရစ်တော်၏ မေတ္တာတရားနှင့် ငြိမ်းချမ်းသာယာရှိကြပါစေဟု ထပ်လောင်းဆန္ဒပြုမေတ္တာပို့သအပ်ပါကြောင်း။

အေးချမ်းသာယာသည့် ကမ္ဘာကြီးအဖြစ်

ခရစ္စမတ်ပွဲတော် ဝတ်ပြုကိုးကွယ်မှုဆောင်ရွက်ခြင်း၏ အနှစ်သာရသည် လူသားမျိုးနွယ်များအပေါ် ဘုရားရှင်၏ ကြီးမားလှသည့် မေတ္တာတရားများ၊ ချစ်ခြင်းတရားများ၊ ကရုဏာတရားများကို မျှဝေပေးခြင်း၊ ပြသပေးခြင်းဖြစ်ပါကြောင်း၊ တစ်ဦးအပေါ်တစ်ဦး မေတ္တာတရား၊ ချစ်ခြင်းတရားများဖြင့် ခရစ္စမတ်၏အနှစ်သာရကို လူသားအားလုံးက တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ငြိမ်းချမ်းသာယာဝပြောသည့်လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းမှသည် အေးချမ်းသာယာသည့် ကမ္ဘာကြီးအဖြစ်ရောက်ရှိလာနိုင်မှာဖြစ်ပါကြောင်း။

ကမ္ဘာပေါ်တွင် ကိုးကွယ်မှုဘာသာများစွာရှိပြီး အဓိကဘာသာကြီး (၄)ခုအဖြစ် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာတို့ကို သတ်မှတ်ထားကြပါကြောင်း၊ မည်သည့်ဘာသာကို ကိုးကွယ်သည်ဖြစ်စေ ဘာသာတိုင်းသည် လူသားများအတွက် လောကီအကျိုး၊ လောကုတ္တရာကောင်းကျိုး၊ ငြိမ်းချမ်းမှု၊ မေတ္တာတရား၊ ချစ်ခြင်းတရား၊ ကရုဏာတရားများကိုသာ ညွှန်ပြပေးနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဘာသာတရားများ၏ ညွှန်ပြမှုအဆုံးအမများကို လိုက်နာကျင့်သုံး၊ ကျင့်ကြံကြမည်ဆိုပါက ငြိမ်းချမ်းသာယာသည့် လူ့အသိုက်အဝန်း၊ ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံအဖြစ်တည်ရှိနေမည်မှာ ဧကန်မလွဲဖြစ်ပါကြောင်း။

လွတ်လပ်စွာကိုးကွယ်ခွင့်ပြု

မြန်မာနိုင်ငံတွင်ဘာသာကြီး (၄) ခုအပြင် အခြားသောဘာသာများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်လပ်စွာကိုးကွယ်ခွင့်ပြုထားပါကြောင်း၊ နိုင်ငံတော်အနေဖြင့်အသိအမှတ်ပြုထားသည့်ဘာသာများကိုတတ်နိုင်သမျှ ကူညီစောင့်ရှောက်လျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခြေခံမူများပုဒ်မ ၃၄ တွင် "ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ် ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်းမဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာဆောင်ရွက်နိုင်သော အခွင့်အရေးတို့ကို အညီအမျှ ရရှိစေရမည်" ဟု ပြဋ္ဌာန်းထားပါကြောင်း။

အတူတကွ နေထိုင်ခဲ့ကြ

မြန်မာနိုင်ငံတွင် အများဆုံးကိုးကွယ်မှုရှိနေသည့် ဗုဒ္ဓဘာသာနှင့်အတူ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် အခြားသောဘာသာဝင်များသည် ရှေးနှစ်ပေါင်းပဝေသဏီကတည်းကပင် အတူတကွနေထိုင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ မည်သည့်ဘာသာကိုမျှ ထိခိုက်နစ်နာစေခြင်း၊ ခွဲခြားဆက်ဆံခြင်းမရှိဘဲ လူမျိုးမရွေး၊ ဘာသာမရွေး အပြန်အလှန်လေးလေးစားစား ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် နိုင်ငံတော်၏ကောင်းကျိုးများကို ညီအစ်ကိုမောင်နှမရင်းစိတ်ထားနှင့် တည်ဆောက်ခဲ့ကြပါကြောင်း၊ ဆက်လက်ပြီးတည်ဆောက်ကြရန် လိုအပ်သကဲ့သို့ ဘာသာရေးကိုအလွဲသုံးစားပြုပြီး မိမိတို့နိုင်ငံသားများ အချင်းချင်း၏အကြားတွင် စည်းလုံးညီညွတ်မှုပျက်ပြားအောင်၊ ပြိုကွဲအောင်လုပ်ဆောင်နေမှုများကိုလည်း အစဉ်သတိပြုကာကွယ်ကြရန် လိုအပ်သည်ကိုလည်း ပြောကြားလိုပါကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုပါကြောင်း၊ ဘာသာတရားတိုင်းသည် ငြိမ်းချမ်းမှုကို အခြေပြုထားသဖြင့် လူ့အဖွဲ့အစည်းတိုင်းတွင်လည်း ငြိမ်းချမ်းမှုလိုအပ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးတံခါးများ အမြဲဖွင့်လှစ်ထားသကဲ့သို့ တပ်မတော်အနေ

ကမ္ဘာပေါ်တွင် ကိုးကွယ်မှုဘာသာများစွာရှိပြီး အဓိကဘာသာကြီး (၄) ခုအဖြစ် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူ ဘာသာတို့ကို သတ်မှတ်ထား၊ မည်သည့် ဘာသာကို ကိုးကွယ်သည်ဖြစ်စေ ဘာသာ တိုင်းသည် လူသားများအတွက် လောကီအကျိုး၊ လောကုတ္တရာကောင်းကျိုး၊ ငြိမ်းချမ်းမှု၊ မေတ္တာ တရား၊ ချစ်ခြင်းတရား၊ ကရုဏာတရား များကိုသာ ညွှန်ပြပေးနေသည်ကို တွေ့ရမည်ဖြစ်၊ ဘာသာတရားများ၏ ညွှန်ပြမှုအဆုံးအမများကို လိုက်နာကျင့်သုံး၊ ကျင့်ကြံကြမည်ဆိုပါက ငြိမ်းချမ်းသာယာသည့် လူ့အသိုက်အဝန်း၊ ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံအဖြစ် တည်ရှိနေမည်မှာ ဧကန်မလွဲဖြစ်။

ဖြင့်လည်း ငြိမ်းချမ်းရေးအတွက် အမြဲအသင့်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအရ နိုင်ငံတော်ကိုတာဝန်ယူအုပ်ချုပ်သည့်အစိုးရတိုင်းသည် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း။

မိမိတို့အစိုးရ လက်ထက်တွင်လည်း ငြိမ်းချမ်းရေး အတွက်လုပ်ငန်းစဉ်များချမှတ်ပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ကြရောက်လာကြသည့် ခရစ်ယာန်ဘာသာဂိုဏ်းပေါင်းစုံအသီးသီးမှ ဆရာတော်ကြီးများနှင့် ဘာသာပေါင်းစုံက အကြီးအကဲများ အနေဖြင့်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိနိုင်ရေးအတွက် မိမိတို့တတ်နိုင်သည့် ဘက်ကတတ်နိုင်သမျှနည်းလမ်းများနှင့် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ပေးကြပါရန်ပြောကြား လိုပါကြောင်း၊ မိမိတို့နိုင်ငံအတွက် အမျိုးသားရေးမျှော်မှန်း ချက်(၂)ရပ်မှာ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာ ဖူလုံပေါများရေးတို့ဖြစ်ပါကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

ဘာသာသာသနာ၏ အဓိကအဆုံးအမမှာ "သာယာဝ ပြောခြင်း" ဖြစ်သည့် အတွက်တိုင်းပြည်သာယာဝပြောရေး အတွက် မိမိဆန္ဒပြုသည့် ငြိမ်းချမ်းရေးနှင့်အတူ လူသား အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ထပ်မံတိုက်တွန်း လိုပါကြောင်း၊ စည်းကမ်းတကျ နေထိုင်လုပ်ကိုင်ခြင်းသည် သာယာဝပြောမှုကိုရစေမည်ဖြစ်ပါကြောင်း၊ စားရေရိက္ခာ ဖူလုံပေါများခြင်းသည်လည်း တိုင်းပြည်သာယာဝပြောခြင်း ကို တိုက်ရိုက်အထောက်ကူပြုပါကြောင်း၊ ထို့ကြောင့် နိုင်ငံ အဝှမ်းရှိ ရဟန်းရှင်လူအားလုံးကိုယ်စီ ထိန်းသိမ်းကြိုးစား လုပ်ဆောင်သွားကြရန်လိုပါကြောင်း။

၂၀၂၂ ခုနှစ်အတွက်ကျင်းပသည့် ခရစ္စမတ်နေ့ထူး နေ့မြတ် အခါသမယမှစ၍ မြန်မာနိုင်ငံ၌ အဓိကလိုအပ်နေ သည့် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးတို့ အမြန်ရောက်ရှိနိုင်ရေးနှင့် ဘာသာတရားအားလုံး ငြိမ်းချမ်း စွာ အတူလက်တွဲ နေထိုင်ရေးဆိုသည့်ကောင်းမြတ်သော အခွင့်အရေးများကို နိုင်ငံသားများအားလုံးရရှိနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြော ကြားလိုပါကြောင်း။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော်ကာလက ခရစ် တော်မွေးဖွားသည့်ညအခါသမယတွင်ကောင်းကင်တမန် များက သိုးထိန်းနေသည့် သိုးထိန်းများကို ကိုယ်ထင်ရှား ပြပြီး "ရှင်လုကာအခန်းကြီး ၂ အခန်းငယ် ၁၄" တွင် ဖော်ပြ ထားသည့် "Peace on Earth and Good will toward men" "မြေကြီးပေါ်တွင်လည်း ငြိမ်သက်ခြင်းရှိစေသ တည်း၊ လူတို့အား မေတ္တာကရုဏာရှိစေသတည်း" ဟု ပြောကြားချက်အတိုင်း ယနေ့ဝတ်ပြုကိုးကွယ်မှုအစီ အစဉ်ကို ဦးဆောင်ကျင်းပသည့် မြန်မာနိုင်ငံခရစ်ယာန် ကောင်စီအပါအဝင် ခရစ်ယာန်ဘာသာဂိုဏ်းပေါင်းစုံမှ ဆရာတော်ကြီးများနှင့် ဆရာတော်များ၊ ပြည်ထောင်စု အဆင့်ဌာနဆိုင်ရာလူကြီးမင်းများ၊ တပ်မတော်အရာရှိ ကြီးများ၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့မှလူကြီးမင်း များ၊ အထူးဧည့်သည်တော် များနှင့် နိုင်ငံသူနိုင်ငံသားများ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မေတ္တာ တရားပွားများနိုင်ကြပါစေ၊ ပျော်ရွှင်ခြင်း၊ ရွှင်လန်းခြင်း၊ ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ဝမ်းမြောက်ခြင်းနှင့်အတူ ခရစ္စမတ်၏ ကောင်းခြင်းမင်္ဂလာ အဖြာဖြာ ခံစားနိုင်ကြ ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

■ ■ ■

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် မဂ်လာခန်းမတွင် ပြောကြားသည့်အမှာစကား

(၂၃-၁၂-၂၀၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်း အဖွဲ့များမှ တာဝန်ရှိသူများအား ရန်ကုန်မြို့၊ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မဂ်လာခန်းမ၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်ဝန်၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ကဏ္ဍအလိုက် လိုအပ်ချက်များအား တင်ပြဆွေးနွေး

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းက အသင်းချုပ် စတင်တည်ထောင်ခဲ့မှု၊ အသင်းချုပ်အားဖွဲ့စည်းထားရှိမှု၊ အသင်းချုပ်၏ညီနောင်အသင်းအဖွဲ့များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်လက်ခံမှု၊ အသင်းချုပ်၏လည်ပတ်နေမှု၊ အသင်းချုပ်၏မူဝါဒများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် UMFCCI ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဖြစ်သူ ဦးရဲမင်းအောင်နှင့် တက်ရောက်လာကြသည့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများကအသင်းအဖွဲ့အလိုက်ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ ကဏ္ဍအလိုက်မှပို့ကုန်များကို ပိုမိုတိုးမြင့်တင်ပို့နိုင်ရေး နိုင်ငံတကာအသိအမှတ်ပြု

ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်မှု၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ခေတ်မီနည်းစနစ်များအသုံးပြုဆောင်ရွက်ရန်လိုအပ်မှု၊ စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအနှီး၊ ကျွမ်းကျင်လုပ်သားများ၊ နည်းပညာစသည်တို့တွင် ကူညီဆောင်ရွက်ပေးစေလိုမှု၊ လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ တင်သွင်းရာတွင် ကုန်ပစ္စည်းအရည်အသွေးပြည့်မီမှု စစ်ဆေးပေးနိုင်ရန်နှင့် ကုန်သွယ်ခွန်ကောက်ခံမှုအား သက်သာသောနှုန်းထားဖြင့် ခွင့်ပြုပေးစေလိုမှု၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားနှင့် အတတ်ပညာရှင်လူသားအရင်းအမြစ်များလိုအပ်မှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူမှုတွင် ပဂ္ဂလိကကဏ္ဍအားပေးကူညီစေလိုမှုနှင့် လျှပ်စစ်စွမ်းအင်သုံးသယ်ယူပို့ဆောင်ရေးယာဉ်များနိုင်ငံအတွင်း အသုံးပြုမှုတွင်ကျယ်လာစေရေးဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများအား စျေးကွက်ရရှိရေးကုန်စည်ပြပွဲများ တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်မှု၊ ပြည်သူများအလုပ်အကိုင်ကောင်းမွန်စွာရရှိရေး၊ ပြည်ပပို့ကုန်များစျေးကွက်ပိုမိုရရှိရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစိုးရနှင့်စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရန်လိုအပ်မှု၊ ICT ဆိုင်ရာသွင်းကုန်ပစ္စည်းများ အခွန်နှုန်းသက်သာစွာဖြင့်ရရှိရေး ကန့်သတ်ချက်များ ဖြေလျှော့ပေးစေလိုမှု၊ ကျောက်မျက်ရတနာရောင်းချပွဲများတွင် နိုင်ငံခြားငွေဖြင့်ရောင်းချသည့် ပြပွဲများ အပြင် မြန်မာကျပ်ငွေဖြင့်ရောင်းချသည့် ပြပွဲများကိုလည်း စီစဉ်ဆောင်ရွက်ပေးစေလိုမှု စသည်တို့နှင့်ပတ်သက်၍ လိုအပ်ချက်များ အသီးသီးအကြံပြုဆွေးနွေးတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူများ၏ ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ ဦးအောင်နိုင်ဦးတို့က နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးရင်းနှီးမတည်ငွေနှင့် လိုအပ်ချက်များအား တတ်နိုင်သရွေ့ နိုင်ငံတော်မှပြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ လိုင်စင်များနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ထုတ်ကုန်လုပ်ငန်းများအတွက်လိုအပ်သည့် နည်းပညာနှင့်အရင်းအနှီးများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လိုအပ်သည်များဆောင်ရွက်ပေးလျက်ရှိမှု၊ လျှပ်စစ်စွမ်းအင်သုံး သယ်ယူပို့ဆောင်ရေးယာဉ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဝန်ကြီးဌာနများမှလည်း ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိမှုနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်နေမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက်အသီးသီး ပြန်လည်ဆွေးနွေးပြောကြားကြသည်။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)သည် ဖွဲ့စည်းတည်ထောင်မှုနှစ်ပေါင်း ၁၀၀ ကျော်ရှိပြီဖြစ်ပြီး အမှီအခိုကင်းသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ အစိုးရအဆက်ဆက်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သကဲ့သို့ မိမိတို့အနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုများရှိမှသာလျှင် ရောင်းဝယ်မှုများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်ပေးရကြောင်း၊ ထုတ်ကုန်များရရှိရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) ကို အခြေခံသည့်လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံလူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှုများကိုဆောင်ရွက်ခြင်းသည်

အကျိုးများစွာဖြစ်ထွန်းစေပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်သည် ပြည်တွင်းစီးပွားရေးအားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်ပစ္စည်းများကို တိုးမြှင့်တင်ပို့နိုင်ရန်ဖြစ်ကြောင်း၊ ပြည်တွင်းစီးပွားရေးကိုအားပေးရန်အတွက် ကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ဒီမိုကရေစီပထမအစိုးရနှင့် ဒုတိယအစိုးရသက်တမ်းတို့တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုထက် ပြည်ပမှသွင်းကုန်တင်သွင်းမှုကို ဦးစားပေးခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေများရှိခဲ့ကြောင်း၊ ပြည်တွင်းမှထုတ်လုပ်သည့် ထုတ်ကုန်များကိုဦးစားပေး၍ ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ပြည်တွင်းစီးပွားရေးတိုးတက်ရန်အတွက် လူတစ်စု၏ စီးပွားတိုးတက်ရေးထက် လူအများစီးပွားရေး တိုးတက်ရန်လည်းလိုကြောင်း၊ ထို့ကြောင့် အများစုအကျိုးရှိနိုင်သည့် စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ခေတ်အဆက်ဆက်တွင် နိုင်ငံ့စီးပွားရေးတိုးတက်ရေးအတွက် စနစ်အမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ်ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်လျှောက်လှမ်းချိန်၌ ဈေးကွက်စီးပွားရေးစနစ်ပိုမိုပီပြင်လာခဲ့ကြောင်း၊ သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကမှမလုပ်နိုင်သည့် အချို့သောစီးပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေရကြောင်း၊ မိမိတို့၏ရည်ရွယ်ချက်မှာ ပုဂ္ဂလိကစီးပွားရေးကို အားပေးလိုခြင်းဖြစ်ကြောင်း၊ သို့သော်စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စည်းကမ်းပိုင်းဆိုင်ရာအရ အစိုးရတစ်ရပ်၏ ထိန်းကြောင်းမှုဖြင့်လည်း ကင်း၍ရနိုင်မည်မဟုတ်သောကြောင့် ယခုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းအနေဖြင့်လည်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့နိုင်ငံတွင် ထုတ်ကုန်ပစ္စည်းနည်းပါးမှုကြောင့် ရောင်းဝယ်မှုနည်းပါးခြင်းဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများကိုအရည်အသွေးပြည့်မီစွာဖြင့် အရည်အတွက်များပြားစွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် သယံဇာတပစ္စည်းများမှ ထုတ်ကုန်ပစ္စည်းများကို ထိရောက်စွာအသုံးချ၍ အကျိုးရှိစွာ အသုံးပြုမည်ဆိုပါကမိမိတို့နိုင်ငံ၏ စီးပွားရေးကဏ္ဍမှာတိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်မှထုတ်ချေးပေးသည့်ချေးငွေနှင့်ပတ်သက်၍ ဖွံ့ဖြိုးရေးအရချေးငွေများရှိသကဲ့သို့ စီးပွားရေးအရ ထုတ်ချေးပေးသည့် ချေးငွေများရှိကြောင်း၊ နိုင်ငံတော်မှ တတ်နိုင်သမျှ ရင်းနှီးမြှုပ်နှံငွေများထုတ်ချေးပေးလျက်ရှိကြောင်း၊ နိုင်ငံအတွင်းငွေကြေးလည်ပတ်သုံးစွဲမှုများ များပြားမှသာလျှင် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် သွင်းအားစုများ လိုအပ်

MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်သည် ပြည်တွင်းစီးပွားရေးအားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်ပစ္စည်းများကို တိုးမြှင့်တင်ပို့နိုင်ရန်ဖြစ်၊ ပြည်တွင်းစီးပွားရေးကိုအားပေးရန်အတွက် ကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်ရန်လို၊ ဒီမိုကရေစီပထမအစိုးရနှင့် ဒုတိယအစိုးရသက်တမ်းတို့တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုထက် ပြည်ပမှသွင်းကုန်တင်သွင်းမှုကို ဦးစားပေးခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေများရှိခဲ့၊ ပြည်တွင်းမှထုတ်လုပ်သည့် ထုတ်ကုန်များကို ဦးစားပေး၍ ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်း၊ ပြည်တွင်းစီးပွားရေးတိုးတက်ရန်အတွက် လူတစ်စု၏ စီးပွားတိုးတက်ရေးထက် လူအများစီးပွားရေး တိုးတက်ရန်လို၊ ထို့ကြောင့် အများစုအကျိုးရှိနိုင်သည့် စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်။

သဖြင့် ရရှိအောင်ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းစီမံကိန်းများအနက်အချို့မှာ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရသဖြင့် လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိသေးကြောင်း၊ ထို့ကြောင့်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် လေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ စပါးခွံလောင်စာသုံး Gastifire ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကိုလည်း လက်တွေ့အသုံးချနိုင်မည်ဆိုပါက အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဓာတ်မြေသြဇာနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဓာတ်မြေသြဇာစက်ရုံများရှိပြီးအဆိုပါ စက်ရုံများလည်ပတ်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူပြီးထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေသြဇာများအဖြစ်အသုံးချနိုင်ကြောင်း၊ အလားတူ အီးအမ်ဘိုကာချီကဲ့သို့

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပြည်သူများ ပညာရည်မြင့်မားရေးဆောင်ရွက်ပေးလျက်ရှိ၊ သက်ဆိုင်ရာပညာရပ်များအလိုက် ကျွမ်းကျင်ပညာရှင်များမွေးထုတ်ပေးနိုင်ရေး ဘာသာရပ်များအလိုက်သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကအနေဖြင့်လည်း ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးမည်ဆိုပါက နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်ဖြစ်၊ ပညာရေးအတွက်ရင်းနှီးမြှုပ်နှံမှုသည် များစွာကြီးမားပြီး နိုင်ငံအတွက် အကျိုးများစွာဖြစ်ထွန်းနိုင်သည့် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်၊ ဘာသာရပ်အလိုက်ပညာရပ်များကို အမှန်တကယ်ကျွမ်းကျင်ပိုင်နိုင်သည်အထိ သင်ကြားလေ့ကျင့်ပေးရန်လို။

သော သဘာဝမြေသြဇာများကိုလည်း အသုံးပြုဆောင်ရွက်၍ရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးရပ်စလုံးပြည့်စုံကောင်းမွန်နေရန်လိုကြောင်း၊ ထို့ကြောင့်သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကြိုးပမ်းဆောင်ရွက်ပေးမည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ထို့ပြင် မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခွင့်ပြုပေးထားသည့် မြေနေရာများတွင် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်ပြီး အကျိုးရှိစွာအသုံးချကြစေလိုကြောင်း၊ စိုက်ပျိုး မွေးမြူရေးထွက်ကုန်ပစ္စည်းများဖြင့် လူသုံးကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင်ထုတ်လုပ်ပြီး ၎င်းထက်ပိုမိုထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပနိုင်ငံများသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း။

လူသားအရင်းအမြစ်ကောင်းများရရှိရေး

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပြည်သူများ ပညာရည်မြင့်မားရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာပညာရပ်များအလိုက် ကျွမ်းကျင်ပညာရှင်များမွေးထုတ်ပေးနိုင်ရေး ဘာသာရပ်များအလိုက်သင်တန်းကျောင်း များဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကအနေဖြင့်လည်း ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးမည်ဆိုပါက နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေးအတွက်ရင်းနှီးမြှုပ်နှံမှုသည်များစွာကြီးမားပြီး နိုင်ငံအတွက် အကျိုးများစွာဖြစ်ထွန်းနိုင်သည့် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်ကြောင်း၊ ဘာသာရပ်အလိုက်ပညာရပ်များကို အမှန်တကယ်ကျွမ်းကျင်ပိုင်နိုင်သည်အထိ သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း။

သယံဇာတများကို အကျိုးရှိရှိထုတ်ယူသုံးစွဲ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားပေးဆောင်ရွက်

မိမိတို့နိုင်ငံတွင် စက္ကူလိုအပ်ချက်များစွာရှိပြီး သစ်နှင့်

ဝါးသယံဇာတများကို စနစ်တကျထုတ်ယူအသုံးပြု၍ ၎င်းတို့မှ စက္ကူပျော့ဖတ်များထုတ်လုပ်၍ရကြောင်း၊ ပြည်တွင်း၌ စက္ကူပျော့ဖတ်နှင့် စက္ကူထုတ်လုပ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်းမှထွက်ရှိသည့်ရော်ဘာများဖြင့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ရန်လိုကြောင်း၊ အလားတူချည်နှင့် ချည်ထည်များကို နှစ်စဉ်ပြည်ပမှ တင်သွင်းနေရမှုများရှိသဖြင့် ပြည်တွင်းဝါစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အထည်ချုပ်လုပ်ငန်းများနှင့်ပတ်သက်၍ ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ အထည်ချုပ်လုပ်ငန်းသည် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ကြောင်း၊ လုပ်သားများ၏လစာငွေများနှင့်ရပိုင်ခွင့်များကိုလည်း မှန်မှန်ကန်ကန်ရရှိအောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်သားများ ကျွမ်းကျင်မှုရှိစေရေးနှင့် စက်ပစ္စည်းများတိုးတက်မှုရှိအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပိုမိုတိုးတက်ကောင်းမွန်လာပြီး ဝယ်လိုအားမြင့်တက်လာမည်ဖြစ်ကြောင်း။

ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် သံမဏိများထုတ်လုပ်နိုင်ရန်အတွက် ကုန်ကြမ်းပစ္စည်းများရှိပြီးဖြစ်ကြောင်း၊ ပြည်တွင်း၌ သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါကမည်သည့်တိုင်းရင်းသားလုပ်ငန်းရှင်များကိုမဆို အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လူသုံးကုန်ပစ္စည်းများကို ပြည်ပမှအများဆုံးမှာယူသုံးစွဲနေရသဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများ များပြားလျက်ရှိကြောင်း၊ ထို့ကြောင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်ပြီး စျေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချမည်ဆိုပါကတိုင်းပြည်အတွက်များစွာ အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း။

ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ မိမိတို့စတင်တာဝန်ယူချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ဘဏ်လုပ်ငန်းများရပ်တန့်ခဲ့ရကြောင်း၊ သို့သော် ယခုအခါဘဏ်လုပ်ငန်းများ ပြန်လည်လည်ပတ်လာပြီဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းဆောင်ရွက်သူများအနေဖြင့်လည်း လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် စနစ်တကျဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံအတွက်ဘဏ်လုပ်ငန်းသည် အရေးကြီးသဖြင့် ဘဏ်များပြိုလဲမှုမရှိစေရေး နိုင်ငံတော်မှ ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းကို အထောက်အကူပြုနိုင်သည့် ရပ်ရွာများသန့်ရှင်းသာယာလှပရေးအတွက် အမြဲမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက်များစွာအကျိုးဖြစ်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ဆေးဝါးလိုအပ်မှုများရှိသဖြင့် အချို့သောဆေးဝါးများမှလွဲ၍ ထုတ်လုပ်နိုင်သည့်ဆေးဝါးများကိုလိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူမိမိတို့နိုင်ငံမှ ပြည်ပနိုင်ငံများသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူသူများ များပြားလျက်ရှိကြောင်း၊ ပြည်တွင်း၌ပုဂ္ဂလိက ဆေးရုံလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ပြည်သူများအတွက် များစွာအထောက်အကူပြုမည်ဖြစ်၍ ဆောင်ရွက်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံစီးပွားတိုးတက်ရေးအတွက် ယခုတက်ရောက်လာကြသည့်အဖွဲ့အစည်းမှ အများဆုံးဆောင်ရွက်နေခြင်းဖြစ်သဖြင့် နိုင်ငံရေးကင်းရှင်းစွာဖြင့် နိုင်ငံ့အကျိုးကိုကြည့်၍ အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

■ ■ ■

(၇၅)နှစ်မြောက် စိန်ရတုတပ်မတော် (ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

(၂၄ - ၁၂ - ၂၀၂၂)

ယနေ့တွင်ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာလ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ နယ်မြေခံရေတပ်လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဇေယျကျော်ထင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့်ဇနီးများ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၊ မိသားစုများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့သည် တပ်မတော်(ရေ)၏ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ပင်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ကိုဖွဲ့စည်းပြီး ၁၁ ရက်အကြာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိခဲ့သည့်အတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းများ ဆောင်ကျဉ်းပေးခဲ့သည်ဟု ယူဆနိုင်သကဲ့သို့ လွတ်လပ်ရေးနှင့်ထပ်တူပေါက်ဖွားလာခဲ့သည့် တပ်ဖွဲ့တစ်ခုဖြစ်လည်းဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း။

မိမိတို့တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ နှင့်ဖွဲ့စည်းထားသော မျိုးချစ်ပြည်ထောင်စုတပ်မတော် ဖြစ်ကြောင်း၊ နိုင်ငံတော်အပေါ်ကျရောက်လာနိုင်သည့် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို ကာကွယ်တားဆီးရန် အဓိကတာဝန်ရှိသည့်အဖွဲ့အစည်းဖြစ်ပြီး ဒို့တာဝန်အရေး

(၃)ပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်သူများနှင့်လက်တွဲ၍ အသက်၊ သွေး၊ ချွေးပေါင်းများစွာ ပေးဆပ်ဆောင်ရွက်ခဲ့ကြသည်ကို ခေတ်အဆက်ဆက် အထင်အရှားတွေ့မြင်ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ ကုန်းမြေဧရိယာ၏ တစ်ဝက်ကျော်ရှိသည့် ရေပြင်ဧရိယာသည် စတုရန်းရေမိုင်ပေါင်း ၁၄၄,၉၁၂ မိုင်ရှိပြီး ရေပေါ်ရေအောက်အဖိုးတန်သယံဇာတများ၊ ရေသတ္တဝါများ နားခိုကျက်စားရာနေရာများနှင့် ကျွန်းကြီး၊ ကျွန်းငယ်များ၊ ပင်လယ်ကမ်းရိုးတန်း သဘာဝအလှတရားများစွာတို့နှင့် ပြည့်နှက်နေကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပင်လယ်ပြင်မှ အဓိကဖော်ဆောင်ပေးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာ့ရေပြင်သည် ဘင်္ဂလားပင်လယ်အော်၊ ကပွလီ ပင်လယ်ပြင်တို့ကို ပိုင်ဆိုင်ထားရှိပြီး ကုန်သွယ်ရေလမ်းကြောင်းများထိန်းချုပ်နေရာ (Choke Point) များကို စိုးမိုးချုပ်ကိုင်ထားနိုင်သော သဘာဝကပေးသည့် ထူးခြားသော လက်ဆောင်ကောင်းကို ရရှိထားခဲ့သည်ကိုတွေ့မြင်ရကြောင်း၊ ထို့အပြင် အမေရိကန်၏ Indo–Pacific Strategy၊ တရုတ်၏ Two Ocean Strategy ၊ အိန္ဒိယ၏ Act East Policy တို့ ဆုံမှတ်နေရာဖြစ်နေသည်ကိုလည်း သတိပြုဖွယ်တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပင်လယ်ပြင်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်ရည်ရွယ်ပြီး ပင်လယ်ပြင်နှင့်ဆက်စပ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအခြေအနေများကို သုံးသပ်ကာ မြန်မာ့ရေကြောင်းအကျိုးစီးပွားများ ကာကွယ်ရန်တပ်မတော်(ရေ)ကို မဟာဗျူဟာအမြင်ဖြင့် စဉ်ဆက်မပြတ်တိုးချဲ့တည် ဆောက်ပေးလျက်ရှိကြောင်း။

၁၂ ရာစုအစပိုင်းကပင် မြန်မာ့ရေတပ်အစပြု

တပ်မတော်(ရေ)၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ဖွဲ့စည်းပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၂ ရာစုအစပိုင်းကပင် မြန်မာ့ရေတပ်အစပြုခဲ့ပြီး ၁၈ ရာစုကုန်းဘောင်မင်းဆက်၊ ရတနာပုံခေတ်၌ရာထူးဌာနန္တရဂုဏ်ထူးအဆောင်အယောင်များနှင့် စနစ်တကျဖွဲ့စည်းနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သာယာဝတီမင်း၏ ဒဂုံရေကြောင်းချီအခမ်းအနားသည် မိမိတို့မြန်မာ့ရေတပ်၏ အရည်အသွေးကို ထုတ်ဖော်ပြသခဲ့ခြင်းလည်းဖြစ်ကြောင်း။

သမိုင်းအစဉ်အလာကောင်းခဲ့သည့်မြန်မာ့ရေတပ်သည် လွတ်လပ်ရေးဆုံးရှုံးပြီး သူ့ကျွန်ဘဝရောက်ရှိခဲ့မှုနှင့်အတူ တိမ်မြုပ်ခဲ့ရကြောင်း၊ ၁၉၄၀ ပြည့်နှစ်တွင် ဗမာပြည် ဘုရင့်အပျော်တမ်းအရန်ရေတပ် (BRNVR) ပေါ်ပေါက်လာပြီး ၁၉၄၆ ခုနှစ်တွင် ဗမာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်ကို အရာရှိ ၇၄ ဦး၊ အခြားအဆင့် ၇၆၃ ဦးတို့နှင့် အမြဲတမ်းရေတပ်အဖြစ် ပြောင်းလဲဖွဲ့စည်းရန် ပြင်ဆင်ခဲ့ကြောင်း၊ ဖရီးဂိတ်စစ်ရေယာဉ် ၁ စီးနှင့် ဆိပ်ကမ်းကာကွယ်ရေးရေယာဉ် HDML (Habour Defence Motor Launch) ၁၃ စီးကိုလည်း ထည့်သွင်းဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်တွင် ဗမာပြည်ဘုရင့်အပျော်တမ်း အရန်ရေတပ် (BRNVR)ကို "ဗမာ့ရေတပ်မတော် (Burma Navy)" အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ လွတ်လပ်ရေးနှင့်အတူပေါ်ပေါက်ခဲ့သည့် ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုများကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ ကာကွယ်ရေးနှင့်လုံခြုံရေးတို့အတွက် တပ်မတော်(ရေ)သည် တပ်မတော်(ကြည်း/လေ)တို့နှင့်အတူ လက်တွဲတိုက်ပွဲဝင်ခဲ့ကြောင်း။

မြန်မာ့ပင်လယ်ပြင်ကို လုံခြုံစွာကာကွယ်ရန်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများကို ကာကွယ်ရန်အတွက်

မြန်မာ့ပင်လယ်ပြင်ကို လုံခြုံစွာ ကာကွယ်ရန်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများကို ကာကွယ်ရန်အတွက် နိုင်ငံတော်လွတ်လပ်ရေးရရှိပြီးချိန်မှစပြီး ယနေ့အထိ ခေတ်အဆက်ဆက် ရေတပ်သားများသည် ပုခုံးပြောင်းတာဝန်ထမ်းဆောင်ခဲ့ကြ၊ တပ်မတော်(ရေ) တိုးတက်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အဆက်ဆက်၏လမ်းညွှန်မှု၊ ကူညီပံ့ပိုးမှုတို့ဖြင့် အစဉ်တစိုက် တည်ဆောက်လာခဲ့၊ ယခုအခါ စစ်ရေယာဉ်ကြီးများကို ကိုယ်တိုင် ဒီဇိုင်းရေးဆွဲတည်ဆောက်နိုင်သည့် တပ်မတော် (ရေ) အဖြစ် တက်လှမ်းနိုင်ခဲ့။

နိုင်ငံတော်လွတ်လပ်ရေးရရှိပြီးချိန်မှစပြီး ယနေ့အထိ ခေတ်အဆက်ဆက်ရေတပ်သားများသည် ပုခုံးပြောင်းတာဝန်ထမ်းဆောင်ခဲ့ကြကြောင်း၊ တပ်မတော်(ရေ) တိုးတက်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အဆက်ဆက်၏လမ်းညွှန်မှု၊ ကူညီပံ့ပိုးမှုတို့ဖြင့် အစဉ်တစိုက် တည်ဆောက်လာခဲ့ကြောင်း၊ ယခုအခါ စစ်ရေယာဉ်ကြီးများကို ကိုယ်တိုင်ဒီဇိုင်းရေးဆွဲတည်ဆောက်နိုင်သည့် တပ်မတော်(ရေ)အဖြစ် တက်လှမ်းနိုင်ခဲ့ကြောင်း။

စစ်ရေယာဉ်ကြီးများကို ပင်လယ်ပြင်တွင် သမားရိုးကျ စစ်ပွဲများဆင်နွှဲနိုင်ရန်အတွက် ရည်မှန်းချက်ထားတည်ဆောက်ပေးနိုင်ခဲ့သကဲ့သို့ တပ်မတော်(ရေ)၏ စစ်မဟာဗျူဟာများဖြစ်သည့် Active Defence Strategy နှင့် Two Sea Strategy အရ ဆက်လက်တည်ဆောက်ရမည့် စစ်ရေယာဉ်များကိုလည်း လျာထားစီမံတည်ဆောက်လျက်ရှိကြောင်း၊ စစ်ရေယာဉ်များတိုးတက်တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ဖရီးဂိတ်စစ်ရေယာဉ်များနှင့် သီးသန့်စီးပွားရေးဇုန်အတွင်း သမားရိုးကျစစ်ပွဲများကို ဆင်နွှဲနိုင်သည့်ရေတပ်၊ တရားဥပဒေစိုးမိုးရေးကို အပြည့်အဝထမ်းဆောင်နိုင်သောရေတပ်အဖြစ်ဂုဏ်ယူဝင့်ထည်စွာရပ်တည်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

တပ်မတော်(ရေ)ကို တိုက်ပွဲဝင်အသင့်ဖြစ်ရန်အတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့်လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှုဆိုသည့် အသင့်ဖြစ်မှု ၃ ရပ်နှင့်ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ စစ်ရေယာဉ်များကို တည်ဆောက်တပ်တော်ဝင်သည့်နေရာတွင်လည်း ခြိမ်းခြောက်မှုများကို တုံ့ပြန်တိုက်ခိုက်နိုင်စွမ်းရှိရန် ဖရီးဂိတ်စစ်ရေယာဉ်ကအစ မြစ်တွင်းအမြန်သွားတိုက်ခိုက်ရေး စစ်ရေယာဉ်များအဆုံး၊ အထောက်အကူပြုရေယာဉ်များပါမကျန် အမျိုးအစားစုံလင်စွာ စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ရေယာဉ်ကိုယ်ထည် ဒီဇိုင်းများကိုလည်း ကိုယ်ပျောက်နည်းပညာ (Stealth Technology) ဒီဇိုင်းအထိ အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး ကိုယ်တိုင်တိုးတက် တည်ဆောက်လာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မောင်းနှင်မှုစနစ်များတွင်လည်း Waterjet Propulsion စနစ်အသုံးပြုနိုင်ပြီး ရေမိုင် ၄၀ အထက် မောင်းနှင်နိုင်သည့် ရေယာဉ်များအထိစွမ်းအားမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မြစ်တွင်းစစ်ရေယာဉ်များတွင်လည်း Armor Plate များ တပ်ဆင်ထားပြီး ထိရောက်စွာစစ်ဆင်နိုင်စွမ်းရှိသည့် စစ်ရေယာဉ်များအဖြစ် တည်ဆောက်ပေးခဲ့ကြောင်း။

ယင်းနေရာ၌ တပ်မတော်(ရေ)၏ တိုက်စွမ်းအားများကို ဖြည့်ဆည်းပေးနေသည့် အင်ဂျင်နီယာတပ်ဖွဲ့ဝင်အရာရှိ၊ စစ်သည်များ၏အရေးပါမှုနှင့် ကြိုးပမ်းအားထုတ်မှုကိုလည်း အသိအမှတ်ပြုပြောကြားလိုကြောင်း၊ တပ်မတော်(ရေ)၏ ရေယာဉ်တည်ဆောက်ရေး ဗိသုကာပညာရှင်တစ်ဦးဖြစ်သည့် ဆရာရှမ်းကို ဂုဏ်ပြုသည့်အနေဖြင့် Floating Dock များကို ဆရာရှမ်းအမည်ဖြင့် တည်ဆောက်တပ်တော်ဝင်ပေးခဲ့ကြောင်း၊ မိမိတို့ရည်မှန်းခဲ့သည့် “ဝယ်ယူအသုံးပြုသူမှ ကိုယ်တိုင်တည်ဆောက်သူ (Buyer to Builder)” အဖြစ် ပြောင်းလဲနိုင်ခဲ့သည့်အတွက် ပထမအဆင့်အနေဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့် အရပ်ဘက်/စစ်ဘက် ရေယာဉ်များတည်ဆောက်ရေးမျှော်မှန်းချက်ကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် ရေအောက်စစ်ဆင်ရေးကဏ္ဍအတွက် အလွန်အရေးကြီးသည့် တိုက်ခိုက်ရေးရေငုပ်သင်္ဘော ၂ စီးကို ရရှိအောင်စွမ်းဆောင်ပေးခဲ့ပြီး ဒေသတွင်း၌ ရေငုပ်သင်္ဘောလက်ဝယ်ပိုင်ဆိုင်သည့်ရေတပ်အဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရေငုပ်သင်္ဘောတပ်ဖွဲ့ကိုလည်း ရေရှည်ဆက်လက်ချီတက်နိုင်ရေးအစီအမံများ ချမှတ်ဆောင်ရွက်

> **တပ်မတော်(ရေ)၏ သံတမန်ရေးရာကဏ္ဍအနေဖြင့် အိမ်နီးချင်းရေတပ်များ၊ နိုင်ငံတကာရေတပ်များနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ပြီး တပ်မတော်၏ အဆင့်အတန်းကိုပြသနိုင်ခဲ့၊ ဒေသတွင်း၊ နိုင်ငံတကာရေတပ်များနှင့် နယ်နိမိတ်တစ်လျှောက် ညှိနှိုင်းကင်းလှည့်ခြင်းအပါအဝင် ရေတပ်ဆိုင်ရာတွေ့ဆုံပွဲများ၊ ရေကြောင်းလုံခြုံမှုဆိုင်ရာ လေ့ကျင့်ခန်းများကိုလည်း အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး သံတမန်ရေးရာကဏ္ဍကို ထိရောက်စွာဆောင်ရွက်နိုင်ခဲ့။**

လျက်ရှိကြောင်းကိုလည်း အသိပေးပြောကြားလိုကြောင်း။

သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် ရေတပ်

တပ်မတော်(ရေ)၏ ကဏ္ဍကြီး ၄ ရပ်ကို ထမ်းဆောင်ရာတွင် စစ်ရေးကဏ္ဍအနေဖြင့် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား ဟန်ချက်ညီတိုးတက်မှသာ တိုက်ပွဲဝင်အသင့်ဖြစ်သည့် တပ်ဖွဲ့တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ တိုက်စွမ်းအားရရှိရေးအတွက် စစ်ဆင်မှုနယ်ပယ် ၄ ရပ်တွင် စစ်ဆင်နိုင်မည့် ခေတ်မီ Platform များ၊ စွမ်းရည်မြင့်လက်နက်နှင့် လက်နက်စနစ်များ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ကိရိယာများကို ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ယနေ့အချိန်တွင် ရေပြင်သွားစစ်ရေယာဉ်ကြီးတွေသာမက ရေငုပ်သင်္ဘောများကိုပါ ရရှိပိုင်ဆိုင်လာခဲ့ပြီး သုံးဘက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့်ရေတပ်အဖြစ် ခြေလှမ်းသစ်တစ်ရပ်ကိုတက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊တပ်မတော်(ရေ)၏ တိုက်စွမ်းရည်တိုးတက်စေရေးအတွက် တစ်ဦးချင်းလေ့ကျင့်ရေး၊ အဖွဲ့လိုက်လေ့ကျင့်ရေးမှသည် စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်လေ့ကျင့်ခန်းများအထိ နှစ်စဉ်လေ့ကျင့်ဆောင်ရွက်စေခဲ့ကြောင်း၊ ထို့ကြောင့် စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield)များကို ၂၀၁၄ ခုနှစ်က စတင်လေ့ကျင့်ခဲ့ပြီး ၂၀၂၂ ခုနှစ်အထိ နှစ်စဉ်နှစ်တိုင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် မပျက်မကွက်တက်ရောက်ခဲ့ကြောင်း၊ ကာကွယ်ရေး၏သဘောသဘာဝသည် ကြိုတင်မျှော်တွေး ပြင်ဆင်လေ့ကျင့်နေရခြင်းဖြစ်သဖြင့် အမြဲတမ်းလေ့ကျင့်နေမှသာ ပင်လယ်ပြင်မှကျူးကျော်လာသည့် မည်သည့်ရန်သူကိုမဆို အချိန်အခါမရွေး တုံ့ပြန်ချေမှုန်းနိုင်မည်ဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်ကာကွယ်ရေးအတွက် ထိရောက်စွာဆောင်ရွက်နိုင်မည်ပင်ဖြစ်ကြောင်း။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကဏ္ဍအနေဖြင့် ပင်လယ်ပြင်တွင် ဘေးဒုက္ခရောက်နေသည့်သူများကိုကူညီခြင်း၊ နိုင်ငံရပ်ခြားတွင် ဒုက္ခမျိုးစုံခံနေရသည့် မိမိတို့သွေးချင်းတိုင်းရင်းသားပြည်သူများကို ပြန်လည်ခေါ်ဆောင်ခြင်း၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး တာဝန်များထမ်းဆောင်ခြင်း၊ ကမ်းရိုးတန်းနှင့် ကျွန်းနေပြည်သူလူထုတို့၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများများစွာပါဝင်ကြောင်း၊ ကိုဗစ်-၁၉ကပ်ရောဂါကြောင့် မလေးရှားနှင့် အိန္ဒိယနိုင်ငံ အက်ဒမန်ကျွန်းတွင် ကာလရှည်စွာဒုက္ခရောက်နေသည့် မြန်မာနိုင်ငံသားများကို ၂၀၂၁ ခုနှစ်အတွင်း ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ပြည်သူလူထုကျန်းမာရေးအတွက် ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)၊ မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုစွန်)တို့ဖြင့် နှစ်စဉ် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခဲ့ရာ ပြည်သူတွင် လူထု ၃ သိန်းခန့်ကို ကျန်းမာရေးစောင့်ရှောက်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်အေးချမ်းသာယာမှုရှိစေရေး၊ ဒေသဖွံ့ဖြိုးတိုးတက်စည်ကားမှုကို အထောက်အကူပြုစေရေး၊ အများပြည်သူကြည်ညိုဖွယ်မြော်နိုင်ရေးနှင့် ကုသိုလ် သဒ္ဓါတရားပွားများနိုင်စေရေးအတွက်ရည်ရွယ်ပြီး ကမ္ဘာ့အကြီးဆုံးစကျင်ဆင်းတု တော်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ စကျင်ကျောက်တန်ချိန် ၉၀၀၀ ကျော်ကိုရေယာဉ်များနှင့် သယ်ယူပို့ဆောင်ခဲ့ရာတွင် တပ်မတော်(ရေ)က စစ်ရေယာဉ်များနှင့် အရာရှိ၊ စစ်သည်များ ပါဝင်ဆောင်ရွက်ခွင့်ရခဲ့ကြခြင်းသည်မှာလည်း သာသနာ့သမိုင်းတွင် ဂုဏ်ယူဖွယ် မှတ်တမ်းအဖြစ် ကျန်ရှိနေမည်ပင်ဖြစ်ကြောင်း။

တပ်မတော်၏ အဆင့်အတန်းကိုပြသနိုင်ခဲ့

တပ်မတော်(ရေ)၏ သံတမန်ရေးရာကဏ္ဍအနေဖြင့် အိမ်နီးချင်းရေတပ်များ၊ နိုင်ငံတကာရေတပ်များနှင့် စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်ပြီး တပ်မတော်၏အဆင့်အတန်းကိုပြသနိုင်ခဲ့ကြောင်း၊ ဒေသတွင်း၊ နိုင်ငံတကာရေတပ်များနှင့် နယ်နိမိတ်တစ်လျှောက် ညှိနှိုင်းကင်းလှည့်ခြင်း အပါအဝင် ရေတပ်ဆိုင်ရာတွေ့ဆုံပွဲများ၊ ရေကြောင်းလုံခြုံမှုဆိုင်ရာ လေ့ကျင့်ခန်းများကိုလည်း အောင်မြင်စွာပူးပေါင်း ဆောင်ရွက်ခဲ့ပြီး သံတမန်ရေးရာကဏ္ဍကိုထိရောက်စွာဆောင်ရွက်နိုင်ခဲ့ကြောင်းကို အသိအမှတ်ပြုပြောကြားလိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၏ ခေတ်အဆက်ဆက် ဦးဆွေးဆံမြည့်၊ သက်စွန့်ကြိုးပမ်း၊ သစ္စာရှိရှိ တာဝန်ထမ်းဆောင်ခဲ့မှုများကြောင့် နိုင်ငံတော်မှ ဘွဲ့ထူး ဂုဏ်ထူး၊ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့/တံဆိပ်/လက်မှတ်

များကို သီဟသူရ ၁ ဦး၊ သူရဘွဲ့ ၁၆ ဦး၊ သူရဲကောင်းမှတ်တမ်း ဝင် ၆၅ ဦး အပါအဝင် အရာရှိ၊ စစ်သည် ၄၁၆ ဦးအား ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း၊ တပ်မတော်(ရေ) အနေဖြင့် (၇၅) နှစ်တာကာလဖြတ်သန်းလာရသည့် သက်တမ်းတစ်လျှောက်ရရှိခဲ့သည့် အတွေးအမြင်၊ အတွေ့အကြုံများ၊ စိုက်ထူခဲ့သည့်သမိုင်းမှတ်တိုင်များကြောင့် "ရေမြင့်၍ ကြာတင့်သည့်ပမာ" ဒေသတွင်းရေတပ်များနှင့် ရင်ပေါင်တန်း နိုင်သည့်အဆင့်အထိ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ပင်လယ်ကို ထိရောက်စွာကာကွယ်နိုင်ရေးနှင့် ဒေသတွင်းရေတပ်များနှင့် ရင်ပေါင်တန်းနိုင်ရေး (၇၅)နှစ်တာခရီးကို အောင်မြင်စွာ ဖြတ်ကျော်လျှောက်လှမ်းခဲ့ကြကြောင်း၊ ယနေ့အချိန်၌ သုံးဘက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့် ရေတပ် (Three Dimensional Combat Ready Navy)အဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရသည့် ပြည်သူက အားကိုးရသည့် တပ်ဖွဲ့ကြီးတစ်ခုအဖြစ် ခန့်ညားထည်ဝါစွာရပ်တည်နိုင်ခဲ့ပြီဖြစ်ကြောင်း။

အဓိကမှာကြားလိုသည်မှာ လက်ဆင့်ကမ်းပုံခုံးပြောင်းတာဝန်ထမ်းဆောင်ကြမယ့် မျိုးဆက်သစ်အရာရှိ၊ စစ်သည်များအနေဖြင့်လည်း မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများကာကွယ်ရေးအတွက် "လှေခွက်ချည်းကျန်အလံမလှဲ" စိတ်ဓာတ်နှင့် ကျောချင်းကပ်ရင်ချင်းအပ်ပြီး "မြန်မာ့ပင်လယ်ဒို့ကာကွယ်" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်းပြောကြားသည်။

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။

■ ■ ■

(၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းတပ်တော်ဝင်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

(၂၄ - ၁၂ - ၂၀၂၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော် (ရေ)၏ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော် (ရေ) နှစ်ပတ်လည်နေ့တွင် နိုင်ငံတော်၏ရေကြောင်းဆိုင်ရာအကျိုးစီးပွားများနှင့် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးနေ့အား အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းတပ်တော်ဝင်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ အမှတ်(၃)ရေတပ်ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီးဒေါ်ကြူကြူလှ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့်ဇနီးများ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV၊ ရုရှားတပ်မတော် ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral IGOR MUKHAMETSHIN နှင့်အဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၊ မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားအစီအစဉ်အရ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်က တပ်တော်ဝင်စစ်ရေယာဉ်ဆိုင်ရာအချက်အလက်များအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးက ဗျူဟာစစ်ရေယာဉ်စုမှူးထံ စစ်ရေယာဉ်များနှင့်ပတ်သက်သော စာရွက်စာတမ်းများကိုလည်းကောင်း၊ ပမ္ဘဝတီ ရေတပ်စခန်းဌာနချုပ်မှူးက မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ်ထံ တပ်မတော်(ရေ)မှ လွှဲပြောင်းပေးအပ်သည့် စစ်ရေယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကိုလည်းကောင်း လွှဲပြောင်းပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ်စစ်ရေယာဉ်ပုံစံငယ်များနှင့် (၆၅)နှစ်မြောက် တပ်မတော်(ရေ)နေ့မှ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နေ့ အထိ ၁၁ နှစ်တာကာလအတွင်း တပ်တော်ဝင်၊ တိုးတက်ဖွံ့စည်းခဲ့သည့် စစ်ရေယာဉ်များ၏ အမှတ်တရအထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(ရေ)က တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ် ကြေညာခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ)အလံလွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်း(၈)ချက်တီးခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များ သည် တပ်တော်ဝင်စစ်ရေယာဉ်များဖြစ်သော အမြန်သွား ကင်းလှည့်ရေယာဉ်နှစ်စင်းအပါအဝင် တပ်ဖွဲ့တင်ကမ်းထိုးရေယာဉ်နှစ်စင်းနှင့် ရေသယ်ရေယာဉ်တစ်စင်း၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်သည့်တပ်တော်ဝင်သော ရေယာဉ်များနှင့် ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲသိန်သူ)တို့ကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင်မှတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်(မုတ္တမ)ပေါ်ရှိ အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးသည်။ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူနေစဉ် စစ်ရေယာဉ်(ရန်တိုင်းအောင်)နှင့် စစ်ရေယာဉ်(ရန်ကြီးအောင်)တို့က အမြောက်(၂၁)ချက်ပစ်ဖောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုကြသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဖရီးဂိတ်စစ်ရေယာဉ်(အောင်ဇေယျ)ဦးဆောင်သော ဖရီးဂိတ်စစ်ရေယာဉ်(ကျန်စစ်သား)၊ ဖရီးဂိတ်စစ်ရေယာဉ်(ဆင်ဖြူရှင်)၊ ကော်ဗက်စစ်ရေယာဉ် (တပင်ရွှေထီး)နှင့် ကမ်းလွန်ကင်းလှည့်ရေယာဉ်(အင်းလေး) နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ အမြန်သွားကင်းလှည့်ရေယာဉ်တို့က Single Line Formation ပုံစံဖြင့်လည်းကောင်း၊ အမြန်သွားတိုက်ခိုက်ရေးရေယာဉ်ရှစ်စင်းတို့က Line Abreast ပုံပြုပုံစံများဖြင့်လည်းကောင်း ပုံပြုမောင်းနှင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) က ဂုဏ်ပြုအလေးပြုပစ်ခတ်ထားသည့် ပထမဆုံးအမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုမောင်းနှင်ချီတက်အလေးပြုခဲ့ကြသည့် စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်တော်ဝင်ရေယာဉ်များတည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ယနေ့ကျင်းပပြုလုပ်သည့်အခမ်းအနားသည် တပ်မတော်(ရေ)၏ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့အခမ်းအနားဖြစ်သကဲ့သို့ တပ်မတော်(ရေ)အတွက် ပဉ္စမနှင့် ဆဋ္ဌမမြောက် Super Dvora အမြန်သွားကင်းလှည့်ရေယာဉ်များအပါအဝင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားဖြစ်ပြီး တပ်မတော်အတွက် ထူးခြားလေးနက်သည့်စွမ်းအားတစ်ရပ်ကို ထပ်မံဖြည့်ဆည်းပေးနိုင်သည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ ထို့ပြင်ပြည်ပမှ နည်းပညာလွှဲပြောင်းခဲ့ပြီး တပ်မတော်(ရေ)က ကိုယ်တိုင်တည်ဆောက်ခဲ့သည့် အမြန်သွားကင်းလှည့်ရေယာဉ်နှစ်စင်းအပါအဝင် တပ်ဖွဲ့တင်ကမ်းထိုးရေယာဉ်နှစ်စင်းနှင့် ရေသယ်ရေယာဉ်တစ်စင်းတို့ကို အောင်မြင်စွာ

တပ်တော်ဝင်နိုင်ခဲ့ကြောင်း။

တိုးတက်ထုတ်လုပ်နိုင်ခဲ့

တပ်မတော်(ရေ)ကို ယခင်ကစစ်ရေယာဉ်(မေယု)ဖြင့် စတင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှစ၍ အဆင့်ဆင့်ပြောင်းလဲ တိုးတက်လာခဲ့ကာ အမြန်သွားတိုက်ခိုက်ရေး ရေယာဉ်များမှတစ်ဆင့် ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲပြီး ကိုယ်တိုင်တည်ဆောက်နိုင်သည့် စစ်ရေယာဉ်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ လွန်ခဲ့သည့် (၇၅)နှစ်ကစပြီး အဆင့်ဆင့်တည်ဆောက်လာခဲ့သည်မှာ ယခုအခါ ဒုံးပျံတင်ဖရီးဂိတ်စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ပြီး တိုက်ပွဲဝင်နိုင်စွမ်းအဆင့်ရောက်ရှိအောင် မိမိတို့ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးအာမခံချက်မှာ စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးအင်အားစု တည်ဆောက်ပိုင်ဆိုင်ခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ကို တည်ဆောက်ရာတွင် အဆင့်လိုက်မျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အထိ အပြည့်အဝကာကွယ်နိုင်သည့် သုံးဘက်မြင်စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy)အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိမြန်မာ့ပင်လယ်ပြင်နှင့်ဆက်စပ်ပင်လယ်ပြင်များသို့ အင်အားဖြန့်ကြက်နိုင်စွမ်းရှိသည့်ရေတပ် (Adjacent Force Projection Navy/ Regional Navy) အဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ ရေရှည်မျှော်မှန်းချက်အနေဖြင့် မိမိအကျိုးစီးပွားများဆက်စပ်တည်ရှိရာ ရေပြာသို့ အင်အားပို့လွှတ်နိုင်သည့်ရေတပ် (Blue Water Navy Ambition) အဖြစ် မျှော်မှန်းတည်ဆောက်သွားမည်ဖြစ်ကြောင်း။

ရေယာဉ်များ တည်ဆောက်ဖြည့်တင်းခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ရေတပ်သင်္ဘောကျင်းဌာနချုပ်ကို အဆင့်ဆင့် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း၊ ရေယာဉ်တည်ဆောက်မှု အတွေ့အကြုံများပြားလာသည်နှင့်အမျှ အရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ကြောင်း၊ စွမ်းရည်ထက်မြက်သည့် တိုက်ပွဲဝင်စစ်ရေယာဉ်များဖြစ်စေရေးအတွက် စစ်ရေယာဉ်တစ်စင်းချင်းစီ၏

နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးအာမခံချက်မှာ စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးအင်အားစု တည်ဆောက်ပိုင်ဆိုင်ခြင်းပင်ဖြစ်၊ တပ်မတော် (ရေ) ကို တည်ဆောက်ရာတွင် အဆင့်လိုက် မျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အထိ အပြည့်အဝကာကွယ်နိုင်သည့် သုံးဘက်မြင်စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy) အဆင့်သို့ ရောက်ရှိနေပြီဖြစ်၊ ဒုတိယအဆင့်အနေဖြင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မြန်မာ့ပင်လယ်ပြင်နှင့်ဆက်စပ်ပင်လယ်ပြင်များသို့ အင်အားဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ် (Adjacent Force Projection Navy/ Regional Navy) အဖြစ်တည်ဆောက်လျက်ရှိ၊ ရေရှည်မျှော်မှန်းချက်အနေဖြင့် မိမိအကျိုးစီးပွားများဆက်စပ်တည်ရှိရာ ရေပြာသို့ အင်အားပို့လွှတ်နိုင်သည့်ရေတပ် (Blue Water Navy Ambition) အဖြစ် မျှော်မှန်းတည်ဆောက်သွားမည်ဖြစ်။

စွမ်းဆောင်နိုင်မှုများ တိုးတက်ကောင်းမွန်လာစေရေး ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ စစ်ရေယာဉ်တည်ဆောက်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်အားလုံးကို ချီးကျူးမှတ်တမ်းတင်ဂုဏ်ပြုကြောင်း။

တစ်ဖက်တွင်လည်း ဒုတိယအဆင့် မြန်မာ့ပင်လယ်ပြင်နှင့်ဆက်စပ်ပင်လယ်ပြင်များသို့ အင်အားဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ်(Adjacent Force Projection Navy/ Regional Navy) ဖြစ်ရန် ပင်လယ်ပြင်တွင် ရေရှည်ရပ်တည်နိုင်စွမ်းရှိပြီး တိုက်စွမ်းအား ပြည့်ဝသည့် စစ်ရေယာဉ်ကြီးများရှိမှသာ အကောင်အထည်ဖော် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်ရည်မှန်းချက်ကို ပြည့်မီရန်ဒေသတွင်း အင်အားဖြန့်ကြက် နိုင်စွမ်းရှိသည့် စစ်ရေယာဉ်ကြီးများကို ဆက်လက်တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

ရေပြာသမုဒ္ဒရာများဆီသို့

မိမိတို့နိုင်ငံသည် ပင်လယ်ပြင်အကျယ်အဝန်း စတုရန်းရေမိုင် ၁၄၀၀၀၀ ကျော်ရှိပြီး ကမ်းရိုးတန်းအရှည် ရေမိုင် ၁၃၀၀ ခန့်ရှိသည့်အတွက် ဆိပ်ကမ်းကြီးများနှင့် ပင်လယ်ပြင်ဆက်သွယ်ရေးလမ်းကြောင်း (Sea Line of Communication) များကို အပြည့်အဝအသုံးချပြီး သမုဒ္ဒရာဖြတ်ကျော်ရေကြောင်းကုန်သွယ်မှုလုပ်ငန်း (Seaborne Trade)များကို ထိထိရောက်ရောက်ဖော်ဆောင်ရန် အခွင့်အလမ်းများရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ရေကြောင်းဆိုင်ရာ အမျိုးသားအကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ တတိယအဆင့် ရေရှည်မျှော်မှန်းချက်ဖြစ်သည့် မိမိတို့၏ အကျိုးစီးပွားများရှိရာ ရေပြာသမုဒ္ဒရာများဆီသို့ အင်အားပို့လွှတ်နိုင်သည့်ရေတပ် (Blue Water Navy Ambition) အဖြစ် အဆင့်လိုက် မျှော်မှန်းတည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)၏ ရည်မှန်းချက်အဆင့်တိုင်းကို အကောင်အထည်ဖော်ဆောင်နိုင်ရန် တိုက်စွမ်းရည်မြင့်မားသည့် စစ်ရေယာဉ်ကြီးများ လိုအပ်သကဲ့သို့ ယခုစစ်ရေယာဉ်ကြီးများကို ကိုင်တွယ်မောင်းနှင်နိုင်မည့် တိုက်စွမ်းရည်ပြည့်ဝသော ရေတပ်စစ်သည်တော်များဖြစ်စေရေး အမြဲတမ်းလေကျင့်နေရန် လိုအပ်မည်ဖြစ်ကြောင်း။

တိုက်စွမ်းရည်ပြည့်ဝစေရန်အတွက် တိုက်ပွဲဝင်စစ်ရေယာဉ်များတွင် တာဝန်ထမ်းဆောင်မည့် စစ်သည်တော်များကိုလည်း အရည်အချင်းပြည့်ဝသည့် စစ်သည်တော်ကောင်းများဖြစ်အောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ထိုသို့လေ့ကျင့်သည့်အခါတွင် တစ်ဦးချင်းအရည်အချင်းတိုးတက်စေရန်အတွက် ပြည်တွင်းသင်တန်းများ၌ ထူးချွန်စွာအောင်မြင်ကြသည့် အရာရှိ၊ စစ်သည်များကို ပြည်ပနိုင်ငံများသို့ စေလွှတ်တက်ရောက်စေလျက်ရှိရာ ရှရှား၊ တရုတ်၊ အိန္ဒိယ စသည့်နိုင်ငံများအပါအဝင် နိုင်ငံအများအပြားသို့အရာရှိ စစ်သည်များ စေလွှတ်တက်ရောက်စေခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်မှစတင်ပြီး ပြည်တွင်းဌ၌လည်း Mobile Training Team နည်းပြများအား ခေါ်ယူသင်ကြားစေလျက်ရှိရာ အရာရှိ၊ စစ်သည်အများအပြားကို လေ့ကျင့်သင်ကြား ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရေတပ်သားများ လေ့ကျင့်ရေးဆိုင်ရာ တိုးတက်မြင့်မားစေရန် အတွက် လေ့ကျင့်ရေးသင်ထောက်ကူ Simulator နှင့် Trainer များ ဖြည့်ဆည်းပေးခြင်း၊ လေ့ကျင့်ရေးအထောက်အကူပြု အဆောက်အအုံများ တိုးချဲ့တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အဖွဲ့လိုက်စွမ်းရည် တိုးတက်စေရေးအတွက် ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်းများ၊ Sea Shield လေ့ကျင့်ခန်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးတွဲကင်းလှည့်မှုလေ့ကျင့်ခန်းများ၊ ပြည်ပနိုင်ငံများနှင့် ရေကြောင်းလုံခြုံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလေ့ကျင့်ခန်းများကို နှစ်စဉ်ပုံမှန်ဆောင်ရွက်စေလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံတကာရေတပ်များနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေသကဲ့သို့ တပ်ဖွဲ့အချင်းချင်း အတွေ့အကြုံများဖလှယ်နိုင်ခြင်း၊ အပြန်အလှန်ယုံကြည်မှုရရှိစေနိုင်ခြင်း၊ ပင်လယ်ပြင်တာဝန်ထမ်းဆောင်နိုင်မှုအတွေ့အကြုံ၊ သမုဒ္ဒရာဖြတ်ကျော်မောင်းနှင်ရသည့်အတွေ့အကြုံများရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေကြောင်း၊ လူစွမ်းအားအရင်းအမြစ်နှင့်ပတ်သက်ပြီး အမျိုးသားအရာရှိ၊ စစ်သည်များသာမက အမျိုးသမီးအရာရှိ၊ စစ်သည်များကိုပါ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ အမျိုးသမီး အရာရှိ၊ စစ်သည်များကို စစ်ရေယာဉ်များတွင် တာဝန်ပေးအပ်ပြီး ပင်လယ်ပြင်စစ်ဆင်ရေးနှင့် လေ့ကျင့်ရေးများတွင်ပါ လက်ရှိတာဝန်ထမ်းဆောင်နေပြီဖြစ်ကြောင်း။

ကြိုးပမ်းသွားရန်လို

ယနေ့တပ်တော်ဝင်ခဲ့သည့် Super Dvora အမြန်သွားကင်းလှည့် ရေယာဉ်များကို ပြည်ပမှနည်းပညာလွှဲပြောင်းရယူခဲ့ပြီး တပ်မတော်(ရေ) အင်ဂျင်နီယာပညာရှင်များကိုယ်တိုင် နည်းပညာမြင့်တည်ဆောက်နိုင်ခဲ့သည့် ရေယာဉ်များဖြစ်ပြီး ရေမိုင် ၄၀ ကျော် မြန်နှုန်းမြင့်ခုတ်မောင်းနိုင်

ပင်လယ်ပြင်သည် နိုင်ငံတော်၏အနာဂတ် အကျိုးစီးပွားကို ပုံဖော်နေသည့်အတွက် ပင်လယ်ပြင်ကို ကာကွယ်စောင့်ရှောက်ရေး၌ တပ်မတော် (ရေ) ၏ အဓိကတာဝန်ဖြစ်၊ ခေတ်အဆက်ဆက် မြန်မာ့ပင်လယ်ပြင် ရေကြောင်းလုံခြုံရေးအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် တပ်မတော်(ရေ)သည် ယခုအခါ (၇၅) နှစ်မြောက် စိန်ရတုသို့ ရောက်ရှိခဲ့ပြီဖြစ်၊ သမိုင်းကြောင်း တစ်လျှောက် တပ်မတော်(ရေ)၌ တာဝန် ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်(ရေ)၏ ပဲ့ကိုင်ရှင်များ၊ လက်တွဲဆောင်ရွက်ခဲ့ကြသည့် စစ်သည်တော်များ၏ ကြိုးပမ်းတည်ဆောက်ခဲ့မှုအစဉ်အလာကောင်းများကြောင့် နိုင်ငံတော်နှင့် တပ်မတော်ကအားထားရသည့် ပြည်သူက အားကိုးရသည့်စွမ်းအားနှင့် စွမ်းရည်ပြည့်ဝသော ရေတပ်တစ်ခုအဖြစ်သို့ တက်လှမ်းနေပြီဖြစ်။

ကာ ရန်သူ့ရေတပ်ဖွဲ့ကို Swarming Tactics နှင့် ကြားဖြတ်တိုက်ခိုက်ရေးတာဝန်များကိုပါ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ကျွန်းပေါင်း ၁၄၀၀ ကျော်ရှိသည့် ကမ်းရိုးတန်းရေပြင်တွင် မည်သည့်ကျူးကျော်မှုမျိုးကိုမဆို ကျွန်းကြိုကျွန်းကြားမှ စစ်နည်းဗျူဟာမြောက်မြန်နှုန်းမြင့်မောင်းနှင်ပြီး တားဆီးချေမှုန်းတိုက်ခိုက်နိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ Super Dvora တည်ဆောက်ခဲ့သည့် အတွေ့အကြုံများစွာရှိပြီးဖြစ်သဖြင့် ယခုထက် အရွယ်ပမာဏပိုမိုကြီးမားပြီး စွမ်းဆောင်ရည်မြင့်သည့်သင်္ဘောမျိုး တည်ဆောက်နိုင်ရန်အတွက် ကြိုးပမ်းသွားရန်လိုကြောင်း။

မျက်မှောက်ခေတ်ကြုံတွေ့နေရသည့် စစ်ဆင်ရေးသဘောသဘာဝအရ တပ်မတော်(ရေ)အနေနဲ့ သမားရိုးကျ စစ်ဆင်ရေးများအတွက် ပင်လယ်ပြင်တိုက်ပွဲဝင်နိုင်ရေး (Open Sea Battle) ကိုပြင်ဆင်နေရသကဲ့သို့ လက်ရှိလုံခြုံရေးအခြေအနေများအရ မြစ်တွင်းစစ်ဆင်ရေးကိုလည်း အထူးအလေးထားဆောင်ရွက်လာရကြောင်း၊ ယခုတပ်တော်ဝင်သည့် ၂၃ မီတာ တပ်ဖွဲ့တင်ကမ်းထိုးရေယာဉ်များကို မြန်မာ့ရေမြေလိုအပ်ချက်အတိုင်း ဆန်းသစ်တီထွင်ကာ ပိုမိုတောင့်တင်းခိုင်မာသည့် Armor Plate များနှင့် တည်ဆောက်ထားခြင်းဖြစ်ပြီး မြစ်တွင်းစစ်ဆင်ရေး၊ လုံခြုံရေးနှင့်တပ်ဖွဲ့တင်တိုက်ခိုက်ရေးတာဝန်များထမ်းဆောင်နိုင်ရေးအတွက် အဓိကရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ယခုစစ်ရေယာဉ်များပေါ်တွင် ခြေလျင်တပ်ဖွဲ့များတင်ဆောင်ပြီး ရေကြောင်းပစ်ကူပေးနိုင်ရန်နှင့် ကမ်းထိုးကမ်းတက်စစ်ဆင်ရေးများဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး တည်ဆောက်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ထို့အပြင် စစ်ရေယာဉ်(မုတ္တမ)ပေါ်သို့တင်ဆောင်ကာ ဘက်စုံသုံးတပ်ဖွဲ့တင် ကမ်းထိုးရေယာဉ်တာဝန်များကိုပါ ထမ်းဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ ဧရာဝတီ၊ ချင်းတွင်းနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ရှည်လျားလှသည့်မြစ်ကြီးများအတွင်း ရေကြောင်းလုံခြုံရေးများ၊ စစ်ဆင်ရေးများ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ရေတိမ်မြစ်တွင်းသွားစစ်ရေယာဉ်များကိုလည်း တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

တည်ဆောက်ပေးလျက်ရှိ

ဟန်ချက်ညီသည့် ရေတပ်တစ်ခုတည်ဆောက်ရာတွင် သီးသန့်စီးပွားရေးဇုန်ကာကွယ်နိုင်ရေး၊ ကမ်းရိုးတန်းရေပြင်နှင့် မြစ်တွင်းစစ်ဆင်ရေးများကိုပါ ဆင်နွှဲနိုင်ရေးအတွက် ဖရီးဂိတ်စစ်ရေယာဉ်ကြီးများ၊ ကော်ဗက်စစ်ရေယာဉ်များအပါအဝင် အမြန်သွားကင်းလှည့်ရေယာဉ်၊ တပ်ဖွဲ့တင်ကမ်းထိုးရေယာဉ်၊ အုပ်ချုပ်ထောက်ပံ့ရေးရေယာဉ်များကိုပါအချိုးအစားမျှတစွာလိုက်လျောညီထွေရှိအောင် စနစ်တကျတည်ဆောက် ပေးလျက်ရှိကြောင်း။

ပင်လယ်ပြင်သည် နိုင်ငံတော်၏အနာဂတ် အကျိုးစီးပွားကို ပုံဖော်နေသည့်အတွက် ပင်လယ်ပြင်ကို ကာကွယ်စောင့်ရှောက်ရေး၌ တပ်မတော်(ရေ)၏ အဓိကတာဝန်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် မြန်မာ့ပင်လယ်ပြင် ရေကြောင်းလုံခြုံရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် တပ်မတော်(ရေ)သည် ယခုအခါ

(၇၅)နှစ်မြောက်စိန်ရတုသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ သမိုင်းကြောင်းတစ်လျှောက် တပ်မတော်(ရေ)၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်(ရေ)၏ ပဲ့ကိုင်ရှင်များ၊ လက်တွဲဆောင်ရွက်ခဲ့ကြသည့် စစ်သည်တော်များ၏ ကြိုးပမ်းတည်ဆောက်ခဲ့မှုအစဉ်အလာကောင်းများကြောင့် နိုင်ငံတော်နှင့် တပ်မတော်ကအားထားရသည့် ပြည်သူက အားကိုးရသည့် စွမ်းအားနှင့်စွမ်းရည်ပြည့်ဝသော ရေတပ်တစ်ခုအဖြစ်သို့ တက်လှမ်းနေပြီဖြစ်ကြောင်း။

ယနေ့အခါသမယတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များအနေဖြင့် ရှိရင်းစွဲသမိုင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)၌ ပါဝင်ထမ်းဆောင်ခွင့်ရရှိသူများအဖြစ် ဂုဏ်ယူဝင့်ကြွားစွာဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းထမ်းဆောင်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

■ ■ ■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-698284-6-1
9 789998 698284 >